www.burmeseclassic.com

# မောင်သာမြှည့်

## ချစ်သူ့အရပ်

BURMESE CLASSIC .com



အသစ်စက်စက်လုံးချင်းဝတ္ထု

min myint khaing

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၈၄၀၁၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၆၉၁၀၀၈
မျက်နှာဖုံးဒီဇိုင်း ◆ မင်းမြင့်နိုင်
အတွင်းစာစီ ◆ မြစ်ခွဲဇွန်းကွန်ပျူတာ
ထုတ်ဝေသည့်ရက် ◆ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ
အကြိမ် ◆ ပထမအကြိမ်
အုပ်ရေ ◆ ၅၀၀
ထုတ်ဝေသူ ◆ ဦးသန်းမြင့်(၀၁၀၄၀)၊ လင်းလင်းစာပေ
အမှတ်(၄/၂၉)၊ မြဝတီမင်းကြီးလမ်း၊
၁၀-မိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်သူ ◆ ဦးဇော်မင်း (W!zard)၊
အမှတ်(၁၉၈)၊ ၃၃-လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပုံနှိပ် ◆ ဦးတိုးဝင်း(၀၂၄၃၁)၊
နေလရောင်အော့ဖ်ဆက်၊ (၉၆/ခ)၊
၁၁-လမ်း၊ ရန်ကုန်မြို့။
စာအုပ်ချုပ် ◆ ပပစိုးနှင့်အဖွဲ့
တန်ဖိုး ◆ ၅၀ ကျပ်

မောင်သာပြည့်

# ချစ်သူအရုပ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

BURMESE CLASSIC .com

ဟာသဝတ္ထုမဟုတ်ပါဘူး
ဖတ်ပြီးရယ်မော ပျော်ရွှင်ရတယ်ဆိုရင်
သည်ပျော်စရာဝတ္ထုလေးကို
ကျွန်တော် ရေးရကျိုးနပ်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com

(၁)

စက်ဘီးကို ပုံမကျ ပန်းမကျ နင်းလာတာမြင်ကတည်း
က 'ချစ်ဦးမောင်' မျက်မှောင်ကို ကြုတ်ပစ်လိုက်၏။ သူ
မျက်မှောင်ကြုတ်သည်ကို မြင်သည့် ထွန်းလှဘော်က··

'သည်လောက်တောင် မျက်မှောင်ကြီးကြုတ်ပြီး ဘာ
ကို ကြည့်နေတာလဲ'

'ဟိုမှာလေ ပြဿနာကောင်၊ စက်ဘီးကို မနိုင်မနင်း
နင်းလာတာ'

ထွန်းလှဘော်က လှမ်းကြည့်ပြီး···

'အောင်စံဖြူပဲ'

'အေးလေ၊ မင်းနဲ့ငါသောက်တဲ့ ဘီယာဆိုင်ကို ဒီ
ကောင်ပဲသိတာ၊ ပြဿနာမပါရင် ဒီကောင်က ရောက်လာတတ်
တာမဟုတ်ဘူး၊ အိမ်မှာ ပြဿနာတစ်ခုခုတော့ ရှိနေပြီထင်
တယ် ထွန်းလှဘော်'



www.burmeseclassic.com

www.burmeseclassic.com



'ရှိလည်း ပြဿနာက မင်းပြဿနာနေမှာပဲ၊ မင်း ပြဿနာပျောက်ဘဲနဲ့တော့ အောင်စံဖြူ ရောက်မလာဘူး'

သောက်ထားသည့် ဘီယာကလေး၏ အရသာပင် ဘယ်ကိုပျောက်သွားပြီမသိ။ ကြည့်နေတုန်းမှာပင် အောင်စံဖြူ ဆိုင်ရှေ့ရောက်လာသည်။ ဆိုင်ရှေ့မှာ စက်ဘီးရပ်တော့လည်း ကိုးရိုးကားရား။ ဒီကောင်၏ အရပ်ပုပုပျပ်ပျပ်ကို သူ စိတ်မရှည်ခဲ့တာကြာပြီ။

'အစ်ကိုလေး… အစ်ကိုလေး'

'ဟော့ကောင် ငါတို့ ဒီဘက်ထောင့်မှာ အပြင်ကနေ ခွတ်ချောင်းနေနဲ့၊ မင်းလာတာကို အဝေးကတည်းက ငါမြင်တယ်'

'တွေ့မှတွေ့ပါ့မလားလို့ အစ်ကိုလေးရာ၊ စိတ်တပူပူနဲ့ စက်ဘီးနင်းလာရတာ'

ဒီကောင် အမောတကောနှင့် ဆိုင်ထဲဝင်လာ၏။ သူက တော့ အောင်စံဖြူ မျက်နှာကိုသာ စိုက်ကြည့်သည်။

'ပြဿနာကတော့ ကမ္ဘာကြီးနဲ့ကိုချီတာ အစ်ကိုလေး ရေ၊ မမကြီးရဲ့ ယမ်းပုံမီးကျဒေါသကို သည်တစ်ခါပဲ မြင်ဖူး ပါရဲ့ဗျာ'





'ဒီမယ် အောင်စံဖြူ၊ မင်း ငါ့ကို စကားပြောမှာ ကမ္ဘာကြီးနဲ့လာချီမနေနဲ့၊ ပြောမယ့်စကားကို ငါ နားလည်အောင် ပြော'

'ရင်တွေပူလွန်းလို့ အစ်ကိုလေးရာ၊ ရေအေးအေးလေး တစ်ခွက်လောက်ရရင် သောက်ပါရစေ'

'ရေခဲရေတော့ မရဘူး၊ အေးအေးကလေးသောက်ချင် ရင်တော့ တို့သောက်တဲ့ ဘီယာကိုသာ ယူမော့တော့ အောင်စံ ဖြူ'

ယင်းစကားကို ထွန်းလှဘော်က ဝင်ပြော၏။ ဒါကို ဒီကောင်က ဘီယာပုလင်းကြည့်လိုက်၊ သူ့မျက်နှာကြည့်လိုက် နှင့် လုပ်သေးသည်။ သူခပ်တည်တည် လုပ်ထားတော့ အောင် စံဖြူ ပုလင်းကို မကိုင်ရဲ။

'မသောက်တော့ပါဘူးဗျာ'

'လုပ်ပါကွ'

'မလုပ်ပါရစေနဲ့ ကိုထွန်းလှဘော်ရယ်၊ လုပ်လိုက်မှ အစ်ကိုလေး နားရင်းထချလို့ နေရာမှာပွဲချင်းပြီးနေပါဦးမယ်'

အောင်စံဖြူက သူ့ကိုချစ်သလောက် သံယောဇဉ်ကြီး သလောက် သူ့ကိုလည်း အသေအလဲ ကြောက်သည်။ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



သူ့အိပ်ခန်းထဲ ရေခဲသေတ္တာမှာထည့်ထားသည့် ဘီယာဘူးကို နှိုးသောက်သဖြင့် သူ နားရင်းထကျင်းခဲ့သည်ကို အောင်စံဖြူ သတိရနေဟန်တူ၏။

'ကဲ… ငါ မင်းကို စိတ်မရှည်ချင်တော့ဘူး အောင်စံဖြူ'

'ဘာကိုလဲ အစ်ကိုလေးရ'

'ငါ ထဆော်ရင်တော့ မင်းအော်သွားတော့မယ်၊ ခုထိ မမကြီးရဲ့ ယမ်းပုံမီးကျတဲ့ အကြောင်းကို မင်းငါ့ကို ဘာမှမပြောသေးဘူး'

'အာ… ဟုတ်ပါရဲ့ အစ်ကိုလေးရာ၊ သည်လိုအစ်ကိုလေးရ၊ ကိုတိုးကြီးက သူ့တပည့်တစ်ယောက်ကို လွှတ်ပြီး မမကြီးကို စာပေးခိုင်းတယ်၊ မမကြီးက စာကို ဖောက်ဖတ်ပြီး ယမ်းပုံမီးကျတော့တာပါပဲဗျာ'

ကိုတိုးကြီး အမည်ပါလာသဖြင့် သူ ဝေခွဲဖြစ်သွားသည်။ သို့သော်လည်း အဘက်ဘက်က ဖြစ်နိုင်ချေများကို စဉ်းစားပြီး…

'ကိုတိုးကြီးက မမကြီးကို ရည်းစားစာပေးလို့ မမကြီး ဒေါသူပုန်ထနေတာ ထင်တယ်'





'မဟုတ်ဘူး အစ်ကိုလေး၊ အထဲမှာ ငွေဆယ်သိန်းကိစ္စလည်း ပါတယ်ထင်တယ်၊ မမကြီးက ဘာဆယ်သိန်းလဲ၊ ညာဆယ်သိန်းလဲဆိုပြီး အော်နေတာ၊ ကျွန်တော့်ကိုလည်း ကိုဦးကို အမြန်ရှာခေါ်စမ်းဆိုလို့ ကျွန်တော် အစ်ကိုလေးဆီ အမောတကော လိုက်လာရတာ'

ငွေဆယ်သိန်းဆိုသည်နှင့် သူ့နားရင်းတွေ ထူပူသွားသည်။ သည်ပြဿနာသည် သူ့အတွက် မိုးမီးလောင်တော့မည်ကို ချစ်ဦးမောင် သိလိုက်၏။

'အိမ်မှာ ဖေဖေနဲ့မေမေ ရှိလား'

'သည်နေ့ တနင်္ဂနွေနေ့လေ၊ အဖေကြီးနဲ့ အမေကြီး ကျောက်ဆည်ကိုသွားတယ်၊ အိမ်မှာ မမကြီးနဲ့ မမလတ်ပဲရှိတယ်'

'မမလတ်က ဘာပြောနေလဲ'

'မမကြီးလက်ထဲက စာကိုယူဖတ်ပြီး ဒီကောင်လေး ဘာတွေရှုပ်ရှုပ်ယှက်ယှက် လုပ်ထားပြန်လဲမသိဘူးလို့ ပြောနေတယ်'

သူ ခေါင်းချွေးပင် ပြန်ချင်လာ၏။

'အေး… မင်းပြန်နှင့်တော့ အောင်စံဖြူ၊ ငါလိုက်လာခဲ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ကျွန်တော် တစ်ယောက်တည်း ပြန်လို့မဖြစ်ဘူး အစ်ကိုလေး'

'ဘာဖြစ်လို့လဲ'

'အစ်ကိုလေးကို မတွေ့တွေ့အောင်ရှာပြီး မရအရရှာခေါ်လာခဲ့တဲ့၊ တော်ကြာ အစ်ကိုလေးက လိုက်လာခဲ့မယ်ပြောပြီး ရောက်မလာရင် မမကြီးက ကျွန်တော့်ကို အာလူးသီးထအောင် ခေါင်းခေါက်မှာဗျ'

'ငါ အခုပြန်မှာ၊ ငါက ဆိုင်ကယ်နဲ့၊ အိမ်ကို မင်းအရင်တောင် ရောက်မှာ'

'သေချာတယ်နော် အစ်ကိုလေး'

သို့ လက်သီးပြင်တော့မှ အောင်စံဖြူ စက်ဘီးကို ဆွဲယူပြီး ပြန်သွားတော့၏။

'ဘာတွေလဲ ချစ်ဦးမောင်၊ ငွေဆယ်သိန်းကိစ္စရောနောက်ပြီး ကိုတိုးကြီး နာမည်လည်း ပါနေတယ်'

'နောက်မှရှင်းပြမယ် ထွန်းလှဘော်၊ လောလောဆယ်တော့ ငါ အိမ်အမြန်ပြန်မှဖြစ်မယ်၊ ပြဿနာကို ဖေဖေတို့ပြန်မရောက်ခင် ရှင်းထားမှဖြစ်မှာ၊ နို့မဟုတ်ရင် ဖေဖေ့ဒေါသနဲ့ ငါ ချောင်မှာမဟုတ်ဘူး'





ကျသင့်ငွေရှင်းပြီး သူနှင့် ထွန်းလှဘော် ထိုင်ရာမှ ထသည်။ နှစ်ယောက်လမ်းခွဲပြီး အိမ်နားရောက်ခါနီးမှ သူ့မျက်ခုံးနှစ်ဖက် တစ်ဆတ်ဆတ်ခုန်လှုပ်တော့၏။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## (၂)

မမကြီးက သူ့ကို မျက်နှာထားတင်းတင်းနှင့် ဆီးကြို သည်။ သူ ယုန်သူငယ်ပုံစံလေးနှင့် ညှော်ခန်းအဝင်မှာ…

'ထိုင်ပါဦး၊ မင်းနဲ့ငါ ရှင်းရမယ့်စာရင်းက ပေါ့ပေါ့ သေးသေးမဟုတ်ဘူးဆိုတာ မင်းနားလည်သဘောပေါက်ရမယ်'

'ပြဿနာပါပဲဗျာ'

'ဟဲ့… အဲဒီပြဿနာက ငါလုပ်တာမဟုတ်ဘူး၊ နင် လုပ်တာ အကောင်ရဲ့၊ နင်လုပ်တာ'

ပါးစပ်ကလည်း ပြောသည်။ လက်ကလည်းပါသည်။ သူ့ဘက်ကို တဆတ်ဆတ်ဆောင့်ဆွဲပြီး ဆက်တီပေါ် ခပ်ကြမ်း ကြမ်း ပစ်တွန်း၏။ သူ ဆက်တီပေါ်မှာ ထိုင်လျက်ဖြစ်သွား သည်။

'ကိုယ်ထိလက်ရောက် မလုပ်ပါနဲ့ဗျာ၊ အေးအေးသက် သာ ပြောရင်ရတဲ့ဟာကို'





'ဟဲ့… ခုကိစ္စက ရေခဲတုံးဖင်ခုထိုင်ပြီး ပြောရမယ့် ကိစ္စမဟုတ်ဘူး'

ယင်းစကားကို မမလတ်က ဝင်ပြောပါ၏။ သူရောက် သာခင်အချိန်မှာ ညီအစ်မနှစ်ယောက် ဘယ်လောက်ဒေါသ ကြီး ဖြစ်ခဲ့သည်ကို မျက်နှာတွေမြင်ကတည်းက သူသိ သည်။

'လေကုန်ခံပြီး စကားနဲ့ရှင်းမနေနဲ့ မမကြီး၊ ပါးကို ယ်ပြန်ညာပြန် ရိုက်ပစ်လိုက်၊ မမကြီးကို ခံတွန်တွန်လုပ်ရင် တ်ပါ ဝင်လုပ်မယ်'

'ခင်ဗျားတို့ ညီအစ်မနှစ်ယောက် ကျုပ်ကို အနိုင်မကျင့် နော်'

'အောင်မယ်… အောင်မယ်၊ ကြည့်စမ်း… ကြည့်စမ်း၊ စ်မလုပ်တဲ့သူတွေကိုများ သူက ခင်ဗျားတစ်လုံး ကျုပ်တစ် နဲ့ မိုက်ရိုင်းစော်ကားနေလိုက်တာ၊ ကဲဟယ်… ကဲဟယ်'

မမလတ်က ထံပါးသို့ ရုတ်တရက်ထလာပြီး ဆံပင် ကို ဆောင့်ဆွဲသည်။ မမကြီးက သူ့ကို ခြေထောက်နှင့်ဆောင့် နေသည်။ ညီအစ်မနှစ်ယောက်၏ ရက်စက်မှုကတော့ တကယ့် ကို ဘာဖွဲ့လို့မကုန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ အားရအောင်နှိပ်စက်ပြီးမှ မမကြီးက စာကို စားပွဲပေါ်သို့ ပစ်တင်ပေးပြီး…

'ဖတ်ကြည့်စမ်း'

ရင်တွေက ခုန်နေသလောက် စာကိုလှမ်းယူသည့်လက်က အရမ်းတုန်နေ၏။

မမကြီးထံ ရေးပို့သည့် ကိုတိုးကြီး၏ စာသည် သူ့အတွက်တော့ ဘယ်လိုမှ ကောင်းနိုင်လိမ့်မည်မဟုတ်။ ဒီလူပျိုကြီး ရူးကြောင်မူးကြောင်နှင့် ဘာတွေရေးထားသည်ကိုလည်း စိတ်က သိချင်နေသည်။

သူ စာရွက်ခေါက်လေးကို အသာဖြန့်လိုက်၏။

*ကေဇင်*

*အရေးတကြီး ငွေလိုလာလို့ တပည့်လေးကိုလွှတ်လိုက်ပါတယ်။ လွန်ခဲ့တဲ့တစ်လကျော်က ကေဇင်ကိစ္စတစ်ခုအတွ အသုံးပြုစရာအရေးပေါ်လို့ ငွေသယ်သိန်း ခဏလှည့်ပါ မောင်ချစ်ဦးမောင်ကို စကားပါးတုန်းက ကိုယ်အရမ်းကို အား နေခဲ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ နံနက်ခင်း ကိုယ်တကယ်ကို အဆင်မပြေခဲ့တာပါ ကေဇင်၊ ဒါပေမဲ့ ညနေ ပိုင်းမှာ ငွေပြန်ပေါ်လာလို့ ချစ်ဦးမောင်နဲ့ ငွေသယ်သိန်း ပေး*





*ရလိုက်တာကို ကိုယ်အရမ်းပျော်ရွှင်ခဲ့ရပါတယ်။*

*ခု တပည့်လေးကို လွှတ်လိုက်တာဟာ အကြွေးပြန် တောင်းတာ မဟုတ်ဘူးဆိုတာတော့ ယုံပေးပါနော်။ လိုအပ်ရင် လိုအပ်သလို ကိုယ့်ထံက ငွေကိုလှည့်ပါ။ လုပ်ငန်းကြီးသမား တွေ ရံဖန်ရံခါ သည်လိုကျပ်တည်းတတ်တဲ့သဘာဝ ရှိပါတယ်။*

*ဒါပါနဲ့ဆို ကိုယ် ကေဇင်ကို ကူညီခဲ့တာ သုံးကြိမ်သုံး ခါ ရှိပါပြီနော်။ ကျေးဇူးအတင်ခံချင်လို့ ထုတ်ဖော်တာမဟုတ် ပါဘူး။ ကေဇင့်ကို ခုလို ကူညီခွင့်ရတာကို အရမ်းပျော်နေရ တယ်ဆိုတာ ကေဇင် သိစေချင်လို့ပါ။*

*ကေဇင် ကျန်းမာပါစေ။ ချမ်းသာပါစေ။*

*ကိုတိုးကြီး*

စာဖတ်ပြီး သူ့ခေါင်း ကြီးသည်ထက် ကြီးလာရ၏။ ချွေးတွေကလည်း နဖူးပြင်ပေါ် ပြန်တက်လာသည်။

'သည်စာနဲ့ပတ်သက်ပြီး နင် ငါ့ကို ဘယ်လိုဖြေရှင်း ပြပေးမှာလဲ ချစ်ဦးမောင်'

သူ့နာမည် အပြည့်အစုံခေါ်ကတည်းက မမကြီး၏ ဒေါသည်မှုကြီးမားနေသည်ကို သူ သိသည်။ အဘယ်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော် မမကြီးနှင့်မမလတ်သည် သူ့ကို 'ကိုဦး' လို့ခေါ်နေကျ။ စိတ်မတွေ့လျှင်တော့ ချစ်ဦးမောင်တွေ ဘာတွေ ဖြစ်လာ၏။

'ပြောစမ်းပါ၊ ငါ ကိုတိုးကြီးဆီက ပိုက်ဆံကို သုံးကြိမ်သုံးခါမပြောနဲ့ တစ်ကြိမ်တစ်ခါတောင် ချေးခဲ့ဖူးလို့လား၊ နောက်ပြီး ငါတို့အဆင့်အတန်းက သူများဆီက ငွေလှည့်ယူရတဲ့ အဆင့်အတန်းလားဟဲ့'

စကားလုံးကတော့ ပြင်းထန်စ ပြုလာပြီ။ မမလတ်ကလည်း သူ့ကို စားမတတ် ဝါးမတတ် ကြည့်နေ၏။

'စာထဲမှာ ပါလိုက်သေးတယ်၊ ခုလို ကူညီခွင့်ရတာကို အရမ်းပျော်နေရတယ်တဲ့၊ နောက်ပိုးရှူးကြီး၊ ငါ့ဆိုင်ရှေ့က ဖြတ်သွားရင် မျက်နှာက ပြုံးစိစိနဲ့၊ ဒါတွေဟာ နင့်လက်ချက်ကို ချစ်ဦးမောင်ရဲ့'

ပြောလဲပြော၊ ဆံပင်ကိုလည်း ဆတ်ခါဆတ်ခါ ဆောင့်ဆွဲသည်။ မမလတ်ကလည်း…

'အစ်မတွေရဲ့ သိက္ခာကို နင်ချလိုက်တာပဲချစ်ဦးမောင်'

ဟုဆိုပြီး ပေါင်တွင်းကြောကို လိမ်ဆွဲပြန်၏။

'အာ… နာတယ်ဗျာ၊ မမကြီးကို ကျွန်တော့်ကို ဝိုင်းပြီး အနိုင်ကျင့်နေတာပဲ'





'ဟင်… အနိုင်ကျင့်ရုံမကဘူး၊ နင့်ကို အသေသတ်ပစ်ဖို့တောင် ကောင်းတာ၊ ငွေဆယ်သိန်းတဲ့၊ အဲဒီငွေဆယ်သိန်းကလေ တို့ညီအစ်မနှစ်ယောက် အလှပြင်ပစ္စည်း ဝယ်သလောက်ပဲရှိတယ်ဆိုတာ နင် သိတယ်၊ ကဲ… ပြောစမ်း၊ နင်က ငါ့နာမည်ကို အလွဲသုံးစားလုပ်ပြီး သူ့ဆီကပိုက်ဆံကို ဘာလို့အကြိမ်ကြိမ်အခါခါ ချေးရတာလဲ'

သူ ရှင်းပြမှဖြစ်တော့မည်။ ရှင်းပြတယ်ဆိုတာကလည်း တကယ်တော့ ဘာမှအဓိပ္ပာယ်ရှိသည်မဟုတ်။ အကျိုးကြောင်းလောက်သာ ပြောရမှာဖြစ်သည်။ သည်အကျိုးကြောင်းကလည်း မမကြီး ဘယ်လိုမှ လက်ခံမည်မဟုတ်မှန်း သိ၏။

'ကျွန်တော် သည်လထဲမှာ စူပါကပ်သုံးစီးလောက် အရောင်းအဝယ်ဖြစ်တယ် မမကြီးရာ၊ အဲဒါ လက်တလော ငွေလိုတာနဲ့ ကိုတိုးကြီးဆီက လှည့်တာပါ'

'အေး… ငွေလှည့်ရင် နင့်နာမည်နဲ့ လှည့်ပါလား၊ ငါ့နာမည်ကို ဘာလို့အလွဲသုံးစားလုပ်ရတာလဲ'

'ကိုတိုးကြီးက မမကြီးက သဘောကျနေတာ'

'တော်… တိတ်စမ်း၊ အောက်တန်းကျတဲ့စကားတွေ ငါ မကြားချင်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



သူ စကားကို မဆက်ဝံ့တော့ဘဲ ငြိမ်ကုပ်နေလိုက်ရ၏။ မမလတ်ကတော့ သူ့ကို မျက်စောင်းတဝင့်ဝင့်။

'မန္တလေးမြို့လယ်ခေါင်မှာ စိန်ရွှေရတနာဆိုင်ကြီးကို ဂုဏ်နဲ့ဒြပ်နဲ့ဖွင့်လာတာ၊ ခုတော့ဟယ် ငွေဆယ်သိန်းနဲ့ သိက္ခာကျလိုက်တာ၊ ဒီမယ် ချစ်ဦးမောင်...'

'ဟုတ်ကဲ့... ပြောပါ မမကြီး'

'နင့်ကိစ္စကို ဒီနေ့ပြီးပြတ်အောင်ရှင်း၊ နောက်တစ်ခါ စာနဲ့ပေနဲ့ လုပ်လာရင် နင့်ကိုတိုးကြီးကို ငါ ကိုယ်တိုင် သွားရိုက်မယ်'

'မလတ်ပါ လိုက်မယ် မမကြီး'

'မမလတ်ကလည်းဗျာ၊ ဝင်ဝင်ပါနေတော့တာပဲ'

'ဟဲ့... ငါတို့က ညီအစ်မ'

'ကျွန်တော်ကရော'

'နင်က ကလိမ်ကကျစ်ကောင်'

စာရင်းချုပ်တော့ သူ့ဆံပင်မွေး ဆယ်ချောင်းလောက်ကျွတ်ပြီး ပေါင်မှာအညိုအမည်းကြီး စွဲသည့်ဒဏ်ကို ရလိုက်ခြင်းပါပဲ။



(၃)

'ဒါတော့ ကိုတိုးကြီးက ဘလိုင်းကြီးကွာ၊ တကယ်ဆို မင်းကတစ်ဆင့် ပြန်တောင်းသင့်တာပေါ့'

'အေးလေကွာ၊ မမကြီးဆီကို စာတတန် ပေတတန်နဲ့ သူ့တပည့်ကို လွှတ်ရတယ်လို့'

အကျိုးအကြောင်းအားလုံးကို သူက ထွန်းလှဘော်ကို လက်ဖက်ရည်ဆိုင်မှာ ပြောပြသည်။

'မင်းကလည်းကွာ၊ ကြုံကြုံဖန်ဖန် မမကြီးက ချေးခိုင်းတယ်ဆိုပြီး သွားပြောရသေးတယ်'

'အဲသလို ပြောမှ နောကြီးက ပေးမှာကွ၊ ဒီလူကြီး ငါ့မမကြီးကို အသေအလဲကျိတ်ပိုးနေတယ်ဆိုတာ ခိုင်လုံတဲ့ သတင်းရပ်ကွက်ကနေ ငါက သိထားတာ'

'ကိုတိုးကြီးနဲ့ တွေ့ပြီးပြီလား'

www.burmeseclassic.com



'တွေ့ပြီးပြီ၊ ငါ စွတ်ဟောက်ရတော့ ကိုတိုးကြီး မျက်စိသူငယ်နဲ့၊ ခင်ဗျားငွေတွေ မမကြီးယူတာ မဟုတ်ဘူး၊ ကျုပ်ယူတာ၊ ခင်ဗျားကြီးကို ပြန်မပေးတော့ဘူးလို့ စွတ်ကိုကောပစ်တာ'

'ဘာပြောလဲ'

'မျက်လုံးပြူး မျက်ဆန်ပြူးကို ဖြစ်သွားတာကွ၊ သူ့ပိုက်ဆံပြန်မရမှာစိုးလို့ ငါ့ကိုမျက်နှာချိုသွေးလိုက်တာ၊ အသာနေ တစ်လလောက် ညှဉ်းထားလိုက်ဦးမယ်၊ ပိုက်ဆံကလည်း ရှေ့လလောက်မှ ပြန်ပေါ်မှာ'

'ကံကောင်းတာပေါ့ကွာ'

'ဘယ်သူလဲ'

'ကိုတိုးကြီးကို ပြောတာပါ၊ မအူမလည်နဲ့ မမကြီးကို ဒါရိုက်တွေ့ဆုံပြီး အကြွေးတောင်းရင် မမကြီးက ပါးချွတ်တီးပစ်လိုက်မှာ အမှန်ပဲ'

ထွန်းလှဘော်ပြောမှ သူ ကျေချမ်းသွားရသည်။ ထွန်းလှဘော်ပြောသလို ဖြစ်ခဲ့ရင်တော့ ကိုတိုးကြီးကို အရမ်းအားနာရပြီ။

သည်လူကြီးကလည်း ခါတိုင်း သူ့ဆီက ပြန်တောင်း





နေကျဟာ။ ခုမှ ဘာစိတ်ကူးပေါက်ပြီး စာဖွဲ့ပေဖွဲ့ လုပ်လိုက်သည်မသိ။

'တကယ်ဆို ကိုတိုးကြီး စဉ်းစားဖို့ကောင်းတယ်ကွ'

စီးကရက်ကိုရှိုက်ရင်း သူ ငြိမ်နေလိုက်သည်။ ထွန်းလှဘော်က လက်ဖက်ရည်ခွက်ကို တစ်ကျိုက်မ,ယူသောက်ပြီး...

'စိန်ရွှေဆိုင်ကြီးဖွင့်ပြီး အရောင်းအဝယ်လုပ်နေတဲ့ မမကြီးက သူ့ဆီက ငွေဆယ်သိန်း ပိစိကွေးလောက်ကို ချေးမှလားကွ'

ကိုတိုးကြီးက မှန်နေတာလေ၊ မမကြီးကလို့ ဆိုလိုက်တာနဲ့ ဘာမှမစဉ်းစားတော့ဘဲ သူ့ဆိုင်ထဲက ငွေကိုအထပ်လိုက်ထုတ်ပေးတော့တာ'

သည်စကားကိုတော့ ထွန်းလှဘော် တဟားဟားနှင့်ရယ်၏။ ရယ်ရင်းနှင့်လည်း ဒီကောင် ကိုတိုးကြီးအကြောင်း စဉ်းစားနေပုံရသည်။

'အင်း... လူပျိုကြီးတွေဟာ အချစ်နဲ့ပတ်သက်ရင် ဘာကိုမှ ပြည့်ပြည့်စုံစုံ မစဉ်းစားတတ်ကြတာ အမှန်ပဲကွ၊ သနားတော့ သနားဖို့ ကောင်းပါတယ်ကွာ'



www.burmeseclassic.com

www.burmeseclassic.com



●

သည် ကြွင်နာတာတွေ၊ သနားတာတွေ သူ့ခေါင်းထဲမှာမရှိ။

သူနှင့်ကိုတိုးကြီး လမ်းကြောင်းပြတ်ပြီဆိုသည်ကိုလည်း သူ နားလည်လိုက်၏။

'အင်း… နောက်ပိုင်းအရောင်းအဝယ်ကိစ္စတွေမှာ ငွေလိုရင်တော့ အားကိုးတစ်ခုလျော့တာပဲ'

'မမကြီးနဲ့ မမလတ်ဆီက တောင်းပေါ့ကွ'

'ရမယ် အားကြီး၊ ကဝ်စေးကဘာနဲ့သလဲ မမေးနဲ့၊ နောက်ပြီး ငါ့ကိုလည်း ဘယ်တော့မှ အယုံအကြည်မရှိဘူး'

'မင်းကလည်း ရှိလောက်တဲ့အနေအထားကိုး၊ အတိုးကြီး အသွားကြီးဆီက အရင်းအနှီးတွေတောင် ထင်သလိုသုံး၊ မရှုနိုင်မကယ်နိုင်ဖြစ်တော့ အရှုံးတွေလျှောက်ပြ၊ မမကြီးနဲ့ မမလတ်က မင်းထက် အဆတစ်ရာလောက်လည်တယ် ချစ်ဦးမောင်၊ ဒါ့ကြောင့် မင်းကို ငွေထုတ်မပေးတာ'

သည်အရေးကိစ္စကို သူ ဆက်ပြီးမပြောချင်တော့။

သူ ကိုးရိုးကားရားလုပ်တာတွေကို ဖေဖေ့ကို ပြန်မတိုင်တာကိုက ကျေးဇူးကြီးလှန်းလှနေပြီ။

'မင်း ပွေပုံပွေနည်းကလည်းတစ်မျိုး'





ထွန်းလှဘော် သူ့ကို တော်တော်စိတ်ဝင်စားနေပုံရနေ၏။

'စိတ်ညစ်ရတဲ့အထဲ မင်းကလည်း တစ်မျိုး'

'ငါက မင်းနဲ့ အနီးကပ်နေတော၊ မင်းပွေတယ်ဆိုတာက သည့်ပြင်ကောင်တွေလို မိန်းမကိစ္စ ပွေတာ၊ ရှုပ်တာမဟုတ်ဘူး၊ ဘီယာကိုလည်း မူးမူးရူးရူး မသောက်၊ ဘာတွေကို ဘယ်လိုကုန်နေမှန်းကို ငါတကယ်မသိဘူး'

'မင်းကလည်းကွာ၊ ငါက အဝတ်ကောင်း၊ အစားကောင်း၊ ဝတ်တာစားတာ ဝါသနာပါတယ်၊ ရံဖန်ရံခါ အကောင်းစားအရက်ကလေးကို တမြမြလုပ်လိုက်သေးတာ၊ ဈေးတွေက သည်လောက်မတရားကြီးနေတာကွာ၊ သည့်ခေတ်ထဲမှာ ကုန်တာခန်းတာ ဘာမှမဆန်းဘူး'

ထွန်းလှဘော် ဘာမှဆက်မပြောတော့။

လမ်းခွဲပြန်တော့ သူ ခေါင်းကို အတော်အလုပ်ပေးနေပြီ။ လက်ထဲမှာက အသုံးပြတ်။ ဖေဖေနှင့် မေမေ့ထံကလည်းတောင်းရဲ။

တောင်းလို့ မင်းဆိုင်ကယ်ဝယ်ရောင်းလုပ်ချင်လို့ သိန်းနှစ်ရာထုတ်ပေးထားတာ ကုန်ပြီလားဟု မေးလျှင် ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



မိုးခိုးတောက်လျှောက် လိုက်ဦးမည်။

သူ ခြံရှေ့ရောက်တော့ အောင်စံဖြူကို အမျိုးသားကြီး တစ်ယောက်နှင့် ရပ်စကားပြောနေတာ တွေ့သည်။

သူ အမျိုးသားကြီးကို တစေ့တစောင်း အကဲခတ်ကြည့်တော့ အမျိုးသားကြီးကို သူ အရမ်းစိတ်ဝင်စားသွား၏။

အသက်က ရှိလှ လေးဆယ်စွန်းစွန်းပေါ့။

ဝတ်ထားလိုက်သည့် ရွှေထည်ပစ္စည်းတွေကတော့ အရွယ်နှင့်တောင်မလိုက်။

ဟမ်းချိန်းကြီးကလည်း မရှိဘူးဆိုရင် လေးကျပ်သား လောက်ရှိမည်။ လည်ပင်းက ရွှေကြိုးကြီးကလည်း တုတ်တုတ် ခဲခဲ။

လက်ချောင်းတွေမှာလည်း လက်စွပ်တွေက တစ်ဖက် သုံးကွင်းစီ။

အောင်စံဖြူက ပုဂ္ဂိုလ်ကြီးကို အနားကပ်ပြီးတိုးတိုးနှင့် ဘာပြောသည်မသိ။

ပုဂ္ဂိုလ်ကြီးက သူ့ကို ခင်မင်လိုဟန်နှင့် ပြုံးပြုံးရယ်ရယ် လုပ်ပြသည်။

သည်အပြုံးလောက်နှင့်တော့ သူနှင့်ပတ်သက်စရာ





အကြောင်းမရှိ။ သည်တော့ တည်တည်ငြိမ်ငြိမ်နှင့်ပင် ခြံထဲ ဝင်ခဲ့သည်။

သို့သော်လည်း အောင်စံဖြူ ခြံထဲဝင်လာလျှင်တော့ သည်ပုဂ္ဂိုလ်ကြီးအကြောင်းကို သူ အတော်မေးချင်နေသည်။

နောက်ပြီး သည်ပုဂ္ဂိုလ်ကို သူတစ်ခါမှ မမြင်ဖူး။

◉ ◉ ◉



www.burmeseclassic.com

www.burmeseclassic.com

(၄)

'လမ်းထိပ်က တိုက်ကို ဝယ်လိုက်တာ အစ်ကိုလေးရဲ့ နောက်ပြီး မမကြီးရတနာဆိုင်နဲ့ သုံးလေးဆိုင်အကျော်မှာ အီလက်ထရွန်းနစ်ဆိုင်ကြီးဖွင့်ထားတာ ဘာကြာသေးလို့လဲ'

သူ မျက်မှောင်ကြုတ်ပြီး စဉ်းစားသည်။ အာရုံမှာတော့ ပေါ်လာ၏။

'အေး… ငါသတိထားမိတယ်၊ အဲဒါ အဲ့ဒီလူ ပိုင်တာလား'

'ပိုင်တာပေါ့'

'ဘယ်ကပြောင်းလာတာလဲ'

'မြစ်သားက အစ်ကိုလေးရဲ့'

တောဝိုက်ပုံစံကြီးဖမ်းထားသည်ကတော့ သူနေသည့် အရပ်ဒေသနှင့် လိုက်လျောညီထွေပါ၏။ ရွှေတွေတွဲလောင်း





ဝတ်ထားသော်လည်း ဝတ်ဟန်စားဟန်က တကယ့်တောပုံစံ။ ထားပါလေ။ ဒါတွေက သူ စိတ်ဝင်စားစရာအကြောင်းမဟုတ်။ သူ စိတ်ဝင်စားမှုက တစ်ခုသာရှိသည်။

'မင်းနဲ့ ဘယ်လိုသိတာလဲ အောင်စံဖြူ'

'သည်လူကြီးက စပြီး လာမိတ်ဖွဲ့တာ အစ်ကိုလေးရဲ့'

'အားပါး… မင်းကို ခင်ဖို့ လာမိတ်ဆက်တဲ့လူ သည်လောကကြီးမှာ ရှိသေးတယ်ကိုး'

အောင်စံဖြူက အရုပ်ပုပျပ်ရသည့်အထဲ သွားကခေါသေးသည်။ နောက်ပြီး ပေါကြောင်ကြောင်ကလည်း နိုင်သေး၏။

သို့သော်လည်း ဒီကောင်က ရိုးသားပြီး သဘောကောင်းသည်။

'ကျွန်တော့်ကို လာမိတ်ဆက်တာကအကြောင်းရှိတယ် အစ်ကိုလေးရဲ့'

သူ မျက်မှောင်ကို ထပ်ကြုတ်ရပြန်၏။

'လိုရင်းပြောစမ်းကွာ'

'သည်လူကြီးက မမလက်ကို ကြိုက်နေတာ အစ်ကိုလေးရဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်…'

ဓာတ်လမ်းတွေသည်လိုရှိလာလိမ့်မည်ဟု သူ ထင်မထား။

'မမလတ်ကို သည်လူကြီးမြင်ဖူးတာကတော့ မဆန်းပါဘူး အစ်ကိုလေးရာ၊ မမကြီးနဲ့ မမလတ်က ဆိုင်ကို သူ့တိုက်ရှေ့က ဖြတ်ဖြတ်သွားတာ၊ နောက်ပြီး ဆိုင်ကလည်း နီးတယ်'

'ဟုတ်ပြီလေ၊ ငါသိချင်တာက သည်လူကြီး မမလတ်ကို ကြိုက်တာ မင်းက ဘယ်လိုလုပ်သိရတာလဲ'

'ဟာ… အစ်ကိုလေးကလည်း သူတို့တိုက်နားက လက်ဖက်ရည်ဆိုင်မှာ ကျွန်တော် လက်ဖက်ရည်သောက်နေတုန်း သည်လူကြီး လာမိတ်ဆက်တာ အစ်ကိုလေးရဲ၊ နောက်ပြီး မမလတ်နာမည် ရွှေဇင်ဆိုတာကိုလည်း သည်လူကြီးက သိနေတယ်ဗျာ၊ ရွှေဇင်တို့တိုက်ကလား၊ ဘာလားမေးတာနဲ့ အောင်စံဖြူတို့က ဓာတ်ပေါက်လိုက်တာပေါ့'

အကြောင်းအရာကတော့ သည်မျှနှင့်လုံလောက်ပြီ။ သူ အပေါ်ထပ်တက်ခဲ့ပြီး သည်လူကြီးအကြောင်းကို စဉ်းစားခန်းဖွင့်ရတော့သည်။

အောင်စံဖြူပြောသည့်အတိုင်း သည်လူကြီး မမလတ်





ကို စိတ်ဝင်စားနေတာကတော့ သေချာပြီ။

ညနေဘက် သူ အပြင်ဘက်ထွက်တော့ လမ်းထိပ်မှာ တိုက်တိုက်ဆိုင်ဆိုင်ပင် ပုဂ္ဂိုလ်ကြီးနှင့် မျက်နှာချင်းဆိုင် ဆုံပါတော့၏။

သူ့ကို မြင်မြင်ချင်းပင် ပုဂ္ဂိုလ်ကြီးက…

'ညီလေးပါလား'

'သိလို့လား'

'ဟား… ဟား… ညီလေးဟာ မရွှေဇင်ရဲ့မောင်၊ ညီအစ်မနှစ်ယောက်ရဲ့ အချစ်ဆုံးမောင်လေး ချစ်ဦးမောင်ဆိုတာ အစ်ကိုက သိထားပြီးသားပါကွ'

ဒါတွေက အောင်စံဖြူ၏ လက်ချက်တွေ။

ကိစ္စမရှိ။

ပုဂ္ဂိုလ်ကြီးက ရင်းရင်းနှီးနှီးစလာမှတော့ သည်ပုဂ္ဂိုလ်ကြီးနှင့် အတူးတလည် ခင်မင်ဖို့ကို သူကြိုးစားဖို့ မလိုတော့။

'အစ်ကိုကြီးနာမည်က ဘယ်သူလဲဗျ'

'ကိုကြီးကျော်'

'ဦးမင်းကျော်လား'

'ဟာ… ညီလေးကလည်းကွာ၊ ကိုကြီးကျော်ပါ'



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းကျော်မဟုတ်ပါဘူး၊ အစ်ကိုကြီးက ဦးမင်းကျော်နဲ့ အဝေး နေရာမှာ ရှိပါတယ်'

'ဘာဖြစ်လို့လဲ'

'အစ်ကိုကြီးက ဦးမင်းကျော်လို အရက်လည်းမကြိုက် ဘူး၊ ကြက်လည်း မတိုက်ဘူး'

သည်လူကြီးက သူ့ရိုးသားကြောင်းကို သွယ်သွယ်ဝိုက် ဝိုက် ပြောနေပြန်၏။

ဒါကလည်း သူ့အတွက် အကြောင်းမဟုတ်။

ပုံစံအကဲ ခတ်နေတာကတော့ ခပ်ချောင်ချောင် မဟုတ် သော်လည်း ခပ်ကြောင်ကြောင်ပုံစံကိုတော့ သူ ပုံဖော်လို့ရ၏

'လာကွာ ညီလေး၊ ခင်မင်မှုအထိမ်းအမှတ်အနေနဲ့ အစ်ကိုကြီးက မင်းကို လက်ဖက်ရည်တိုက်ပါရစေ'

လက်ဖက်ရည်သောက်ရင်း ကိုကြီးကျော်က သူနှင့် ပိုမိုရင်းနှီးအောင် စကားတွေ သိုင်းဖွဲ့သည်။ သည့်နောက် မမလတ်အကြောင်းက ဘယ်လိုကဘယ်လို ရောက်သွားသည် မသိ။

'မရွှေဇင်က စိတ်ထက်မယ့်ပုံပဲနော်'

'ဘာဖြစ်လို့လဲ'





'ကိုယ့်ကိုမြင်ရင် မျက်နှာကြီးကို ရှုတည်တည်လုပ်သွား ဘယ်ကွာ၊ ကိုယ်က တစ်နယ်တစ်ကျေးကပြောင်းလာတော့ တ်သစ်ဆွေသစ်တွေ အရမ်းလိုချင်တာပေါ့'

'မမလတ်က ကိုကြီးကျော်ကိုမှ မသိတာ၊ သည်တော့ တည်တည်ကြီးလုပ်မှာပေါ့'

'အာ… ဟုတ်ပါရဲ့ကွာ၊ အဲဒါကို ကိုယ်တကယ်ကို ဦးစားမိပါဘူး၊ အင်း… လိုတော့လိုအပ်နေပါပြီ'

'ဘာကိုလိုအပ်နေတာလဲဗျ'

'ညီလေးက ကိုယ့်ကို မရွှေဇင်နဲ့ မိတ်ဆက်ပေးဖို့ အပ်နေတာပေါ့'

အတွေးမှာ မမလတ်ကို ပြေးမြင်သည်။

သူကတော့ မမကြီးနှင့် မမလတ်တို့၏ စိတ်သဘောကို ားသောကြောင့် မိတ်ဆက်ပေးဖို့ ကိစ္စကြီးက အတော်ကို ချမ်းလွန်းလှ၏။

'မိတ်ဆက်ပေးဖို့တော့ မလွယ်ဘူးထင်တယ် ကိုကြီး ာ်ရ'

'ဘာဖြစ်လို့လဲ ညီလေးရ'

'မမလတ်က သိပ်အရှက်အကြောက်ကြီးတာဗျ၊ မို



www.burmeseclassic.com

www.burmeseclassic.com



[illegible]ထိ သူစိမ်းယောကျ်ားတွေနဲ့ စကားပြောဖူးတာ [illegible]'

'ဟုတ်ပါ့မလား ချစ်ဦးမောင်ရာ၊ မြို့လယ်ခေါင်မှာ အထင်ကရ ရွှေဆိုင်ကြီးဖွင့်ရောင်းနေတာကွာ၊ လူမျိုးပေါင်းစုံနဲ့တော့ ဆက်ဆံရမှာပေါ့'

'ဒါက အလုပ်သဘော၊ အရောင်းအဝယ်သဘောနဲ့ ဆက်ဆံရတာလေဗျာ၊ ကိုကြီးကျော်နဲ့ မိတ်ဆက်ပေးရမယ့် ကိစ္စကြီးက လတ်တလော ဘယ်လိုမှ မလွယ်တဲ့ကိစ္စပဲဗျ'

'အင်း… သဘောပေါက်တယ်ကွာ၊ အရမ်းကိုသဘောပေါက်တယ်'

ဝေါကြီး ဘာတွေကို အရမ်းသဘောပေါက်နေသည် တော့မသိ။

ပဲပေါက်စီကတော့ အရမ်းစားလို့ကောင်းနေ၏။

လက်ဖက်ရည်တစ်ကျိုက်မော့သောက်ရင်း ဝေါကြီး မျက်နှာကို အကဲခတ်ကြည့်တော့ အပြုံးတွေဝေနေသည်။ ဘာကို ကျေနပ်အားရနေသည်တော့မသိ။

ရင်းနှီးမှုတွေရရှိပြီး အတန်ကြာတော့ ကိုကြီးကျော် က…





'ညီရင်းအစ်ကိုလို သဘောထားကွာ၊ အကူအညီလိုရင် သည်းပြော၊ ညီလေးအတွက် အစ်ကိုကြီးဘက်က အားလုံး အဆင်သင့်ပဲ'

အဆင်သင့်ပဲတဲ့။

သည်စကားကိုတော့ သူ့အရမ်းသဘောကျသွားသည်။ သူမျှော်လင့်ထားသည့် ပစ်မှတ်တစ်ခုကတော့ သူ့ရှေ့မှာ တည့်တည့်ကြီးကို ရောက်နေပါပြီ။

◉ ◉ ◉



www.burmeseclassic.com

www.burmeseclassic.com



'ဘာကိုလဲကွ'

'မင်းနဲ့ မမပုံ ငြိနေကြတယ် မဟုတ်လား'

'ဟာ… မဟုတ်တာ ထွန်းလှဘော်ရာ၊ သည်မိန်းမကြီးနဲ့ ငါက ဘယ်လိုလုပ်ငြိရမှာလဲ'

သူ အကြောက်အကန် ငြင်း၏။

'မဟုတ်ဘူးလေ၊ မင်းနဲ့မမပုံကို ငါ့သူငယ်ချင်းတွေက တောင်ပေါ်မှာလည်း တွေ့တယ်၊ မဟာမြတ်မုနိမှာလည်းတွေ့တယ်လို့ ပြောနေကြတယ်'

'ဒါက မမပုံ ဘုရားဖူးချင်တယ်ဆိုလို့ ငါက လိုက်ပို့တာပါ'

'အေးလေ၊ အဲဒီလိုက်ပို့တာက အကြောင်းရာတစ်ခုတော့ ရှိရမှာပေါ့ကွ'

သည်ကိစ္စက သူ့အတွက် အင်မတန် ပြောရခက်သည့် ကိစ္စ။ မမပုံ သူ့ကို မည်မျှအရေးပေးပြီး မည်သို့စကားလမ်းကြောင်းပေးသည်ကိုလည်း သူ မသိမဟုတ်။

'မင်း ဒီမုဆိုးမ အပျိုကြီးကို ယူလို့ကတော့ မင်းအသိုင်းအဝိုင်းက ဘယ်လိုမှ လက်ခံမှာမဟုတ်ဘူး'

'မယူပါဘူးကွာ၊ ဖြစ်လည်း မဖြစ်ပါဘူး'





'ဒါဖြင့် သူ သွားလေရာကို မင်းက ဘာလို့တကောက်ကောက် လိုက်ပါနေရတာလဲ'

မမပုံနှင့် ပတ်သက်ပြီး သူ့ကို ထွန်းလှဘော် သံသယကြီးထွားနေသည်ကို သူ သိလိုက်၏။

'အင်း… အကျိုးအကြောင်းကို မင်းကို ငါ ပြောပြမှဖြစ်တော့မယ် ထွန်းလှဘော်၊ ငါ့အဖြစ်က နေမြင့်လေ အရှုးရင့်လေဖြစ်တော့မယ်'

သူ့စကားကို ထွန်းလှဘော် အရမ်းစိတ်ဝင်စားသွားဟန်တူ၏။ မျက်လုံးကို လှန်ကြည့်လာသည်။

'အကျိုးကြောင်းက…'

'ငါ မမပုံဆီက ငွေဆယ်သိန်းချေးထားတယ် ထွန်းလှဘော်'

'ဘာ… ငွေဆယ်သိန်း၊ နေပါဦး၊ မင်းက ဒီမုဆိုးမကြီးဆီက ဘာလုပ်ဖို့ ချေးရတာလဲ'

ဖြေရန်စကားရှိသော်လည်း ဖြေရမှာ အတော်ခက်နေ၏။ နှလုံးသားစကားပြောရမည်ဆိုလျှင် မမပုံ သူ့ကို 'ကျ'နေတာ သူကောင်းကောင်း သိ၏။ ဒါကို အခွင့်ကောင်းယူပြီးတော့လည်း သူ မမပုံထံက ငွေဆယ်သိန်းချေးနိုင်ခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟိုတလောက ကိုတိုးကြီးနဲ့ဖြစ်ခဲ့တဲ့အကြောင်းအရာ မင်း စဉ်းစားမိမလား မသိဘူး'

'သိတာပေါ့ကွ၊ မမကြီးနဲ့ မင်း ကွိုင်ပွတာလေ၊ အဲဒီတုန်းက မမကြီးကိုယ်စား မင်းကိုတောင် ငါ ဒေါသဖြစ်ရသေးတာ'

'အဲဒါကွာ၊ ကိုတိုးကြီးငွေ ပြန်ပေးဖို့ ငါအတော်ကို အခက်အခဲဖြစ်နေတုန်းမှာ မမပုံကို သတိရပြီး…'

သူ့စကား မဆုံးခင်မှာ ထွန်းလှဘော်က…

'ပိုက်ဆံချေးလိုက်တယ်ဆိုပါတော့'

'အေးကွာ… သူ့ဆီက ပိုက်ဆံချေးထားတော့ ငါက သူနဲ့အလိုက်အထိုက် နေရတာပေါ့၊ သူ့ကိစ္စလေးတွေကိုလည်း ကူညီရင်းပေါ့ကွာ'

'အေး… ငွေဆယ်သိန်းရင်းပြီး အဲဒီငတိမကြီးက မင်းကို သူ့ရင်ထဲဆွဲသွင်းမှာ၊ ဒီမိန်းမကြီး လင်လိုချင်နေတာကို မင်း သိလျက်သားနဲ့ကွာ'

ငြိမ်နေလိုက်ရ၏။ ထွန်းလှဘော်ပြောတဲ့စကားတွေကလည်း အမှန်ပါ။ မမပုံ လင်လိုချင်တာကို ပတ်ဝန်းကျင်က အကုန်သိ။





'မင်း တော်တော်ကို နာမည်ပျက်နေပြီ ချစ်ဦးမောင်'

'သိတယ်ကွာ၊ ဒီမိန်းမကြီးရဲ့ လောင်းရိပ်က ခွာဖို့ကိုလည်း ငါ ကြိုးစားနေပါတယ်'

'သူ့ပိုက်ဆံ ပြန်မပေးဘဲနဲ့ ခွာလို့ရမလားကွ၊ မင်းအိမ်ကို လိုက်လာမှာပေါ့'

'ပြန်ပေးနိုင်မှာပါ'

မယုံကြည်ဟန်ဖြင့် သူ့မျက်နှာကို ထွန်းလှဘော်က စိုက်ကြည့်၏။

'မင်းမိဘပစ္စည်းတွေကိုတော့ အလွဲသုံးစား မလုပ်နဲ့နော်'

'အေးပါ'

'ဒါဖြင့် ငွေဆယ်သိန်းကို ဘယ်ကရမှာလဲ'

သူ ပြုံးလိုက်သည်။

သည်အကြောင်းအရာကိုတော့ ထွန်းလှဘော်ကို အသိပေးလို့မဖြစ်။

'အားလုံးအေးဆေးသွားမှာပါကွာ၊ ငါကလည်း ဒီမိန်းမကြီးပိုက်ဆံကို ပြန်ပေးချင်လှပါပြီ'

စကားကို သည်မျှနှင့် ဖြတ်ရသည်။ ထွန်းလှဘော်က



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘဝင်မကျဟန်နှင့် သူ့မျက်နှာကို စိုက်ကြည့်နေခဲ့ဖြစ်သည်။

သူ့အတွေးမှာ ကိုကြီးကျော်ဆိုသည့် ပုဂ္ဂိုလ်ကြီး အထင်ကရ ပေါ်ထင်နေသည်ကိုတော့ ထွန်းလှဘော် မည်သို့မျှ သိလိမ့်မည်မဟုတ်။

၀ ၀ ၀



(၆)

သူ ဘီယာသောက်တတ်သည်ကို အောင်စံဖြူက ကိုကြီးကျော်အား ပြောပြထားဟန်တူ၏။ သူ့ကို မြင်သည်နှင့် ကိုကြီးကျော်က 'ညီလေးကို ဘီယာနဲ့ဧည့်ခံပါရစေကွာ'ဆိုသည့်စကားကို ပြောသည်။

'ကိုကြီးကျော်က ဘီယာသောက်တတ်လို့လား၊ ကျွန်တော့်ကို သီးသန့်တိုက်မယ်ဆိုရင်တော့ အားနာစရာကြီးဗျာ'

'ဟဲ... ဟဲ... အစ်ကိုကြီးက မသောက်တတ်ပေမယ့် ညီလေးသောက်တာကို ကြည့်ပြီး ပီတိဖြစ်နေမယ်ကွာ'

နေကြီးက စကားပြောတော့ ကျွမ်း၏။ သူကလည်း နေကြီး၏ အသည်းနှလုံးမှာ ဘာတွေဖြစ်ပေါ်နေသည်ကို သိသည်။ မနေ့ညက မမလတ် သူ့ကိုပြောသည့်စကားကိုလည်း နားမှာ ပြန်ကြားယောင်၏။



www.burmeseclassic.com

www.burmeseclassic.com



'လမ်းထိပ်တိုက်ကိုပြောင်းလာတဲ့ လူကြီးလေ၊ ကိုဦးသတိထားမိလား မသိဘူး၊ မမလတ် သူတို့တိုက်ရှေ့က ဖြတ်သွားရင် မျက်လုံးကို အစွမ်းကုန်ဖြူးပြီးကြည့်တော့တာပဲ၊ ဘယ်နေ့ ပါးချခံရမလဲ မသိဘူး'

သည်စကားကိုတော့ ကိုကြီးကျော်ကို ဘယ်လိုမှ ပြန်ပြောလို့မဖြစ်။ အထူးလျှို့ဝှက်ထားရမည့် စကားဖြစ်သည်။

ဘီယာအရမ်းတိုက်ချင်နေမှတော့ သူက ကိုကြီးကျော်ကို သောက်နေကျ ဘီယာဆိုင် ခေါ်သွားသည်။

'အမြည်းကို ညီလေး မှာချင်တာ မှာကွာ'

'ကိုကြီးကျော်ကရော'

'ညီလေးမှာတဲ့ အမြည်းကို ညီလေးနဲ့အတူ ထိုင်စားရင်း စကားပြောမယ်'

ဘီယာနှင့်အမြည်းကို သူ့စိတ်ကြိုက်မှာသည်။ သူ ဘီယာသောက်နေသည်ကို အကဲခတ်ကြည့်ရင်း ကိုကြီးကျော်က…

'ဘီယာကို တော်တော်ကြိုက်တာပါပဲလား'

'ကျွန်တော်က အရက်ပြင်းမသောက်တတ်ဘူး၊ ဘီယာကိုတော့ ကျောင်းသားဘဝကတည်းက သောက်တာ'





'ပြောတယ်၊ အောင်စံဖြူက ပြောတယ်၊ အစ်ကိုလေးက တက္ကသိုလ်စတက်တဲ့နှစ်ကတည်းက ဘီယာသောက်တာတဲ့၊ ကျောင်းပြီးလို့ ဘွဲ့တာရရော ဘီယာကို မဖြတ်နိုင်ဘူးတဲ့'

'မူးအောင် အလွန်အကျွံ မသောက်ပါဘူး၊ မူးအောင်သောက်လို့များကတော့ ဖေဖေရိုက်မှာကို မကြောက်ရဘူး၊ မမကြီးနဲ့ မမလတ် ခေါင်းကိုခေါက် ဆံပင်မွေးဆွဲနုတ်တာနဲ့ ထိပ်ပြောင်ကြီးဖြစ်နေလောက်ပြီ'

မမလတ် စကားပါလာသည်နှင့် ငတိကြီး မျက်နှာဝင်းလက်သွား၏။

သူကတော့ အားလုံးကို မသိကျိုးကျွင်ပြုပြီး ဘီယာကို ဒိုသောက်သည်။

ကိုကြီးကျော် ပင့်သက်တစ်ချက်မှုတ်ထုတ်တော့ သူက ကိုကြီးကျော်မျက်နှာကို ကြည့်ပြီး…

'အစ်ကိုကြီးက ဘာတွေသက်ပြင်းချနေတာလဲဗျ'

'ချရပြီလား မောင်ရာ'

'အကျိုးကြောင်းက…'

ကိုကြီးကျော်ဆီက အသံထွက်မလာ။ သူကတော့ ရယ်ချင်၏။ ရယ်ချင်ပြီးတော့လည်း စိုးရိမ်မှုတစ်ခုကတော့ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်လူကြီး သူခင်းပေးသည့်လမ်းပေါ် လျှောက်မှလျှောက်ဝံ့ပါ့မလားအတွေး။

အတန်ကြာတော့မှ…

'ကိုယ် ညီလေးကို စကားပြောချင်တယ်ကွာ'

'ခုပြောနေတာ စကားတွေလေ'

'ခုပြောနေတာတွေက ရိုးရိုးစကားတွေလေ'

'ဒါဖြင့် ဆန်းဆန်းပြောဖို့ စကားတွေ အစ်ကိုကြီးမှာ ရှိနေတယ်ပေါ့ ဟုတ်လား'

'ဟား… ဟား… မင်း တကယ်ကို အကင်းပါးတဲ့ ကောင်လေးတစ်ယောက်ပါလား'

သူ ခပ်ပြုံးပြုံးနေတာကို ကိုကြီးကျော်က အားတက်ပုံရလာသည်။

'ကိုယ် ဆန်းဆန်းပြားပြား ပြောမယ့်စကားအတွက်တော့ ညီလေး စိတ်မဆိုးပါနဲ့ကွာ'

'လိုရင်းကိုပြော အစ်ကိုကြီး၊ ကျွန်တော်က သိပ်စိတ်မရှည်တတ်ဘူး'

ကိုကြီးကျော်က ရယ်ပြန်၏။

ရယ်ပြီးမှ…





'ကိုယ့်စကားကို ကျေနပ်မှုမရှိရင် မင်းသောက်နေတဲ့ ဘီယာပုလင်းနဲ့သာ ကိုယ့်ခေါင်းကို ရိုက်ခွဲလိုက်ပါ ညီလေးရာ'

'ပြဿနာပါပဲ၊ စကားက လိုရင်းကို မရောက်တော့ပါလား'

'သည်… သည်လို ညီလေးရာ၊ ကိုယ် မရွှေဇင်ကို မေတ္တာရှိနေတယ်ကွာ'

လိုရင်းစကားက ဒါဆိုတာ သူအစကတည်းက သိပြီးသား။

'မမလတ်ကို မေတ္တာရှိတယ် ဟုတ်လား'

'ဟုတ်… ဟုတ်ပါတယ်ကွာ'

'မေတ္တာရှိရင် သွားပြောလေ၊ ကျွန်တော့်ကိုပြောလို့ ဘာအဓိပ္ပာယ်ရှိမှာလဲ'

သူ့စကားကြောင့် ကိုကြီးကျော် ကြောင်တိကြောင်အ ဝင်သွား၏။

သူကတော့ ကိုကြီးကျော်၏ ခြေမကိုင်မိ လက်ကိုင်မိဟန်ကို အတော်ရယ်ချင်နေသည်။

'ဘယ်လိုသွားပြောလို့ဖြစ်မလဲ ညီလေးရာ၊ ဆိုင်သွားရင် ညီလေး မမကြီး မကေဇင်ကလည်း နံဘေးမှာပါသေးတာ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ဖုန်းနံပါတ်ပေးမယ်၊ ဖုန်းဆက်ပြီး မေတ္တာရှိနေတယ်ဆိုတဲ့အကြောင်း ပြောပေါ့'

'ဟာ… အဲဒါလည်း မဖြစ်ဘူး၊ ကိုယ့်ကို ဘယ်က ဖုန်းသရဲလဲဆိုပြီး စကားမဆုံးခင် ဖုန်းချသွားနိုင်တယ်'

ကိုကြီးကျော် ခပ်ပျာပျာဖြစ်နေသလောက် သူကတော့ ဘီယာသောက်မပျက်။

အမြည်းတစ်ပွဲနှင့် ဘီယာတစ်လုံးကို ထပ်မှာလိုက်သေးသည်။

'ဒါဖြင့် သည်လိုလုပ်ဗျာ၊ မမလတ်က ဈေးသွားရင် တစ်ယောက်တည်းသွားတာ၊ အစ်ကိုကြီး လမ်းကနေစောင့်ပြီး လိုက်စကားပြော'

'အားပါးပါး လိုက်စကားပြောလို့ ပါးကြီးပိတ်ချလိုက်ရင် သည်အသက်အရွယ်ကြီးနဲ့ အရှက်က ဟက်တက်ကြီးကွဲနေပါ့မယ် ချစ်ဦးမောင်ရာ'

ကိုကြီးကျော်က သူ့ကို ညီလေးခေါ်လိုက်၊ ချစ်ဦးမောင် ခေါ်လိုက်နှင့် ပုံစံအမျိုးမျိုး။ ဒါကလည်း အကြောင်းမဟုတ်ပါ။

သူ ဆင်ထားသည့် ခွင်ကို သည်လူကြီးရောက်လာ





ဘာကိုက သူ့အတွက် အထူးကျေနပ်စရာ။

'သည်တော့ ညီလေးရာ၊ ကိုယ့်ကို အထူးကူညီပါ'

'လုပ်ပြန်ပြီ'

'သည်လိုကွာ၊ ကိုယ့်ကို စာပေးပေးပါလား၊ ကိုယ် ရှေ့ဇင်အတွက် တစ်ညလုံး အိပ်ရေးပျက်ခံပြီးစာရေးထားတယ်'

ရိုက်ချက်ကတော့ ပိုင်လွန်းလှသည်။ သည်လူကြီး သည်လောက်ထိ ဉာဏ်သွားလိမ့်မည် မထင်ခဲ့။

အိတ်ထဲက စာကို ထုတ်ပေးတော့ ယူသင့် မယူသင့် ခြင်းစားရသေးသည်။ သူက ဖုန်းနံပါတ်ပေးရုံလောက်နှင့် ကိစ္စဖြစ်မည်ထင်ခဲ့သော အကြောင်းအရာသည် လက်တွေ့ကျကျကြီးကို ဖြစ်လာ၏။

ကမ်းပေးသည့်စာကို လှမ်းမယူလို့ကလည်း မဖြစ်။ ဘီယာနှင့် အမြည်းတွေကို အဝအမြဲစားထားသောက်ထားမှုအတွက်တော့ အားနာရဦးမည်။

နောက်ပြီး ကိုကြီးကျော်ပေးသည့်စာကိုလှမ်းယူရင်း သူ့ ခေါင်းထဲသို့ အကြံအစည်တစ်ခုက ဖျတ်ခနဲ ဝင်လာပါ၏။

'ကြိုးစားကြည့်မယ်လေ'

'အထူးကို ကြိုးစားပါ ညီလေးရာ၊ အစ်မကို မြင့်နိုး



www.burmeseclassic.com

www.burmeseclassic.com



လို့ မောင်ကို အောင်သွယ်ခိုင်းရတာကိုတော့ ကိုယ် အရမ်း အားနာပါတယ်'

'အားနာလို့ တော်သေးတာပေါ့ဗျာ'

ကိုကျော်ကြီးက အားရပါးရ ရယ်ပါ၏။

သူကတော့ မေးကလေးပွတ်ပြီး စဉ်းစားခန်းတွေ အရမ်းဝင်ရတော့သည်။ သူ့အခြေအနေက သည်လိုမှ မဖန်တီးလျှင် မဖြစ်တော့သည့်အခြေအနေ။

● ● ●



(၇)

ငါးရက်မြောက်လက်ဖက်ရည်ဆိုင်မှာ ကိုကြီးကျော်နှင့်ဆုံတော့ ကိုကြီးကျော်က မငွဲ့မရဲမျက်နှာကလေးနှင့် …

'ရွှေဖင်က ဘာမှမတုံ့ပြန်ဘူးနော်၊ ညီလေးကရော စာကို ပေးမှပေးရဲ့လား'

'ပေးတာပေါ့ဗျာ၊ မိန်းကလေးဆိုတာ အဖြေကိုတော့ ချက်ချင်းကြီး ပေးမလားဗျ'

'အစ်ကိုကြီးနဲ့လမ်းမှာဆုံရင် ရွှေဖင့်မျက်နှာက ပိုပြီး တင်းမာလာသလိုပဲ'

'မမလတ်မျက်နှာကြောက သည်လိုပဲ တင်းနေတတ်တာ ကိုကြီးကျော်ရ'

ကိုကြီးကျော် ငြိမ်သွားပြန်သည်။ သူက ပေါက်စီကို ကိုက်ရင်း ကိုကြီးကျော်၏ မျက်နှာကိုလည်း အကဲခတ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်ပြီး မနေ့က မမလတ် သူ့ကို ပြောသည့်စကား ကိုလည်း ပြန်ကြားယောင်၏။

'လမ်းထိပ် တိုက်က လူကြီးက မျက်နှာရှူးလား မသိဘူး ကိုဦး၊ မမလတ်ကိုတွေ့ရင် ရယ်တော့မလို၊ ပြုံးတော့မလိုနဲ့ မျက်နှာက ဘယ်လိုမှ အချိုးမပြေဘူး'

သည်သို့ မမလတ်က သူ့ကို ပြောခဲ့သည်။ သူက တော့ ကိုကြီးကျော်၏ ရယ်ခြင်းပြုံးခြင်းကို သဘောပေါက်၏။

'အင်း… ညီလေးပြောတာ တကယ့်ကို အမှန်တရား ပဲ၊ စာတစ်စောင်လောက်နဲ့တော့ မရွှေဇင်က ဘယ်အလေးထား မလဲ၊ အစ်ကိုကြီး စာတစ်စောင်ထပ်ရေးလာတယ်၊ ခုစာထဲမှာ တော့ အတော့်ကို ပြည့်ပြည့်စုံစုံ ရေးထားတယ်'

သူ့ရင်ထဲမှာ ခပ်ထိတ်ထိတ်ကလေးတော့ ဖြစ်သွား၏။ စာရေးထားသည်ဆိုမှတော့ သူ့တာဝန်က အတိအကျကြီးဖြစ် လာပြန်သည်။

'ညီလေး သေသေချာချာပေးပါကွာ၊ မရွှေဇင်ဆီက ပြန်စာရရင် ညီလေး ကျေးဇူးတွေကို ဘယ်လိုဆပ်ရဆပ်ရ အစ်ကိုကြီးက ဆပ်မှာပါ'

သည်စကားကိုတော့ အရမ်းကြိုက်သွား၏။ စာကို





လှမ်းယူတော့ ကိုကြီးကျော် မျက်နှာဝင်းလက်နေသည်။

အိမ်ပြန်ရောက်တော့ အခန်းမှာစာကို အကျအနဖတ် သည်။

အားပါး… ချစ်သော ရွှေဇင်တဲ့။

နှဲ့ထား ဖွဲ့ထားလိုက်တာလည်း အလွန်ကျွံ။ ဝေါကြီး စာကိုဖတ်ကြည့်မှ ကိုယ့်အစ်မ သည်လောက်ချောလှတာကို သိတော့သည်။

စာကိုဆုံးအောင်ဖတ်ပြီး စာရွက်ကို အကျအနခေါက်၍ အံဆွဲထဲထည့်သိမ်းထားလိုက်၏။

ပြီး စာရေးစက္ကူအကောင်းစားကို မမလတ်စာရေး စားပွဲမှ သိုသိုဝှက်ဝှက် ယူရသေးသည်။

သည်ဖန်းနှရောင် စာရွက်ပေါ်မှာ လက်ရေးကို ဝိုင်း စက်အောင်ရေးပြီး ကိုကြီးကျော်၏ နှလုံးသားအပူကို သူ ငြိမ်း သတ်ပေးရမည်။

တစ်ခုစိတ်ဖြောင့်ရသည်က သူ့လက်ရေးကို ကိုကြီး ကျော် သိသည်မဟုတ်။

အဆင်ပြေချင်တော့ သူ့လက်ရေးကလည်း မိန်းကလေး လက်ရေးလို ဝိုင်းဝိုင်းစက်စက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ ဘောလ်ပင်ကို ကောက်ကိုင်လိုက်၏။ စာကိုတော့ မမလတ်၏ လေယူလေသိမ်းအတိုင်း တည်တည်ကြည်ကြည် ရေးမှဖြစ်မည်။

အိမ်ထောင်ဖက်ရွေးချယ်လျှင် ကိုကြီးကျော်ကို ဦးစား ပေးရွေးချယ်မည့်အကြောင်းကိုတော့ ပါအောင်ရေးရမည်။

စာစရေးတော့ သူ့ရင်က အလိုလိုလှုပ်ခုန်လာရသေး ၏။ ကြောက်သလို ရှက်သလိုပါပဲ။

သို့သော်လည်း သူ့အခက်အခဲ ဖြေရှင်းဖို့အတွက် သည်စာကိုတော့ ရေးကိုရေးရပါမည်။

*ကိုကြီးကျော်*

*မောင်လေးနဲ့ ပေးလိုက်တဲ့စာနှစ်စောင်စလုံးကို လက်ခံ ရရှိပါတယ်။*

*အရိုးသားဆုံးနဲ့ အပွင့်လင်းဆုံးပြောရရင် ပထမစာ ဖတ်ရတုန်းက ရွှေဇင် ရင်ခုန်ရတာ အမှန်ပါပဲ။ ဒါပေမဲ့ ကိုကြီးကျော်ရဲ့ မိန်းကလေးဘဝဆိုတာ ယောကျ်ားတွေလို အချစ်ကို ရဲရဲဝံ့ဝံ့ တင်ပြနိုင်ကြတာမှ မဟုတ်တာ။*

*ကိုကြီးကျော်ရဲ့အချစ်ကို ကြားသိရလို့ ရွှေဇင်ဝမ်းသာ ပါတယ်။ ဂုဏ်ယူမိပါတယ်။ ရွှေဇင်တို့အရွယ်တွေက လူငယ် တွေလို အချစ်ကို လွတ်လွတ်လပ်လပ် ပေးဝေလို့ မရဘူးလေ၊ အချစ်ကို ဆုံးဖြတ်ပြီးရင် ဘဝကိုတည်ဆောက်ဖို့ အားပြုကြရ မယ် မဟုတ်လား။*

*ရွှေဇင့်ဘဝမှာ ဘယ်ယောကျ်ားသား တစ်ဦးတစ်ယောက် ဆီက မေတ္တာကို လက်ခံရယူခဲ့ဖူးခြင်း မရှိပါဘူး။*

*ကိုကြီးကျော်နဲ့တော့ ရေစက်လို့ပဲ ပြောရမလား မသိ တော့ပါဘူး။*

*ရင်ခုန်ခြင်းဟာ အချစ်လို့ သုံးသပ်ခဲ့ရင်တောင် လတ် တလော အခြေအနေကြီးမှာ ရွှေဇင် အိမ်ထောင်ရေးကို မစဉ်းစား ပါရစေနဲ့ဦး။*

*ကတိတစ်ခုတော့ ရဲရဲဝံ့ဝံ့ ပေးပါတယ်။*

*ဘာကတိလည်းဆိုရင် ရွှေဇင် အိမ်ထောင်ရေးကို စဉ်းစားလာတဲ့အခါ ကိုကြီးကျော်ကို အဓိကထား စဉ်းစားမယ် ဆိုတာ ယုံပေးပါနော်။*

**စိတ်နှလုံးရွှင်လန်းချမ်းမြေ့ပါစေ။**

**ရွှေဇင်**







www.burmeseclassic.com

www.burmeseclassic.com



သူ စာရေးပြီး ပင့်သက်ကြီးအချမှာ အောင်စံဖြူအသံက နားဆီသို့ ပြေးကပ်လာ၏။

'အစ်ကိုလေး ဘာစာတွေ သဲသဲမဲမဲ ရေးနေတာလဲဗျ၊ အပေါက်ဝကရပ်ကြည့်နေတာ ကြာလှပြီ'

'ဟာ… ဒီကောင်'

'အစ်ကိုလေး ရည်းစားစာ ရေးနေတာလား'

အခန်းထဲဝင်လာပြီး အောင်စံဖြူက သူ အိပ်သည့် ခုတင်စောင်းမှာ အကျအနဝင်ထိုင်၏။

'ရည်းစားစာတော့ ရည်းစားစာပဲကွ၊ ဒါပေမဲ့ ငါ့ရည်းစားစာမဟုတ်ဘူး၊ မမလတ် ရည်းစားစာ'

'အစ်ကိုလေး ပြောတာကို နားမရှင်းဘူးဗျာ၊ အစ်ကိုလေးက စကားကို မရှင်းမရှင်း သိပ်ပြောတာပဲ'

ဒီကောင်က အရုပ်ပုသလောက် စပ်စပ်စုစုလည်း လုပ်တတ်သည်။ နောက်ပြီး သူ့အရေးကိစ္စမှန်သမျှကို အောင်စံဖြူ စိတ်ဝင်စား၏။

'မင်းကို ဘယ်လိုမှ ရှင်းပြလို့မဖြစ်ဘူး အောင်စံဖြူ၊ ဒီတော့ ရည်းစားစာဆိုတာလောက်ပဲ မင်း သိထားကွာ၊ ဟာ… မင်းခေါင်းမှာ အာလူးသီးထွက်နေပါလား၊ ဘယ်လိုဖြစ်တာလဲ'





မီးရောင်နှင့် စေ့စေ့ကြည့်မှ အောင်စံဖြူချိုစောင်းမှာ ဖူးယောင်နေသည်ကို မြင်ရတော့၏။

'မပြောချင်ပါဘူး အစ်ကိုလေးရာ'

'ဟာ… မင်းကို ဖေဖေနဲ့မေမေက ငယ်ငယ်ကတည်းက မွေးစားလာတာ၊ ငါက မင်းအစ်ကိုဆိုလည်း ဟုတ်တယ်လေ၊ ငါ့ကို မပြောချင်လို့ ဘယ်ဖြစ်မလဲ'

အောင်စံဖြူ ခေါင်းကိုပွတ်နေ၏။

'အေးကြည်မ အစ်ကိုလေးရာ၊ ကောင်မလေး သည်းနည်းမှမကောင်းဘူး'

အေးကြည်မသည် ကျောက်ဆည်က ရောက်လာသည့် အိမ်ဖော်အသစ်ကောင်မလေးဖြစ်သည်။ ရောက်လာတာ တစ်ဆယ်တောင်ပြည့်သေးသည်မဟုတ်။

'အေးကြည်မက ဘာမကောင်းတာလဲကွ'

'ခွေးခြေပေါ်တက်ပြီး မျက်နှာကြက် ပင့်ကူမျှင်တွေကို ရှင်းနေတယ် အစ်ကိုလေးရာ၊ ကျွန်တော်က ဟဲ့… နင် လိမ့်ကျမယ်နော်လို့တောင် မဆုံးသေးဘူး၊ ခွေးခြေပေါ်က ပြုတ်ကျတာ ကျွန်တော် အဖမ်းမြန်ပေလို့ပေါ့'

'ဒါဆို မင်းက ကယ်တင်ရှင်ပဲကွ၊ မင်း ဝင်မထိန်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး ခြေကျိုးလက်ကျိုးဖြစ်သွားနိုင်တယ်'

'အဲဒါကို အစ်ကိုလေးရာ၊ ကျေးဇူးမတင်တဲ့အပြင် ကျွန်တော်က သူ့ကို ဖက်နမ်းတယ်ဆိုပြီး မမကြီးနဲ့မမလတ်ကို တိုင်ပါလေရော'

'ဟာ... မင်းက နမ်းလိုက်မိလို့လား'

'မနမ်းပါဘူး အစ်ကိုလေးရာ၊ ဝင်ထိန်းရင်း သူ့မျက်နှာနဲ့ ကျွန်တော့်မျက်နှာ ထိတော့ထိသွားတာပေါ့'

သူ အနည်းငယ်တော့ မျက်လုံးပြူးသွား၏။ သို့သော်လည်း အောင်စံဖြူက ရှုးပေါ်ပေါ်နိုင်ပေမယ့် တောင်တောင်အီအီစိတ်မျိုးတော့ မရှိ။

'အဲဒါနဲ့ မမကြီးနဲ့ မမလတ်က မင်းကို ဝိုင်းသမကြ တော့တာပေါ့'

'အင်းပေါ့ အစ်ကိုလေးရာ'

'မင်းက ရှင်းပြပါလားကွ'

'ရှင်းပြတာပေါ့၊ အဲဒါကို မမလတ်က နင် ပြော မလိမ်နဲ့၊ အေးကြည်မပါးမှာ နင့်သွားနဲ့ခြစ်မိတဲ့အရာတော ရှိတယ်ဆိုပြီး ညီအစ်မနှစ်ယောက်က ဝိုင်းသမတာ အစ်ကိုလေး မြင်တဲ့အတိုင်း ခေါင်းမှာ အာလူးသီးထွက်ရော'





'ဒုက္ခပါပဲကွာ၊ မမကြီးနဲ့ မမလတ်လည်း ဘယ်လို ဖြစ်နေမှန်းကို မသိဘူး၊ တစ်ခုခုဖြစ်ရင် ညီအစ်မနှစ်ယောက်က ဘက်ညီလက်ညီကို ဝိုင်းဆော်တော့တာ၊ အဲဒါ မင်းမှခံရတာ မဟုတ်ဘူး အောင်စံဖြူ၊ ငါလည်း ခံရတာပဲ၊ ဒါနဲ့နေပါဦး အေးကြည်မပါးကို မင်းသွားနဲ့ ခြစ်မိလို့လား'

'ကျွန်တော့်သွားက အမေမွေးကတည်းက ခေါ်ခေါ် လေးဖြစ်နေတာ၊ မတော်တဆ ခြစ်မိတာနေမှာပေါ့ အစ်ကိုလေး ရာ'

အောင်စံဖြူ မျက်နှာလေး ရှုံ့မဲ့မဲ့နှင့် အပြင်ပြန်ထွက် သွားသည်။

သည်မှာ ကိုကြီးကျော်နှင့်ပတ်သက်သည့် အတွေးတွေ ခေါင်းထဲ စွတ်ဝင်လာ၏။ မမလတ်က ပေးလိုက်တယ်ဆိုပြီး သည်စာကို ပေးလို့ဖြစ်ပါ့မလား။ မမကြီးလို မမလတ် လက် သံပြောင်တာလည်း သူအသိ။ နောက်ပြီးသည်အစ်မနှစ်ယောက် က တစ်သက်လင်မယူဘူးဟု ရင်ကော့ပြီး ကြွေးကြော်ထားကြ သူတွေ။ အပျိုကြီးဆိုသည့် ဂုဏ်ပုဒ်ကို မက်မက်မောမောရှိနေ ကြသူတွေ။

'အင်း... နောက်ဆုတ်လို့တော့ မဖြစ်ဘူး၊ မမပုံခိုစွ



www.burmeseclassic.com

www.burmeseclassic.com



ကို အပြတ်ရှင်းမှဖြစ်မယ်၊ နောက်ပြီး ကိုကြီးကျော်ကလည်း ခပ်ပေါပေါကြီး၊ ငါ ဖိန်းသမျှကို လိုမ့်ခံနေမှာ၊ အို… နောင်ခါ လာနောင်ခါချေးပဲ'

သူ စာရွက်ကလေးကို ခေါက်ပြီး စာအိတ်ထဲသေသေ သပ်သပ် ထည့်လိုက်သည်။ ပြီး စာအိတ်ပေါ်မှာ သို့ ကိုကြီး ကျော်ဆိုသည့်စာကို ဝိုင်းဝိုင်းပြင်ပြင်ကလေး ရေးလိုက်ပါ၏။

● ● ●



(၇)

မမလတ်က ပေးလိုက်တယ် ကိုကြီးကျော်ဟု ဆိုပြီး စာကိုထုတ်ပေးတော့ စာလှမ်းယူသည့် ကိုကြီးကျော်လက်တွေ တ ကတုန်ကယင်။

'ဖောက်ပြီးဖတ်ဗျာ၊ ဘာတွေရေးထားလဲ မသိဘူး'

'ဟာ… ချစ်ဦးမောင်ရာ၊ အဖိုးထိုက်တန်တဲ့ စာကို လက်ဖက်ရည်ဆိုင်မှာ ဖတ်လို့ ဘယ်ဖြစ်မှာလဲ၊ ကိုယ်အိမ်ပြန် ယ်ကွာ၊ အိမ်မှာ အေးအေးဆေးဆေးလေး ခံစားပြီးဖတ်ပါရ စေ'

'ဟင်… ပြန်တော့မလို့လား'

'အင်းလေ'

'လက်ဖက်ရည်လေးဘာလေး တိုက်သွားဦးလေဗျာ၊ ကိုကြီးကျော်ကို စာပေးချင်ဇောနဲ့ မနက်စာ ဘာမှမစားရသေး ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ပါးပါးလေးကွာ၊ ကြိုက်တာမှာစား၊ အစ်ကိုကြီး ကောင်တာမှာ အားလုံးရှင်းခဲ့မယ်၊ ညီလေးနဲ့ ညနေကျ ဘယ်မှာ တွေ့ကြမလဲ'

'ကျွန်တော်သောက်နေကျ ဘီယာဆိုင်လေ'

'အိုကေ… ညနေ ခြောက်နာရီအတိ အစ်ကိုကြီး ရောက်လာစေရမယ်'

ကိုကြီးကျော် အရမ်းတက်ကြွနေသလောက် သူက တော့ အရမ်းရယ်ချင်နေ၏။

စာအိတ်ကို တရှုံ့ရှုံ့နမ်းပြီး လက်ဖက်ရည်ဆိုင်က အပြေးကလေး ထွက်သွားပုံကတော့ အတော့်ကို ပေါကြောင် ကြောင်နိုင်လွန်းလှ၏။

ငတိကြီးက စကားတော့တည်သည်။

ညနေခြောက်နာရီတိတိမှာ သူသောက်နေကျ ဆိုင်ကို ရောက်ချလာ၏။

မျက်နှာကလည်း အပြုံးတွေတဝေဝေ။

'ကျေးဇူးကြီးလိုက်တာ ညီလေးရာ'

'ဘယ်သူလဲ'

'ချစ်ဦးမောင်ဆိုတဲ့ ညီလေးပေါ့ကွာ'





သည်မျှ ပေါလိမ့်မည်ဟု သူ မထင်ခဲ့။ သူ့အတွက် မြည်းပွဲများကိုလည်း ထပ်ခါထပ်ခါ မှာသည်။

သူကတော့ ဘီယာသောက်ရင်း အတွေးများနေရ သည်။

စကားကိုပြောသင့် မပြောသင့်။

သည်လိုပုဂ္ဂိုလ်ကြီးက စာတစ်စောင် ထုတ်ပေးလာပြန်

'လာပြန်ပြီ စာ'

'ပြန်စာပေါ့ ညီလေးရာ၊ ရွှေဇင်ကလည်း အစ်ကိုကြီး က စာကို မျှော်လင့်နေမှာပါ'

သူ စာအိတ်ကို လှမ်းယူပြီး အိတ်ထဲထည့်လိုက်သည်။

'ညီလေးကျေးဇူးကတော့ ကြီးပါ့ကွာ'

သည်တစ်ခါတော့ သည်ကျေးဇူးကြီးတာကြီးကို သူ ရပါတော့မည်။ ကိုကြီးကျော် မျက်နှာကို သူက စေ့စေ့ ည့်ပြီး…

'အစ်ကိုကြီး'

'ပြော… ညီလေး'

'ကျွန်တော့်ကျေးဇူးကြီးတယ်ဆိုရင် အစ်ကိုကြီးက



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျွန်တော့်ကို ကျေးဇူးပြန်ပြုလေဗျာ'

ကိုကြီးကျော်က သူ့စကားကို နားမလည်ဟန်ဖြစ်နေ၏။

'အစ်ကိုကြီး နားမရှင်းဘူးထင်တယ်'

'ပွင့်ပွင့်လင်းလင်းပြော ညီလေးရာ'

'သည်လိုလေ၊ အလျှင်းသင့်ရင် သင့်သလို ကျွန်တော် ဆိုင်ကယ်ဝယ်ရောင်းလုပ်နေတယ်ဆိုတာ အစ်ကိုကြီး သိတယ် နော်'

'သိတာပေါ့ကွာ၊ သိတာပေါ့'

'သည်လို အစ်ကိုကြီး၊ ကျွန်တော် ဆိုင်ကယ်တစ်စီး ဆွဲမလို့၊ ရောင်းသူက ဗိုက်နာနေတာ၊ လက်ထဲမှာ ငွေက မပြည့်ဘူး၊ မမကြီး မမလတ်တို့ဆီကလည်း ကျွန်တော်က မတောင်းချင်ဘူး'

'ဒါများကွာ၊ အစောကတည်းက ပြောလိုက်ပါတော့ လား၊ ညီလေးက ငွေဘယ်လောက်လိုနေလို့လဲ'

'ဆယ်သိန်းပါ အစ်ကိုကြီး၊ ဆိုင်ကယ်ရောင်းပြီးတာ နဲ့ ပြန်ပေးပါ့မယ်'

'ရတယ်... ရတယ်၊ နက်ဖြန်မနက် မင်းနဲ့အစ်ကိုကြီး





ဘဏ်ဖက်ရည်ဆိုင်မှာဆုံမယ်၊ သည်လိုအကူညီမျိုးကို ညီလေးကို မပေးရင် အစ်ကိုကြီး ဘယ်သူ့ကို သွားပေးရမှာလဲကွာ'

မမပုံနှင့်ပတ်သက်နေသော အလုံးကြီး သူ့ရင်ထဲက လျော့ခနဲ ကျရတော့၏။

သည်ညနေခင်းမှာ ကိုကြီးကျော်က လိုတာထက်ပိုပြီး တောင် သူ့ကို ကောင်းနေတော့သည်။

၏ ၏ ၏



www.burmeseclassic.com

www.burmeseclassic.com

(၄)

ကိုကြီးကျော်ဆီက ငွေကို လက်ခံရယူပြီးတာနဲ့ သူ မမပုံဆီကို တန်းပြေးတော့၏။ မမပုံကို သူမ နေထိုင်သည့်တိုက်၏ ဧည့်ခန်းမှာ အဆင်သင့်တွေ့ရသည်။

'အမောတကောနဲ့ ရောက်လာပါလား မောင်လေးရယ် ဘာတွေများ အရေးတကြီးဖြစ်လာတာလဲ'

'မမပုံကို တွေ့မှတွေ့ပါ့မလားလို့ဗျာ'

'ဟဲ့... မမပုံက အိမ်မှာ အမြဲရှိနေတာပဲဟာ'

'မဟုတ်ဘူးလေ၊ မမပုံက ပြင်ဦးလွင်က အမျိုးတွေဆီ သွားတတ်တယ် မဟုတ်လား'

'ဒါက မင်းလိုက်ပို့မှပါကွယ်'

မမပုံက စကားပြောတော့ ညက်၏။ သူနှင့် ခင်မင်ပတ်သက်ခဲ့သည့် သက်တမ်းတစ်လျှောက် မမပုံစကားကြမ်း





ကြမ်းတမ်းတမ်း ပြောသည်ကို တစ်ခါမှ မဆုံဖူးခဲ့။ ဒါကို အွန်းလှဘော်က...

'မင်းကိုတော့ ကြမ်းကြမ်းတမ်းတမ်း ပြောမလားကွ၊ တ်ချွဲနှပ်ချွဲပြောမှာပေါ့၊ သူ့အိမ်က အိမ်ဖော်ကောင်မလေးတွေဆိုရင် ကြမ်းကြမ်းတမ်းတမ်းပြောတာ သူတို့ခြေရင်းတိုက်က အန်တီအောင်က အသေအချာပြောပြတာ'

သည်သို့ ပြောဖူးသည်။

ဒါကလည်း သူ့အတွက် အကြောင်းမဟုတ်။ သူနဲ့သည်း မဆိုင်။

'ကဲ... ထိုင်စမ်းပါဦး၊ ဘယ်လိုရေးကြီးသုတ်ပျာဖြစ်လာရတာလဲ'

သူက မမပုံရှေ့ ဆက်တီမှာ ဝင်ထိုင်ပြီး...

'အကြွေးလာဆပ်တာ မမပုံ'

ပြောပြီး ငွေထုပ်ကို စားပွဲပေါ်တင်သည်။ မမပုံမျက်နှာ ကျက်ခနဲ ပျက်သွားသည်ကိုတော့ သူ သတိပြုမိ၏။

'မောင်လေးကို ဘယ်သူက ဆပ်ခိုင်းနေလို့လဲ'

'မဟုတ်ပါဘူး မမပုံရယ်၊ လက်ထဲမှာ အဆင်ပြေနေ၍ ကြွေးမြီကို ပြန်ဆပ်ရတာ၊ မမပုံ မောင်က အသုံးကြမ်း



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာလည်း မမပုံ သိသားနဲ့'

'အသုံးကြမ်းလို့ သုံးပစ်လိုက်ရော မမပုံက မင်းကို ငြိုငြင်မှာတဲ့လားကွယ်၊ မင်းငွေတွေပြန်ယူသွားပါ၊ နောက်လည်း အရောင်းအဝယ်ကိစ္စတွေက ငွေလိုနေမှာပဲဟာ'

ပြန်ယူလို့ကတော့ မဖြစ်။ ထွန်းလှဘော်ပြောသလို မမပုံနှလုံးသားကို ဆန်းစစ်ကြည့်တော့ ကြက်သီးထဖို့တော့ အလွန်ကောင်းသည်။ ဉပမာ ပြင်ဦးလွင်သွားတုန်းက ထမင်းဆိုင်မှာ သူ့ကိုအတင်းခွဲ့ကျွေးတာတွေ။ ပြန်တွေးရင် ရင်တောင်တုန်ချင်၏။

'လိုရင် မမပုံဆီ အပြေးရောက်လာမှာပါ မမပုံရာ မပူပါနဲ့'

'တကယ်နော်'

'တကယ်ပါ မမပုံရာ'

'သည်မိန်းမကြီးပိုက်ဆံ ငါပြန်ဆပ်ပြီးပြီ၊ ခပ်ကင်းကင်းနေမယ်ဆိုတဲ့ စိမ်းကားတဲ့စိတ်မျိုးတွေ မောင်လေးမဝင်ဘူးနော်'

'စိတ်ကူးမှာတောင် မရှိပါဘူးဗျာ'

သည်စကားကိုတော့ မမပုံ အရမ်းသဘောကျသွား





ရ၏။ မျက်နှာက ဝင်းပသွားသည်။

အခြေအနေကိုကြည့်ပြီး သူ စကားဖြတ်ရ၏။ နှုတ်ဆက်ပြီး အိမ်ထဲကထွက်တော့ မမပုံက စကားတစ်ခွန်းကို ပြောဖြစ်အောင် ပြောသည်။ သည်စကားအတွက် သူ့ခြေလှမ်းတွေ အများမှားအယွင်းယွင်းတောင် ဖြစ်သွားရ၏။

'နောက်ဆို မမပုံကို ပြန်ဆပ်ဖို့ စိတ်မကူးနဲ့နော်၊ မမပုံပိုက်ဆံက မင်းပိုက်ဆံပဲ'

သည်စကားသည် ဘယ်လိုမှ ရိုးသားသောစကား မဖြစ်နိုင်သည်ကိုတော့ သူ အတပ်သိလိုက်ပါသည်။

❂ ❂ ❂

ညဘက် လက်ဖက်ရည်ဆိုင်မှာ မမပုံကို အကြွေးပြန်ဆပ်လိုက်သည့်အကြောင်း သူက ထွန်းလှဘော်ကိုပြောပြသည်။

'တော်သေးတာပေါ့ကွာ၊ နို့မဟုတ်ရင် မင်း မုဆိုးမသင်ဖြစ်ပြီ'

'စကားပြောမရင့်သီးပါနဲ့ကွာ၊ မမပုံကို ငါ သနားတာတော့အမှန်ပဲ'

'သနားရင် ငွေဆယ်သိန်းကို ပြန်မပေးဘဲ နေလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



လားကွ၊ ချစ်ဦးမောင်တို့ အကြွေးမပေးနိုင်လို့ မုဆိုးမအပျိုကြီး က အကြွေးနဲ့သိမ်းသွားပြီဆိုတဲ့သတင်း တို့သူငယ်ချင်းတွေ ကြားမှာ ဖွာလန်ကြဲသွားမယ်'

သူ အသာငြိမ်နေလိုက်ရသည်။

ထွန်းလှဘော်ဆိုသည့်ကောင်က စကားပြောလျှင် ဟောင်ဖွာဟောင်ဖွာ။ သူ့ကိုတော့ ဒီကောင်က အရမ်းခင်တွယ် သည်။

'နေပါဦး၊ ငွေဆယ်သိန်းကို မင်း ဘယ်သူ့ဆီက ယူ ပေးလိုက်တာလဲ'

'ကိုကြီးကျော်ဆီက'

'ဟင်… မင်းနဲ့သိတာ ဘာမှမကြာသေးဘူး၊ ကိုကြီး ကျော်က လွယ်လွယ်ကူကူ ပေးသလား'

သည့်အမေးကို ဖြေရမှာ အတော်ကျပ်လှသည်။

အမှန်အတိုင်းပြောလို့ကတော့ ဒီကောင် သူ့ကို ထခဲ မည်။

နောက်ပြီး သည့်အမှန်စကားကြီးကိုလည်း သူ ဘယ်လို မှ ပြောလို့မဖြစ်။

'ကိုကျော်ကြီးက လူငယ်တစ်ယောက်အနေနဲ့ စီးပွား





ရေး ဝါသနာပါတဲ့ ငါ့ကို အရမ်းလေးစားတယ်ကွ၊ နောက်ပြီး ငါ့ကိုလည်း အရမ်းခင်တယ်'

'မင်းစကားက သိပ်မခိုင်လုံသေးဘူး ထင်တယ်'

'ခိုင်လုံပါတယ် သူငယ်ချင်းရာ၊ ငါ အကူအညီတောင်း တော့ ကိုကြီးကျော်က လိုလိုလားလားကို ပေးတာပါ'

'မမပုံကို ပြန်ပေးဖို့ဆိုတာ ပြောသေးလား'

'အဲသလိုတော့ ဘယ်ပြောမလဲကွ၊ ဆိုင်ကယ်တစ်စီး ခွဲချင်လို့ဆိုပြီး ယူရတာပေါ့'

'မင်း ရှုပ်ရှုပ်ယှက်ယှက်တွေတော့ ထပ်မလုပ်နဲ့ ချစ်ဦး မောင်'

ကိုတိုးကြီးနှင့် မမကြီးကိစ္စကို ရည်ရွယ်ပြီးပြောမှန်း သူသိသည်။ စကားအတွက် စိတ်တောင်အတော်မလုံဖြစ်သွားရ ၏။

'မလုပ်ပါဘူးကွာ'

သူ့အသံ အတော်အားနည်းသွားသည်ကိုတော့ ကိုယ့် ကိုယ်ကိုယ် သိ၏။ အိမ်ပြန်တော့ ဧည့်ခန်းမှာ မမလတ်နှင့် တန်းတိုးပြီး…

'ကိုဦး … လမ်းထိပ်တိုက်က မျက်နှာရှူးလေး မမ



www.burmeseclassic.com

www.burmeseclassic.com



လတ်ကို သူနဲ့သိတာကျနေတာပဲ၊ ရယ်ရယ်မောမောနဲ့ လာနှုတ်ဆက်တယ်လေ၊ မမလတ် လက်ဝါးကတော့ အတော့်ကိုယားနေပြီ ငါ့မောင်’

မမလတ်ကတော့ သူ့ကို သည်စကား ရိုးရိုးသားသားပြောတာ။

သူ့မှာတော့ မမလတ်စကားကြောင့် ခြေဖျားလက်ဖျားတွေပင် အေးစက်ချင်လာပြီ။

◉ ◉ ◉



## (၁၀)

‘မရွှေဇင် ဈေးက ပြန်လာပြီလား’

ရွှေဇင် ခြေလှမ်းကို တုံ့ရပ်ပစ်လိုက်၏။

သည်မျက်နှာပေးပုံစံကို မြင်ကတည်းက သည်လူ မျက်နှာပြောင်ပြောင်နှင့် နှုတ်ဆက်တော့မည်ကို ရွှေဇင် သိပြီးသား။

‘မျက်နှာကြီးကို မှုန်ကုပ်ကုပ်လုပ်မထားပါနဲ့ ရွှေဇင်ရယ်၊ သူစိမ်းတွေမှ မဟုတ်တော့တာ’

ရွှေဇင် မျက်မှောင် ပိုကြုတ်သွား၏။

‘သူစိမ်းတွေမှ မဟုတ်တော့တာ၊ ဟုတ်လား’

‘ဟုတ်တယ်လေ၊ ကိုကြီးကျော်ဆိုတာ ရွှေဇင့် အသည်းနှလုံးမှာရှိနေသလို၊ ရွှေဇင်ဆိုတာလည်း ကိုယ့်အသည်းနှလုံးမှာ ရှိနေတာပဲဟာ’

‘ကိုကြီးကျော်’



www.burmeseclassic.com

www.burmeseclassic.com



'ရွှေဇင်သိနေတာပဲဟာ'

အကြောင်းအရာတစ်ခုခု လွဲမှားနေပြီကို ရွှေဇင် နောက်ချင်းရိပ်စားမိလိုက်၏။

သည်အတိုင်းဆိုလျှင် ပြဿနာသည် လမ်းလယ်ခေါင်မှာဖြစ်လို့ မကောင်းတော့။

'ကျွန်မတို့ လူရှင်းတဲ့ စားသောက်ဆိုင်တစ်ဆိုင်မှာ စကားပြောကြရအောင်'

'သည်အခွင့်အရေးကို မျှော်လင့်ခဲ့တာ ကြာပါပြီ ရွှေဇင်ရယ်၊ ကိုယ်ဟာ သည်ကမ္ဘာမှာ ကံအကောင်းဆုံးလူသားတစ်ယောက်ဖြစ်ပါပြီ'

ရွှေဇင် အံကို ခပ်တင်းတင်းကလေး ကြိတ်သည်။ အချေအတင်စကားက လမ်းလယ်ခေါင်မှာ ဘယ်လိုမှ ပြောလို့ မဖြစ်တော့။

မျက်လုံးတစ်ဝေ့မှာ မလှမ်းမကမ်းမှ စားသောက်ဆိုင်တစ်ခုကို လှမ်းမြင်သည်။

ရှမ်းအစားအစာရောင်းသော ဆိုင်ဖြစ်ပြီး လူသူရှင်းသည်။

ရွှေဇင်ကပင် ဦးဆောင်ပြီး စားသောက်ဆိုင်ထဲဝင်ခဲ့၏။





'ရွှေဇင် ဘာစားမလဲဟင်'

'စားဖို့ထက် စကားပြောဖို့က အရေးကြီးနေတယ်၊ နောက်ပြီး ကျွန်မကို ရွှေဇင်… ရွှေဇင်လို့ ပိုင်စိုးပိုင်နင်း မခေါ်ပါနဲ့'

'ဟာ…'

သူ့မျက်နှာမှာ အံ့အားသင့်ဟန်တွေရှိနေ၏။

စားပွဲထိုး အနားရောက်လာတော့ သူကပင် အအေးနှစ်လုံးမှာသည်။

'ကျွန်မ ရှင့်ကို ပြောမယ်'

'ပြောပါ မရွှေဇင်'

'ရှင်က ကျွန်မနာမည်ကို သိနေပေမယ့် ကျွန်မက ရှင့်နာမည် ကိုကြီးကျော်ဆိုတာကို ခုမှသိတယ်၊ ဒါတောင် ရှင် ပြောလို့ သိတာ'

'ဟင်…'

'မဟုတ်ဘူး၊ ရှင်ဘာတွေ အံ့အားတသင့်ဖြစ်နေတာလဲ၊ သေချာတာတစ်ခုကတော့ ရှင်နဲ့ကျွန်မ ဘာမှပတ်သက်မှု မရှိဘူးဆိုတာပဲ'

သူ၏ ထိတ်ထိတ်ပျာပျာဖြစ်ဟန်ကို သူမက မျက်



www.burmeseclassic.com

www.burmeseclassic.com



မှောင်ကြုတ်ကြည့်နေဆဲမှာ…

'ဘာလို့မပတ်သက်ရမှာလဲ ရွှေဇင်ရယ်၊ မရွှေဇင်ကိုယ်တိုင် ရေးတဲ့စာ ကိုယ့်မှာအနိုင်အမာရှိနေတဲ့ဟာ'

'ကျွန်မရေးတဲ့စာ ဟုတ်လား'

'ဟုတ်တယ်လေ'

'ဘယ်သူက ပေးတာလဲ'

'မရွှေဇင်ရဲ့မောင် ချစ်ဦးမောင်ကိုယ်တိုင်ယူလာခဲ့တာပါဗျာ၊ သည့်ထက် သေချာစရာအကြောင်း ဘာမှမရှိပါဘူး'

'ဟင်…'

ရွှေဇင် မျက်လုံးဝိုင်းဝိုင်းလည်သွားသည်။

ကိုကြီးကျော်ဆိုသည့် ပုဂ္ဂိုလ်ကြီးကတော့ သူမမျက်နှာကို မျှော်လင့်ချက်တွေနှင့် ကြည့်နေဆဲဖြစ်ပါ၏။

'အဲဒီစာ ကျွန်မကို ခဏပြပါလား'

'ကိုယ်ရေးတဲ့စာကို ပြန်တောင်းကြည့်ရတယ်လို့ မရွှေဇင်ရယ်၊ သည်မှာပါ ခင်ဗျာ၊ သည်မှာပါ၊ မရွှေဇင်စာကို ကိုယ်က သွားလေရာကို မြတ်မြတ်နိုးနိုးနဲ့ကို ယူသွားတာပါ'

ထုတ်ပေးသည့်စာကို ရွှေဇင်အသေအချာဖတ်သည်။ ဖတ်ရင်းနှင့် အသားတွေ တဆတ်ဆတ်တုန်လာ၏။





သည်လက်ရေးကို သူမ မသိဘဲနေမလား။

အံကိုတင်းတင်းကြိတ်ထားရာမှ ရွှေဇင် ဒေါသကို ထိန်းသည်။

တစ်ဆက်တည်း ကိုကြီးကျော်ဆိုသည့် ပုဂ္ဂိုလ်ကြီးကို ဒေါသဖြစ်ရမလား၊ အားနာရမလားမသိအောင် စိတ်က ထွေပြားသွား၏။

'ကျွန်မ မေတ္တာရပ်ခံပါရစေ'

'ဘာကိုလဲ မရွှေဇင်'

'ကျွန်မတို့အိမ်ကို ခဏလိုက်ခဲ့ပါနော်'

'ဟာ… မရွှေဇင်ရာ၊ မိဘတွေကိုနားဖောက် အသိပေးတော့မလို့လား'

'ရှင် ရီးအတာလား၊ ကြောင်တာလားဆိုတာကို ကျွန်မ မစဉ်းစားချင်ဘူး ဦးကိုကြီးကျော်၊ အိမ်ရောက်ရင် ရှင် စိတ်ရှင်းသွားမှာတော့ အမှန်ပဲ'

'လိုက်မယ် မရွှေဇင်၊ လိုက်မယ်၊ မရွှေဇင်ခေါ်လို့ကတော့ ကမ္ဘာ့အပြင်ဘက်ကိုတောင် လိုက်ဝံ့တယ်'

ရွှေဇင် အတော်ကို စိတ်ညစ်သွား၏။

တစ်ဆက်တည်း မောင်ဖြစ်သူ ချစ်ဦးမောင်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



အမှုန့်ကြိတ်ပစ်ချင်လောက်အောင် ဒေါသကဖြစ်လာရပြန်သည်။

ဆိုင်ကထွက်တော့ ကိုကြီးကျော်ဆိုသည့် ပုဂ္ဂိုလ်ကြီးက သူမ နောက်မှ ခပ်ကုပ်ကုပ်ကလေး လိုက်ပါလာပါ၏။

◉ ◉ ◉

(၁၁)

အောင်စံဖြူ ခပ်ပျာပျာလျှောက်လာတာ မြင်ကတည်းက ပြဿနာပါလာပြီမှန်း သူသိလိုက်၏။

သောက်လက်စ လက်ဖက်ရည်ကို အသာရပ်ပြီး ငေးကြည့်နေဆဲမှာ အောင်စံဖြူအနားသို့ ရောက်လာ၏။

'ပြဿနာတွေတော့ တစ်ထွေးကြီးတက်နေပြီ အစ်ကိုသားရေ'

အမောတကောနှင့် သူ့ရှေ့ထိုင်ခုံပုလေးမှာ ဝင်ထိုင်၏။

'ဘာပြဿနာလဲကွ'

'ကိုကြီးကျော်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးလည်း အိမ်ရောက်နေတယ်'





www.burmeseclassic.com

www.burmeseclassic.com



'ဟင်… သူက ဘယ်လိုလုပ် အိမ်ရောက်နေရတာလဲ'

'မမလတ် ခေါ်လာတာဗျ၊ မမလတ် ခေါ်လာတာ၊ အဖေကြီးနဲ့ အမေကြီးလည်း ယမ်းပုံမီးကျဖြစ်နေပြီ'

ခုမှ သူ့ရင်တွေ တဆတ်ဆတ်ခုန်လာတော့သည်။

အခြေအနေသည် ကောင်းနိုင်တဲ့ဘက်မှာ ဘယ်လိုမှ မရှိတော့။

'အစ်ကိုလေးကလည်း ဓာတ်လမ်းကို ရှုပ်ပါတယ်ဗျာ၊ ဓာတ်လမ်းရှုပ်ရင်လည်း ကိုယ့်ဘာသာကိုယ်ရှုပ်ပေါ့၊ မမလတ်ကို ဘာလို့ဓာတ်လမ်းထဲ ဆွဲထည့်ရတာလဲ၊ မမကြီးဆို အစ်ကိုလေးကို သတ်ချင်လိုက်တာမှ အံတကြိတ်ကြိတ်ကိုဖြစ်နေတာ'

'ငါ့ကို အကျိုးအကြောင်း သေသေချာချာပြောပြပါဦး အောင်စံဖြူရာ၊ ငါတော်တော် စိတ်ဆင်းရဲနေပြီ'

အောင်စံဖြူအတွက် လက်ဖက်ရည်တစ်ခွက် မှာပေးသည်။

အောင်စံဖြူက လက်ဖက်ရည်ကို အရမ်းကြိုက်၏။ လက်ဖက်ရည် တစ်ငုံနှစ်ငုံသောက်ပြီး အောင်စံဖြူက ဓာတ်စုံရှင်းပြသည်။

'ဟာ… ကိုကြီးကျော် တော်တော်ဆိုးတာပဲကွာ'





'ဘာဆိုရမှာလဲ အစ်ကိုလေးရ၊ အစ်ကိုလေးက မမလတ်ပေးသလို လုပ်ကြံရေးထားတော့ ပုဂ္ဂိုလ်ကြီးက ရဲရဲတင်းတင်း ဝင်လုံးတော့တာပေါ့'

သူ့အတွေးတွေ ဝေ့နေသည်။ မျက်စေ့ထဲမှာ မမလတ်နှင့် မမကြီးဒေါသကို ပြေးမြင်သည်။

သည်ကိစ္စနှင့်ပတ်သက်ပြီး ဖေဖေက သူ့ကို ဘယ်လိုမှ ခွင့်လွှတ်လိမ့်မည်မဟုတ်။

'မေကြီးကတော့ ရင်တဖိဖိပေါ့ အစ်ကိုလေးရာ၊ ဖေကြီးကတော့ အစ်မတွေကို သိက္ခာမကျကျအောင် ချတဲ့ကောင် ပြန်လာပါစေဦးဆိုပြီး အပြတ်ကြိမ်းနေတယ်၊ မမကြီးနဲ့ မမလတ်ကလည်း အစ်ကိုလေးကို သမဖို့ ဟန်တပြင်ပြင်ပေါ့ဗျာ'

'နေပါဦး၊ ဘယ်လိုကိစ္စ ပြီးပြတ်သွားကြလဲ'

'ကိုကြီးကျော်က အစ်ကိုလေး သူ့ဆီက ငွေဆယ်သိန်းသုံးသွားတာကိုပါ ဖွင့်ပြောတာ'

'ဒုက္ခပါပဲကွာ'

'ဒုက္ခမနေနဲ့၊ ငွေဆယ်သိန်းကို မေကြီးက ပြန်ဆပ်လိုက်ပြီ၊ ဖေကြီးကတော့ ကျွန်တော်ထွက်လာတဲ့အချိန်ထိ ဒေါက်တခေါက်ခေါက်ဖြစ်နေတယ်'



www.burmeseclassic.com

www.burmeseclassic.com



သူ အတန်ကြာ စဉ်းစားပြီးတော့မှ...

'ငါ အိမ်ပြန်လို့ မဖြစ်တော့ဘူး အောင်စံဖြူ မင်းလည်း အိမ်မပြန်နဲ့တော့'

'ဖြစ်ပါ့မလား အစ်ကိုလေးရာ၊ အိမ်မပြန်လို့ ကျွန်တော်တို့နှစ်ယောက် ဘယ်သွားနေမှာလဲ'

'ရန်ကုန်သွားမှာပေါ့ကွ၊ ရန်ကုန်မှာ ငါ့အဘိုးနဲ့အဘွား ရှိတာပဲဟာ၊ မင်းကလည်း မသိတာကျနေတာပဲ'

အောင်စံဖြူ ခပ်တွေတွေကလေး စဉ်းစားနေ၏။

ရန်ကုန်မှာ ဖေဖွေအဖေနှင့်အမေ သက်ရှိထင်ရှား ရှိသည်ကို ဒီကောင် မသိမဟုတ်။

ဘိုးဘိုးနဲ့ ဘွားဘွား ချမ်းသာပုံကလည်း စာဖွဲ့လို့ပင် မကုန်။

'မင်း ဘာတွေစဉ်းစားနေတာလဲ အောင်စံဖြူ ငါနဲ့ မလိုက်ဘူးလား၊ မလိုက်ချင်ရင် ရတယ်လေ၊ မင်းအိမ်ပြန်သွားရင် မင်းလည်း ကြံရာပါဆိုပြီး မကြီးနဲ့ မမလတ်က ဝိုင်းသမမှာ အသေအချာပဲ'

မမကြီးနှင့် မမလတ်ဆိုသည်နှင့် ဒီကောင် ကျောတွန့်သွား၏။





'ဟုတ်တယ်၊ အစ်ကိုလေးနဲ့လိုက်မှ ဖြစ်တော့မှာ၊ အစ်ကိုလေးမရှိရင် ကျွန်တော့်ကို မမကြီးနဲ့မမလတ်က နှိပ်စက်မှာ အသေအချာပဲ'

သူ ကျိတ်ပြီး ပြုံးလိုက်သည်။

သူဘာလုပ်လုပ် မမကြီး၊ မမလတ်နှင့် ခြောက်လိုက်လျှင် အောင်စံဖြူ ချေးချမ်းလောက်အောင် ကြောက်၏။

'ခုလည်း မမလတ်က ကျွန်တော့်ကို မျက်စောင်းတထိုးထိုးနဲ့ဗျာ'

'ဒါကြောင့်မို့ မင်းနေခဲ့လို့မဖြစ်ပါဘူးလို့ ငါပြောနေတာပေါ့၊ မင်း ငါ့ဘေးမှာပါတော့ ငါလည်း အဖော်ရတာပေါ့ကွာ'

'ကျွန်တော်ကလည်း အစ်ကိုလေးကို မခွဲနိုင်ပါဘူးဗျာ၊ ဒါနဲ့ ရန်ကုန်ကို ဘယ်တော့သွားမှာလဲ အစ်ကိုလေးရ'

'ဒီည ရထားနဲ့ပဲဆင်းမယ်'

သည်သို့နှင့်...

သူနှင့် အောင်စံဖြူ ရန်ကုန်သို့ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ဆင်းခဲ့ပါတော့၏။

မန္တလေးဘူတာမှ ရန်ကုန်သို့ ရထားကြီးဘီးအလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မှာ သူနှင့် အောင်စံဖြူက မန္တလေးမြို့ကြီးကိုတော့ တာ့တာ လုပ်ခဲ့ပါသေးသည်။

● ● ●



# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

'မိုက်ရိုင်းလိုက်တာကွာ၊ သင်းငယ်ငယ်ကရော မှုဆိုးမမိုက်ပဲ နေခဲ့လို့လား၊ ကိုယ့်သားသမီး အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဆင်းလာရတာကို သင်းက ဂုဏ်မျှားယူနေသလား မသိဘူး'

သူကလည်း ဘိုးဘိုး 'ဦးထွန်းလတ်' ကို မြှောက်ထိုးပင့်ကော် စကားဆက်ပြောသည်။

'ဘိုးဘိုးစဉ်းစားကြည့်လေ၊ အိမ်ပြန်လာရင် အသေကို သတ်မယ်ဆိုတော့ သားက အိမ်ကို ဘယ်ပြန်ရဲတော့မလဲ၊ အောင်စံဖြူကို တစ်ခါတည်းခေါ်ပြီး ဘိုးဘိုးနဲ့ဘွားဘွားဆီ တန်းပြေးလာတာပေါ့'

'အောင်မယ်… အောင်မယ်၊ သင်းက ငါ့မြေးကို သတ်မယ်ပေါ့၊ မိုက်ကန်းလိုက်တာ ခင်မောင်လတ်ရယ်၊ ငါ့ရှု



www.burmeseclassic.com

www.burmeseclassic.com



မှာသာ ဒီစကားမျိုးပြောလို့ကတော့ သင်းကို ပါးနားလိုမ့်ရိုက်တယ်'

ဘွားဘွား 'ဒေါ်ခင်မေလတ်'၏ ဒေါသကလည်း မသေး။ ခင်မောင်လတ်ဆိုတာကတော့ ဖေဖေ့နာမည်။ ဖေဖေ့အပေါ် ဖြစ်ပေါ်နေသည့် ဘိုးဘိုးဘွားဘွား၏ ဒေါသကို ကြည့်ပြီး သူကတော့ ရယ်ချင်နေ၏။

'အဖေကြီး, မန္တလေးက ရှင့်သားဆီ ဖုန်းဆက်စမ်း ဖုန်းထဲကနေ ရက်ရက်စက်စက်ကို ပြောပစ်လိုက်

'အေး... ငါလည်း ခုဆက်တော့မလို့ကွ၊ ဘယ့်နှယ်ကွာ၊ ကိုယ့်မွေးတဲ့သားကိုများ သတ်မယ်၊ ဖြတ်မယ်တဲ့၊ သည်လို အဖေမျိုး ငါ့တစ်သက်မတွေ့ဘူးပေါင်ကွာ'

ဘိုးဘိုးက ပြောလည်း ပြော၊ ဖုန်းခွက်ကိုလည်း လက်နှင့် နှိပ်သည်။

သူကတော့ တစ်ဖက်မှ ဖေဖေက ဘာတွေများပြောမလဲဟု ရင်တထိတ်ထိတ်။

ဖုန်းက တစ်ခါတည်း တန်းရသည်ထင်၏။

'ခင်မောင်လတ် ရှိလား'

'..............'





'သြော်... မင်းကို၊ နေစမ်းပါဦး၊ မင်းက ငါ့မြေးကို ဘယ်လိုလုပ်လိုက်တာလဲ'

'..............'

'ရောက်နေတယ်၊ ရောက်နေတယ်၊ မင်းသတ်မှာစိုးလို့ ငါ့မြေးက အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ရန်ကုန်ကို ဆင်းပြေးလာရတာ'

'..............'

'မင်း ငါ့ကို အပိုတွေပြောမနေနဲ့, ခင်မောင်လတ်၊ မင်း ငယ်ငယ်ကလည်း ဆိုးဆိုးပေပေနေခဲ့တာပဲ၊ ဒီအရွယ်မှာ ကလေးစတိုင်လ်နဲ့တော့ နေမှာပေါ့ကွ'

'..............'

'တက္ကသိုလ်က ဘွဲ့ဘယ်နှခုပဲရရ၊ ငါတို့အမြင်မှာတော့ ငါ့မြေးဟာ ကလေးပဲ၊ ဒီမယ် မင်း ငါ့ကို တောပြောတောင်ပြောတွေ လျှောက်ပြောမနေနဲ့၊ ငါ့မြေးကို မန္တလေးပြန်မလွှတ်တော့ဘူး၊ ရန်ကုန်မှာပဲ ခေါ်ထားတော့မယ်၊ မင်းကွာ၊ ကိုယ့်သားအရင်းကို ပထွေးလိုများ ဆက်ဆံရတယ်လို့၊ ဒါပဲ၊ ငါ အပိုစကားတွေ မကြားချင်ဘူး'

ဘိုးဘိုးက ဖုန်းကို ဌပ်ခနဲ ချပစ်လိုက်၏။ ဘိုးဘိုးလေ



www.burmeseclassic.com

www.burmeseclassic.com



[illegible]ကြောင့် အမေ သွေးလန့်သွားမှာတော့ သေချာသည်။ [illegible]ပြီး ဘိုးအေကို ဒီကောင်ဘာတွေ ကတုံးကတိုက်ပြော[illegible] [illegible]ပြီး သူ့ကို ဒေါကန်မည်။

သူကလည်း စိတ်ကို ဒုံးဒုံးချထား၏။ မန္တလေးကိုတော့ ပြန်ရေးချ မပြန်။

နံနက်စားသောက်ပြီးသောအခါ ဘိုးဘိုးက သူ့ကို စကားပြောလာသည်။

'ဒီမှာက ငါ့မြေးရဲ့အဒေါ် အပျိုကြီးက သုံးယောက် ဘိုးဘိုးနဲ့ ဘွားဘွားအပြင် အိမ်ဖော်ကောင်မလေးတွေက သုံး ယောက်လောက်ရှိတယ်၊ ငါ့မြေး ဘိုးဘိုးတို့နဲ့ အတူနေရင် လွတ်လွတ်လပ်လပ်ရှိပါ့မလားလို့၊ ဘိုးဘိုးက တွေးတယ်လေ သံလွင်လမ်းက တစ်ထပ်တိုက်လေးမှာ ငါ့မြေး လွတ်လွတ်လပ် လပ် နေချင်မလားလို့ပါ'

'ဟာ… နေချင်တာပေါ့ ဘိုးဘိုးရ၊ သားက ဗိုလ်များ ထားသလားလို့ တွေးပူနေတာ'

'ဘိုးတို့က ဗိုလ်စားရမယ့်အဆင့်လား ငါ့မြေးရယ် ဒီတော့ သံလွင်လမ်းက တိုက်မှာ ငါ့မြေးနဲ့ အောင်စံဖြူ လွတ် လွတ်လပ်လပ်နေ၊ နံနက်စာနဲ့ ညနေစာကို အောင်စံဖြူက





ချိုင့်လာယူပေါ့၊ ဟိုဘက်လမ်း သည်ဘက်လမ်း ဘာလေးဟာ မှတ်လို့'

သည်လိုနှင့် သူနှင့်အောင်စံဖြူ နေရေးထိုင်ရေးက ပြီးပြတ်သည်။ ရောက်သည့်တစ်ရက်ကိုတော့ သူ ဘိုးဘိုးတိုက် မှာ အဒေါ်တွေနှင့် သိုက်သိုက်ဝန်းဝန်းနေရသေး၏။ နောက်နေ့ မှာ သူနှင့်အောင်စံဖြူ ခြံနှင့်တိုက်သော့ကိုယူကာ သံလွင်လမ်း တိုက်သို့ ပြောင်းခဲ့တော့၏။

သည်မှာ သူ့နှလုံးသားလည်း တစ်ဆစ်ချိုးပြောင်းလဲ ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# (၁၃)

'ဘိုးဘိုးကြီးကတော့ ပိုင်တယ်ကွာ'

'ဘာကိုလဲကွ'

'မြေးဖြစ်သူကိုလည်း အလိုလိုက်၊ အဒေါ်တွေနဲ့လည်း တစ်ပတ်ကို သုံးရက်ဆိုင်ကိုလိုက်ခိုင်းပြီး ရတနာအရောင်း အဝယ်ကိုလေ့လာခိုင်း၊ ဘိုးဘိုးကြီးက မြေးလူမိုက်ကြီးကို ပုံစံ သွင်းတာ တကယ်သိမ်မွေ့တယ်'

ခြံထဲမှာ အမှိုက်ရှင်းရင်း အောင်စံဖြူက သူ့ကိုပြော သည်။

'တို့က ရတနာမျိုးရိုးကွ၊ ငါလည်း ရတနာလုပ်ငန်းကို ဝါသနာပါတာပဲ'

'ဒါဖြင့် မန္တလေးမှာ မမကြီးတို့နဲ့ ဘာလို့မလုပ်တာ လဲ'





'ဒါ မမကြီးနဲ့ မမလတ်ကို အမြင်ကတ်လို့မလုပ်တာ၊ သူတို့ဆီက ပညာလေးတစ်ခုရဖို့အရေး ခေါင်းကိုအခါတစ်ရာ လောက် အထုခံရတာ'

သူ့စကားကို အောင်စံဖြူက သဘောကျစွာရယ်၏။ ရယ်ရင်းနှင့် တောင်းထဲမှ အမှိုက်များကို တူးထားသည့် မြေ ကျင်းထဲ သွန်ထည့်သည်။

'ကျွန်တော် တစ်ခုစဉ်းစားလို့ရနေတယ် အစ်ကိုလေး'

'မင်းကလည်း အရင်းမရှိ အဖျားမရှိ ဘာကိုစဉ်းစားလို့ ရနေပြန်တာလဲ'

'မမကြီးနဲ့ မမလတ် အပျိုကြီးဖြစ်နေတဲ့ ကိစ္စကိုပါ'

သူက မျက်မှောင်ကြုတ်ပြီး အောင်စံဖြူကို ကြည့် သည်။

အောင်စံဖြူက ပေါက်ပေါက်ရှာရှာ တွေးတတ်၏။

'အစ်ကိုလေးရဲ့ အဒေါ်သုံးယောက်လေ၊ သုံးယောက် စလုံးက အပျိုကြီးတွေဗျ'

'ဒါ အထူးအဆန်းလားကွာ'

'အထူးအဆန်းမဟုတ်ပေမယ့် မျိုးရိုးလိုက်တတ်တဲ့ လူ့ သဘောကို စဉ်းစားမိလို့ အစ်ကိုလေးရ'



www.burmeseclassic.com

www.burmeseclassic.com



'စကားကို မင်းနဲ့တန်တဲ့ စကားလောက်ပဲပြောတာ ကောင်းလိမ့်မယ် အောင်စံဖြူ'

'မဟုတ်ဘူးလေ၊ အဒေါ်သုံးယောက်က အပျိုကြီးလုပ်နေမှတော့ မမကြီးနဲ့ မမလတ်လည်း အပျိုကြီးဖြစ်တော့မှာပေါ့ အစ်ကိုလေးရာ'

သည်စကားကတော့ ဖြစ်နိုင်လောက်သည်။ အဘက်ဘက်ဂုဏ ပြီးပြည့်စုံနေပါလျက် ယောကျာ်းသနားများကို စိတ်မဝင်စားမှုက မမကြီးနှင့် မမလတ်သည် ဒေါ်လေးတို့လို အပျိုကြီးလမ်းကြောင်းကို ဦးတည်နေခြင်းဖြစ်တော့သည်။

'ငါကတော့ လူပျိုကြီး မလုပ်နိုင်ဘူးကွာ'

'ရည်းစားရှိလို့လား'

'ရှိတော့ မရှိသေးဘူးပေါ့ကွ၊ ရှိလာရင်တော့ တစ်ခါတည်းကို ယူပစ်လိုက်မှာ'

သည်စကားကို အောင်စံဖြူက သဘောကျစွာဖြင့် ရယ်ပြန်၏။ ရယ်ရင်းနှင့် အောင်စံဖြူမျက်နှာပိုး ပြောင်းသွားကာ...

'အစ်ကိုလေး... အစ်ကိုလေး'

'ဘာလဲဟ'

'လာ... လာ... မြန်မြန်လာစမ်းပါ'





အောင်စံဖြူ ပြေးကပ်သွားသည့် ပန်းချုံနံဘေးသို့ သူပါ အပြေးလိုက်သွားရသည်။

'ကြည့်စမ်း အစ်ကိုလေး၊ ကြည့်စမ်း'

ခြံရှေ့လမ်းပေါ်မှာ လှုပ်လီလှုပ်လဲ့ လျှောက်သွားသည့် ေတိမ။

မျက်နှာအလှကို အံ့အားတသင့်ခံစားရင်း သူက...

'အားပါး ... ကိုယ်ကျိုးနဲ့အောင်ကိုလှပတဲ့ ေတိမပါလား အောင်စံဖြူရာ'

'ကျွန်တော်မြင်ထားတာ သုံးလေးရက်လောက်ရှိပြီ အစ်ကိုလေးရဲ့၊ လှလွန်းတယ်ဗျာ၊ ဒါ့ကြောင့် အစ်ကိုလေးကို အားရဝမ်းသာကြီးနဲ့ကို ခေါ်ပြရတာ'

အောင်စံဖြူက အားရဝမ်းသာကြီးဖြစ်နေသလောက် သူ့ရင်မှာတော့ တဒိတ်ဒိတ်ခုန်နေသည်။

မန္တလေးမှာ၊ ကျောင်းမှာ အချောအလှပေါင်းများစွာကို ရင်ဆိုင်ကြုံတွေ့ခဲ့ပါလျက်နဲ့ ရင်က သည်လောက်မခုန်။

'အစ်ကိုလေး မကြိုက်ဘူးလား'

'ဟာကွာ ချက်ချင်းကြီး သွားကြိုက်လို့ကတော့ ဟိုက ..းကို ကောင်းကောင်းကြီးရိုက်လွှတ်ပြီပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲမှနေ၍ သူတို့ချောင်းမြောင်းကြည့်နေမည်ကို တေမိမက မြင်ပုံမရ။

'ယဉ်တယ်၊ လှတယ် အစ်ကိုလေးရာ၊ တေမိအလှက ခေတ်ကိုလည်း ယှဉ်လို့ရတယ်'

'ဘယ်မှာနေတာလဲ'

'ဟာ... ဒါတော့ ကျွန်တော်လည်း ဘယ်သိမလဲ အစ်ကိုလေးရ၊ အစ်ကိုလေးနဲ့အတူ ရန်ကုန်ရောက်တာပဲဟာ'

'မင်းက သုံးလေးခါ မြင်ဖူးတယ်ဆိုလို့ပါ'

'ညနေဘက်တွေ ခြံရှေ့လျှောက်သွားတာကို မှတ်ထားတာ'

သူ ပင့်သက်ဖွဖွချသည်။ ဒါကို အောင်စံဖြူက မြင်ဖြစ်အောင် မြင်၏။

'ပင့်သက်တွေချလို့ပါ'

'အမှန်အတိုင်းပြောရရင်တော့ ရင်ခုန်သွားတယ်ကွာ'

'အဲဒါ အချစ်ပဲ'

အောင်စံဖြူဆိုသည့်ကောင်က အချစ်ဝတ္ထုကို တင်ရက်တည်း သုံးလေးအုပ်လောက်ဖတ်သည့်ကောင်။ အချစ်နှင့် ပတ်သက်ပြီး ဒီကောင့်ကို ပေါ့ပေါ့တန်တန်ပြောလို့မရ။





'ရင်ကို ဆက်သာခုန် အစ်ကိုလေး၊ သည်တေမိ သည် အနီးဝန်းကျင်မှာ နေတာတော့ အသေအချာပဲ၊ အောင်စံဖြူ ခံစမ်းလိုက်ရင် အများဆုံး သုံးရက်ပေါ့ဗျာ'

ဘာပြန်ပြောရမှန်းပင် မသိတော့။

သူ အသာငြိမ်နေလိုက်သည်။

ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းသက်ရောက်သည် ဆိုသည့် သဘောထားကိုတော့ သူ မစစ်ကြောချင်တော့ပါ။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

သုံးရက်မတိုင်မီ ပြဿနာက ဝင်တော့၏။

'ကိုလွင်··· ကိုလွင်'

နောက်ပါးမှ ခေါ်လာသည့် အသံကြောင့် သူ ခြေအစုံကိုတန့်ပြီး နောက်သို့လှည့်အကြည့်···

သူ့အရှယ် အမျိုးသမီးတစ်ဦး သူ့ထံသို့ အသည်းအသန်ပြေးလာပြီး သူ့ရင်ခွင်သို့ ခေါင်းတိုးဝင်တော့၏။

'ဟာ··· ဟာ··· ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ ကျုပ်နာမည် ကိုလွင်လည်း မဟုတ်ဘူး၊ ခင်ဗျားကိုလည်း မသိဘူး'

'ရက်စက်လိုက်တာ ကိုလွင်ရယ်၊ ဒီကကောင်မရဲ့ မျက်နှာကို သေသေချာချာကြည့်ပါဦး၊ ကိုလွင့်အသည်းနှလုံးထဲက သီတာလေ'





'ပြဿနာပါပဲဗျာ၊ ကျုပ်အသည်းနှလုံးမှာ သီတာမရှိဘူး၊ ဘီယာပဲရှိတယ်၊ ကျုပ်က ဘီယာသမား'

'အမယ်လေးလေး၊ ဘီယာသမားတဲ့၊ ကိုလွင်က ဘီယာမပြောနဲ့ စီးကရက်တောင် သောက်တတ်လို့လား'

ပြောလည်းပြော သူ့ကိုလည်း အတင်းဖက်သည်။

'ဖယ်ဗျာ၊ ခင်ဗျား ဖယ်စမ်းပါ'

'ဘာလို့ ဖယ်ရမှာလဲ၊ ကိုလွင်မပါဘဲနဲ့ သီတာက ဘယ်တော့မှ မပြန်ဘူး၊ နေပါဦး ကိုလွင်ရယ်၊ သီတာမေးစမ်းပါရစေ၊ သီတာ့ကိုပစ်ပြီး ကိုလွင် ဘယ်တွေလျှောက်သွားနေတာလဲ'

'ဘယ်မှမသွားဘူး'

'မသွားရင် သီတာ့ဆီကိုလွင် အမြဲရောက်နေရမှာပေါ့၊ ခုတော့ ဟင့်··· ဟင့်'

'ဟာ··· ခင်ဗျားငိုနေတယ် ဟုတ်လား၊ ဒုက္ခပါပဲဗျာ၊ လမ်းလယ်ခေါင်ကြီးမှာ လူတွေက ကစ်မျိုးထင်ကုန်ကြတော့မှာပဲ'

'မသိဘူး၊ မသိဘူး၊ ကိုလွင့် ဘယ်မှမသွားဘူးလို့ ပြောထားတယ်၊ ဘယ်မှမသွားဘဲနဲ့ သီတာ့ဆီ မလာဘူး



www.burmeseclassic.com

www.burmeseclassic.com



ကိုလွင် သီတာ့ကို စိမ်းစိမ်းကားကားပြုမူတာပဲ'

'ခက်ပါလား၊ ဘယ်မှမသွားဘူးဆိုတာ ကျုပ်အိမ်ကနေ ကျုပ် ဘယ်မှမသွားဘူးဆိုတာကို ပြောတာ'

သူက သူ့ကို သိုင်းဖက်ထားသည့် ငတိမ၏ လက်ချောင်းများကို ဆွဲဖယ်သည်။

ငတိမက မလွှတ်။ အတော်ကို အားကောင်းသည့် ငတိမပါပဲ။

'ကိုလွင် ပြန်လိုက်ခဲ့ရမယ်'

'အိမ်ကိုပေါ့၊ ဖေဖေနဲ့မေမေ ကိုလွင့်ကို မြင်ရင် ဘယ်လောက်ဝမ်းသာရှာမလဲ'

'မသိဘူးဗျာ၊ မသိဘူး'

သူ အတင်းရုန်းဖယ်သည်။ ငတိမကလည်း အတင်းဖက်သည်။ လမ်းလယ်ခေါင်မှာ ကြည့်မကောင်း ရှုမကောင်းဖြစ်နေချိန်မှာ...

'ဟဲ့... သမီး၊ သမီး'

ငတိမကိုကျော်ပြီး သူ လှမ်းကြည့်သည်။ ဖေဖေနှင့်မေမေ့အရွယ်။ အဘိုးကြီးနှင့် အဘွားကြီးနှစ်ဦးထံပါးသို့ အပြေးရောက်လာပြီး သီတာဆိုသည့် ငတိမကို ဝိုင်းဆွဲကြ၏။





'မဆွဲနဲ့... မဆွဲနဲ့၊ သီတာ့ကိုမဆွဲပါနဲ့၊ မခွဲနိုင်ဘူး၊ သီတာ ကိုလွင်နဲ့ မခွဲနိုင်ဘူး'

'သမီးလေးရယ်... ဒါ... သမီးလေးရဲ့ ကိုလွင်မှမဟုတ်ဘဲကွယ်၊ လွှတ်လိုက်ပါ၊ သူ့ခမျာ အားနာစရာပါပဲ'

အဘွားကြီးက ပြောလည်းပြော ဆွဲလည်းဆွဲ။

အဘိုးကြီးကလည်း...

'အန်ကယ်တောင်းပန်ပါတယ် ငါ့တူရယ်၊ အန်ကယ် အနူးအညွတ်ကို တောင်းပန်ပါတယ်'

နောက်ဆုံး သီတာဆိုသည့် ငတိမ အဘိုးကြီး အဘွားကြီးလက်ထဲသို့ ရုန်းကာကန်ကာ ပါသွားပြီး မလှမ်းမကမ်းရှိ ခြံကျယ်ကြီးထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့၏။

'အင်း... ညက အိပ်မက်ဆိုးတွေမက်တာ ကွက်တိပါပဲ၊ အဘိုးကြီးနဲ့ အဘွားကြီးတာ ရောက်မလာရင် ငါ နေရင်းထိုင်ရင်း မိန်းမရသွားမှာ အမှန်ပဲ'

တွန့်ကြေနေသည့် အင်္ကျီကို ဆွဲဆန့်။ ကျွတ်လုနီးပါးဖြစ်နေသည့် လုံချည်ကို ပြင်ဝတ်ပြီး သူခြေလှမ်းသွက်သွက်နှင့် အိမ်ကို ပြန်ပြေးရတော့၏။



www.burmeseclassic.com

www.burmeseclassic.com

(၁၅)

နံနက်စာအတွက် အောင်စံဖြူ ထမင်းချိုင့်ယူပြီး ပြန်လာချိန်တွင် သူ ဆက်တီပေါ်မှာ ခြေပစ်လက်ပစ်ဖြစ်နေတော့၏။

'ဟာ… အစ်ကိုလေး ဘယ်လိုဖြစ်နေတာလဲ၊ ကိုယ်မှာလည်း ချွေးတွေသံတွေရွှဲလို့၊ လမ်းဆုံက လက်ဖက်ရည်ဆိုင်မှာ ထိုင်ဖူးတယ်ရှိအောင် သွားထိုင်မယ်ဆို'

'အေး… ထိုင်ပြီးပြန်အလာမှာ ပြဿနာတက်တော့တာ ကိုယ့်လူ'

'ပြဿနာ ဟုတ်လား၊ ဘယ်ကောင် ကိုလေးကို ရန်စပြီး ပြဿနာရှာလိုက်သလဲ၊ ပြောစမ်းပါ၊ အောင်စံဖြူကို ပြောစမ်းပါ၊ လူပုပေမယ့် စိတ်ကမနုတဲ့အကြောင်း လက်တွေ့ပြလိုက်ချင်လို့ပါ'





ထမင်းချိုင့်ကို အောက်ချပြီး အောင်စံဖြူက လက်သီးလက်မောင်း တန်းနေပြန်၏။

'စိတ်ပိန်နေရတဲ့အထဲ မင်းက ဒေါသကြီးပြနေပြန်ပြီ၊ ပြဿနာက ယောကျ်ားနဲ့တက်တာမဟုတ်ဘူး အောင်စံဖြူ၊ မိန်းမနဲ့တက်တာ'

'ဟင်… ဟိုနေ့က ခြံရှေ့ကဖြတ်သွားတဲ့ မိန်းမလှလေးကို လမ်းမှာတွေ့ပြီး အစ်ကိုလေး လိုက်စကားပြောလို့လား'

ဒီကောင် ထင်ရာစွတ်ပြောနေပြန်၏။

'ကဲ… နားထောင်စမ်းပါကွာ၊ ငါပြောပြပါ့မယ်'

သူက သီတာဆိုသည့် ဝေါ်မနှင့်ပတ်သက်သည့် အကြောင်းကို ဇာတ်စုံရှင်းပြသည်။ သူပြောသမျှကို အောင်စံဖြူက မျက်လုံးကလေး အဝိုင်းသား၊ ပါးစပ်ကလေး အဟောင်းသားနှင့် နားထောင်ပြီး သူ့စကားဆုံးတော့…

'ဟာ… ဒါဆို အစ်ကိုလေးက မန္တလေးက အပျိုကြီး မမပုံလို လင်တရှူးနဲ့တွေ့တာပဲ'

'မင်းကလည်း မိုင်ငါးရာက မမပုံကို သွားစော်ကားနေပြန်ပြီ၊ မမပုံက လင်တရှူးတာမဟုတ်ပါဘူးကွာ၊ နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



မြူးကြွနေတာပါ၊ ဒီငတိမကတော့ တကယ့်ကို ပေါ်တင်ကြီး ကွာ၊ ကိုလွှင်··· ကိုလွှင်ဆိုပြီး ငါ့ကို အတင်းဖက်ထားလိုက်တာများ၊ ငါ့ဖြင့် အသက်ရှူတောင် ကျပ်တယ်'

အောင်စံဖြူက ထမင်းချိုင့်ကို စားပွဲပေါ် မတင်ပြီး သူနှင့်မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်၏။

'အင်း···စဉ်းစားစရာတော့ အတော်ဖြစ်နေပြီ၊ ဒါပေမဲ့ ဒီငတိမ ဦးနှောက်မမှန်ဘူးဆိုတာတော့ တွက်လို့ရတယ် အစ်ကိုလေး'

'ဒါကတော့ မင်းပြောမှလား၊ ဦးနှောက်မှန်ရင် ငါ့ကို ကိုလွှင်ဆိုပြီး ဝင်ဖက်မလား'

အောင်စံဖြူ အတွေးမပျောက်သေး။ အတွေးတွေကို နယ်ချဲ့နေဟန်တူသည်။

'ငတိမပြောတဲ့ ကိုလွှင်ဆိုတာ အစ်ကိုလေးနဲ့ ရုပ်ချင်း အတော်တူလိမ့်မယ်၊ ဒါ့ကြောင့် ငတိမ မနေနိုင်မထိုင်နိုင်ဖြစ်ပြီး ပြေးဖက်တာနေမယ်'

ဖြစ်နိုင်ချေ အများကြီးရှိသည်။ ငတိမကို ဆွဲခေါ်သည့် အဘိုးကြီးနှင့် အဘွားကြီး၏ အကြည့်ကလည်း သူ့အပေါ် စူးရဲလွန်း၏။





'ချောလား အစ်ကိုလေး'

အောင်စံဖြူက ကောက်ခါငင်ခါ မေးပြန်၏။

'ငါ့မှာ သူ့အတင်းဖက်လို့ အသက်ရှူမှားနေတာကွာ၊ ဘယ်လိုလုပ်ပြီး ချောသလား၊ လှသလားဆိုတာကို လေ့လာနိုင်မှာလဲ'

'အင်း··· အစ်ကိုလေးကတော့ ကံပေါ်တော့မယ်'

'မပေါ်ရင်လည်းနေပါကွာ၊ ဒီအရူးနဲ့ ထပ်ပြီးမဆုံစည်းပါရစေနဲ့'

ထမင်းစားချိန်နီးသဖြင့် စကားစကို ဖြတ်ရတော့၏။

ညနေခပ်စောင်းစောင်း သူနှင့် အောင်စံဖြူ ခြံထဲဆင်းသန့်ရှင်းရေးလုပ်တော့ အောင်စံဖြူက ခြေဟန်လက်ဟန်နှင့် အချက်ပြပြန်၏။

သူတို့နှစ်ယောက် ယန်းချူကလေးနံဘေးသို့ ပြေးကပ်ကြသည်။

'တစ်ကမ္ဘာလုံးရဲ့အလှတွေ အယဉ်တွေ သည်ငတိမဆီကိုများ စုပြုံရောက်နေကြသလား မသိဘူး အစ်ကိုလေးရာ'

ဟုတ်လောက်၏။

ငတိမက မနေ့ကထက်တောင် ပိုချောပိုလှနေသေးသည်



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်မှာနေတယ်ဆိုတာ ကျွန်တော် နောက်ယောင်ခံ လိုက်ကြည့်ရမလား'

'မကြည့်နဲ့၊ မကြည့်နဲ့၊ သည်နေ့တစ်ရက် ငါ့နှလုံး လမ်းကြောင်းမှာ ကျွန်းခံနေတယ်'

ဧးမောရင်း သူမနှင့်ပတ်သက်သည့် အတွေးတွေက ခေါင်းထဲမှာ ရောက်နေ၏။

ညအိပ်ရာဝင်တော့...

အလှမလေးက သူ့အိပ်မက်မှာ လာရောက်မင်းမူနေ လိုက်သေးသည်။

● ● ●

(၁၆)

ဒေါ်လေးသုံးယောက်က လမ်းမတော် သံချေး ကွန်ဒို အဆောက်အအုံအောက်ထပ် အခန်းကျယ်ကြီးကို ပိုင်ဆိုင်ပြီး ရတနာရောင်းဝယ်ရေးကို ကြီးကြီးကျယ်ကျယ်၊ ဝန်ထမ်းအမျိုး သမီးကမင် ဆယ့်ငါးယောက်ရှိသည်။

သည်နေ့ကတော့ အဒေါ်တွေနဲ့အတူ သူ ရွှေဆိုင်ထိုင် ရသည့်နေ့ဖြစ်၏။

ဖြစ်ချင်တော့...

သည်နေ့သည် သူ့ဘဝအတွက် မေ့လို့မရသော နေ့ တစ်နေ့ပါပဲ။

အဝင်ဝကောင်တာမှ ဝန်ထမ်းကောင်မလေး ထမင်း စားချိန်နှင့်တိုက်နေသဖြင့် နောက်ဘက် သီးသန့်အခန်းမှာ





www.burmeseclassic.com

www.burmeseclassic.com



ထမင်းဝင်စားနေသည်။

သူက ကောင်မလေးကိုယ်စား ကောင်တာမှာ ဝင်ရပ်နေ
နိုက်···

ကြွေပြားကပ်လှေကားထစ်သုံးထပ်ကို တက်လှမ်းလာသည့် ခြေအစုံကို ငေးစိုက်ကြည့်ပြီး မျက်နှာကို မော့အကြည့်မှာ···

'ဟင်···'

သူ၏ အံ့အားတသင့်ဖြစ်ခြင်းကို အမျိုးသမီးက စိတ်ဝင်စားမှုဖြစ်လိမ့်မည် မဟုတ်ပါ။ သူ့ကိုလည်း မြင်သိဖူးခြင်း မရှိပါ။

သူကသာ အောင်စံဖြူ ပုန်းလျှိုး ကွယ်လျှိုး ပြခဲ့သဖြင့် မြင်ဖူးထားခြင်းဖြစ်သည်။

သို့သော်လည်း···

သူ့ကိုမော့အကြည့်မှာ သူမ၏ မျက်လုံးသည် ဝိုင်းဝိုင်းစက်စက်ကလေးဖြစ်သွားပြီး နှုတ်ခမ်းအစုံက ရုတ်ခြည်း တွန့်လှုပ်သွားပါ၏။

'ကျွန်တော့်ကို သိများသိနေသလား မသိဘူး'

'ဟို··· ဟိုလေ··· မသိပါဘူး'





သူက ပြုံးရင်းနှင့်···

'အံ့အားတသင့်ဖြစ်သွားဟန်ကိုကြည့်ပြီး မေးမိတာပါ၊ စိတ်မဆိုးပါနဲ့နော်'

'အို··· မဆိုးပါဘူး၊ ဆိုးစရာအကြောင်းလည်း မရှိပါဘူး'

သူမက မျက်နှာထားကို ပြန်ပြင်ပြီး မှန်ဗီရိုထဲမှ ရတနာများကို ကြည့်သည်။

သူက သူမ၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်နေဆဲမှာ···

'ဟို··· လော့ကက်သီးလေးနဲ့ ဆွဲကြိုးကို ကြည့်ပါရစေနော်'

သူက ထုတ်ယူပြသည်။

'အရမ်းလှတာပဲ၊ ဘယ်လောက်သားရှိမလဲ မသိဘူးနော်'

'ချိန်ကြည့်ပေးမယ်လေ'

သူ့ဘေးကောင်တာမှ ဝန်ထမ်းကောင်မလေးကို လှမ်းပေးသည်။

ကောင်မလေးက ရွှေကို ချိန်ခွင်ထဲထည့်ချိန်၏။



www.burmeseclassic.com

www.burmeseclassic.com



'တစ်ကျပ်သားအတိပဲ ကိုချစ်ဦးမောင်'

ပြန်လှမ်းပေးသည်။

တန်ဖိုးတော့ သူက တွက်ချက်တတ်ပြီးသား။

ကြိုးမှာလည်း စက္ကူကတ်လေးနှင့် အလေးချိန်နှင့် အလျော့တွက်ကို ရေးထားသည်။

သူက ရွှေတန်ဖိုးနှင့် အလျော့တွက်ကို ပြောဖြစ်၏။

'အရော့တွက်က တစ်မူးသားဆိုတော့ များသလိုပဲနော်'

'ညီမရယ်… ရွှေဆိုင်သမားတွေက အလျော့တွက်ကို စားရတာပါ'

သူမက လှစ်ခနဲ ပြုံးသည်။

'အလျော့တွက်များတယ် ထင်လို့လား'

'မဟုတ်ပါဘူး၊ လျှော့တော့ ဝမ်းသာရတာပေါ့'

'ဒါဖြင့် ဝမ်းသာပါ၊ အလျော့တွက်ကို တစ်ပဲလျှော့ပေးလိုက်ပါ့မယ်'

သူမက ဝမ်းသာအားရနှင့် ငွေများရှင်းသည်။ သူမ မျက်နှာလေး ဝင်းပနေသည်ကိုကြည့်ပြီး သူ့စိတ်မှာ အလိုလို ပျော်လာရသည်။

သူ့ကို ကျေးဇူးတင်သည့်အကြည့်နှင့်ကြည့်ပြီး နှုတ်ဆက်





ပြန်သွားတော့ ကောင်တာကိုင်သည့် ခင်မေရည် အပြေးရောက်လာပြီး…

'ဘာလို့ အလျော့တွက်တွေကို အရမ်းလျှော့ပေးလိုက်တာလဲ၊ အန်တီတို့က ကျွန်မကို ဆူမှာပေါ့'

'ငါကိစ္စ ငါသိတယ်၊ နင် ဘာမှပူမနေနဲ့ ခင်မေရည်၊ ငါ့ငွေအပ်ရင် ဒေါ်လေးကို အကျိုးအကြောင်း ပြောပြမှာ'

ခင်မေရည် စိတ်သက်သာ ရသွားဟန်တူ၏။

သူက ငွေများကို ပိုက်ပြီး စားပွဲမှာထိုင်နေသည့် အဒေါ်တွေဆီ သွားပြီး ငွေအပ်ရင်း အကျိုးအကြောင်း ပြောပြသည်။

'သူငယ်ချင်း မိတ်ဆွေဆိုရင် တစ်ရွေးနှစ်ရွေးလောက် လျှော့ရတယ် ငါ့တူရဲ့၊ အဲဒီကောင်မလေးက ကျောင်းနေဖက်သူငယ်ချင်းလား'

'မဟုတ်ဘူး ဒေါ်လေး'

'ရင်းရင်းနှီးနှီး အသိအကျွမ်းလား'

'အဲဒါလည်း မဟုတ်ဘူး'

'ဟဲ့…'

'ကျွန်တော်က သူ့ကို ကြိုက်နေတာ ဒေါ်လေး'

'ဟယ်… ငါ့တူက နောက်ပိုးရှုးပါလား'



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်တွေက သူ့ကိုကြည့်ပြီး ဝိုင်းဟားကြသည်

ကောင်တာက ဝေါ်မတွေကတော့ မျက်နှာပြုံးစိစိ။

ဘာပဲဖြစ်ဖြစ် သူ ဒီနေ့ အရမ်းပျော်နေသည်။

ညနေ အိမ်ပြန်ရောက်တော့ ထမင်းစားရင်း အောင်

ဖြူကို သူက အကျိုးအကြောင်းပြောပြသည်။

'အဟုတ်'

အဟုတ်ပေါ့ကွ၊ ငါက သည်စကားကို လုပ်ကြံပြော

ပါ့မလား၊ ငါက အလှူ့တွက်တွေ လှူ့ပေးတော့ ကောင်

လေးမျက်နှာ ဝင်းလက်နေတာပဲကွ၊ မျက်နှာဝင်းလက်တာက

အလှူ့တွက်လှူ့ရလို့ ဝမ်းသာတဲ့မျက် နှာမျိုး မဟုတ်ဘူး

တစ်မျိုးပဲကွာ၊ အဲဒီတစ်မျိုးကြီးကို ငါ မင်းကို မပြောတတ်

ဘူး၊ ငါ့မျက်နှာက ဖော်ရွေမှုတွေကို သူ စာဖတ်တတ်သလိုပဲ

'အင်း… အစ်ကိုလေးကတော့ နှလုံးသားကဲ့ထနေပြီ

ဗျာ၊ ကျွန်တော်ကတော့ အဲဒီအမျိုးသမီးကို အစ်ကိုလေး

သဘောတူတယ်၊ မျက်နှာအလှက ရှင်းသန့်နေတာပဲဗျာ'

သည်နေ့ညနေစာ ထမင်းက ပို၍စားကောင်းနေ

စားသောက်ပြီး သူနှင့်အောင်စံဖြူ လမ်းထိပ်ဘက်ထွက်လျှောက်

ပြီး မိန်းမလှလေးကို ရှာသေးသည်။





သည်ညနေ နှောင်းပိုင်းမှာ မိန်းမလှလေး၏ အရိပ်

ရောင်ကို တစ်စွန်းတစ်စမျှပင် မမြင်ရပါချေ။

၏ ၏ ၏

www.burmeseclassic.com

www.burmeseclassic.com

# (၁၇)

နံနက်အစောပိုင်းဖြစ်သည်။ သူ မျက်နှာသစ် သွားတိုက်နေဆဲမှာ အောင်စံဖြူ ရေချိုးခန်းသို့ အပြေးကလေး ရောက်လာ၏။

'အစ်ကိုလေး… အစ်ကိုလေး'

'ဘာလဲကွ'

'အစ်ကိုလေးရဲ့ အချစ်နတ်ဖုရားမလေး သည်ဘက်ကိုလာနေတယ်ဗျ'

'ဟေ…'

သူ ကိုယ်လက်ကို အမြန်သန့်စင်ပြီး အောင်စံဖြူနှင့်အတူ ခြံထဲသို့ အပြေးကလေး ဆင်းခဲ့၏။

ဝင်းတံခါးနားက ပန်းချုံဘေးမှာ ပုန်းလျှိုးကွယ်လျှိုးထိုင်မည်ပြုတော့ အောင်စံဖြူက…





'ဘာလုပ်တာလဲ'

'ထုံးစံအတိုင်း သူကလေးရဲ့အလှကို ချောင်းကြည့်ရမှာပေါ့ကွ'

'အစ်ကိုလေးကလည်းဗျာ၊ သူနဲ့မျက်နှာချင်းလည်းဆိုင်ဖူးပြီးပြီ၊ စကားလည်း ပြောပြီးပြီ၊ ခြံဝမှာထွက်ရပ်နေမှာပေါ့ဗျ၊ သူပြုံးရင် ကိုယ်က ပြန်ပြုံးပြမယ်၊ သူကမျက်လွှာကလေးလောက်ပဲ ပင့်ကြည့်ရင် ကိုယ်က ခပ်မှန်မှန်ကလေးပြုံးနေလိုက်ရုံပေါ့'

အောင်စံဖြူမှာ သည်လောက်အရည်အချင်းတွေ ရှိမှန်းမန္တလေးမှာတုန်းက သူမသိ။

ရန်ကုန်ရောက်မှ ဒီကောင့်ဒဿနတွေ လှိုင်လှိုင်ဖွံ့ဖြိုးနေသည်။

'ခပ်ရှက်ရှက်ပဲကွာ'

'အချစ်ဆိုတာ ရှက်စရာမဟုတ်ပါဘူး အစ်ကိုလေးရာ'

သည်လိုနှင့် သူနှင့်အောင်စံဖြူ ခြံဝဝင်းတံခါးနားမှာမယောင်မလည်ရပ်လိုက်ကြသည်။

သူမကတော့ မလှမ်းမကမ်းမှာ ခေါင်းလေးငိုက်ငိုက်နှင့် လျှောက်လာနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခြံရှေ့သို့ရောက်သောအခါ သူမ၏ခေါင်းကလေး ဆတ်ခနဲမော့လာ၏။ သူ့ကိုမြင်သည်နှင့် သူမကပင် တအံ့တသြ မျက်နှာနှင့်...

'ဟယ်... သူက ဒီမှာနေတယ်'

'ဟုတ်ပါတယ်'

'အံ့အားသင့်စရာပဲနော်'

'ဘာကိုလဲ မ... မ'

'တို့နာမည် နီလာမိုးပါ၊ နီလာလို့ခေါ်ရင်လည်း ပြည့်စုံပါတယ်၊ အားလုံးက နာမည်သုံးလုံးကို မခေါ်ဘူး၊ နီလာလို့ပဲခေါ်တယ်'

အခြေအနေက ထင်ထားတာထက်ပင် ကောင်းနေ၏။

'ကျွန်တော့်နာမည်လည်း မှတ်ထားပါ'

'ကိုချစ်ဦးမောင်ဆိုတာ သိပါတယ်'

'ဟာ... နီလာက ကျွန်တော့်နာမည်ကို သိနေပါလား ဘယ်တုန်းကများ သိထားလိုက်တာလဲဗျာ'

'လော့ကက်သီးနဲ့ ဆွဲကြိုးဝယ်တုန်းကလေ၊ ဘေး ကောင်တာက ကောင်မလေးခေါ်တာကို မှတ်ထားလိုက်တာပါ'

'ဝမ်းသာစရာပါပဲဗျာ'





'ကိုချစ်ဦးမောင် ဝမ်းသာတာထက် ကျွန်မက ကျေးဇူး တင်ပါတယ်'

'ဘာဖြစ်လို့လဲ'

'အလျှော့တွက်ကို လျှော့ပေးလိုက်လို့လေ၊ ကျွန်မ ကျေးဇူးတင်တာက လျှော့ပေါ့ရလို့ ကျေးဇူးတင်တာ မဟုတ် ပါဘူး၊ ဘယ်လိုပြောမလဲ၊ နားလည်ပေးတတ်မှုကို ကျေးဇူး တင်မိတာများလားမသိဘူး'

သူမက ပြောပြီး သူမဘာသာ သဘောကျစွာ ရယ်၏။ ရယ်ရင်းနှင့်လည်း သူနေသည့် တစ်ထပ်တိုက်ကလေးကို လှမ်း အကဲခတ်သည်။

'အစက သည်ခြံနဲ့တိုက်မှာ ဘယ်သူမှ မနေဘူး'

'နီလာက ဒီရပ်ကွက်က ထင်တယ်'

'ဟုတ်တယ်လေ၊ လမ်းထိပ်ရောက်ခါနီးမှာ ကိုယ်ပိုင် လမ်းလေးတစ်လမ်းရှိတယ်၊ အဝင်တစ်ခြံကျော်က ခြံက နီလာ တို့ခြံပေါ့'

'သူဌေးတွေပဲ'

သည်စကားအပေါ်မှာ နီလာက ဘာမှစိတ်ဝင်စားဟန် မပြ။



www.burmeseclassic.com

www.burmeseclassic.com



'အိမ်ထဲဝင်ပါဦးလို့ ဖိတ်မန္တကမပြုတော့ဘူးနော်၊ ဒီ တိုက်မှာ ကျွန်တော်တို့နှစ်ယောက်တည်းနေတာ'

'သူနဲ့က ညီအစ်ကိုလား၊ ရုပ်ချင်းတော့ မတူဘူး'

'ခွေမျိုး ညီအစ်ကိုလို့ပဲ မှတ်ထားလိုက်ပါ၊ သူ့နာမည် က အောင်စံဖြူတဲ့၊ သဘောကောင်းတယ်၊ ဒါပေမဲ့ နည်း နည်းတော့ ပေါတယ်'

'ဟာဗျာ… အစ်ကိုလေးကလည်း…'

သုံးယောက်သား ရယ်ကြရင်း ခင်မင်မှုမှတ်တိုင်တစ်ခု ကို စိုက်ထူလိုက်ကြသည်။ နီလာ နှုတ်ဆက်ပြီးထွက်ခွာသွား တော့ အောင်စံဖြူက ထခုန်၏။

'ဟော့ကောင်… ဘာဖြစ်တာလဲ၊ အရူးကျနေတာပဲ'

'ခွဲပြီဗျ၊ အစ်ကိုလေး ခွဲပြီ'

'ငါကတော့ ထူးခြားတာ ဘာမှမတွေ့ဘူး'

'ညံ့ပါ့ အစ်ကိုလေးရာ၊ မိန်းမတစ်ယောက်ရဲ့ စူးစိုက် တဲ့အကြည့်တွေမှာ ဘယ်လိုအနက်အဓိပ္ပာယ်တွေ သက်ရောက် နေတယ်ဆိုတာ အစ်ကိုလေး မသိပေမယ့် အောင်စံဖြူကတော့ သိတယ်ဗျ'

'လုပ်စမ်းပါဦး'





'ရိုးစင်းလေးဗျာ၊ စကားပြောရင်း အစ်ကိုလေးမျက်နှာ ကို စိုက်ကြည့်နေတာများ ကြားက ကျွန်တော်တောင် ရင်ခုန် တယ်'

အဟုတ်ပဲလား။

သည့်ရင်ခုန်ခြင်းကိစ္စကို သူ အိပ်ရာပေါ်ရောက်သည် ထိ စဉ်းစားသည်။

အိပ်ခါနီးမှာ…

'မနီလာက အစ်ကိုလေးကို စိတ်ဝင်စားနေတာ အသေ အချာပဲဗျ'

ဆိုသည့် စကားကို အောင်စံဖြူက ထပ်မံ၍ ပြောလာ ပါသေး၏။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

ဆိုင်ကအပြန်မှာ အဒေါ်တွေက သူ့ကို အိမ်ထိကားနှင့်လိုက်ပို့သည်။ သူက အဒေါ်တွေကို နှုတ်ဆက်ပြီး ကားပေါ်က အဆင်းတွင်...

'ညက ကိုကိုကြီးဆီ ဖုန်းဆက်ရဦးမယ်'

မန္တလေးမှ ဖေဖေ့ကို ဒေါ်လေးတို့က ကိုကိုကြီးဟု ခေါ်သည်။

ဖေဖေကလည်း မောင်နှမတွေထဲမှာ အကြီးဆုံး။

'ဘာဆက်ပြောမှာလဲ ဒေါ်လေး'

'တို့တူကို လက်ကြောတင်းအောင် အလုပ်လုပ်ချင်တဲ့ကောင်မဟုတ်ဘူး ပြောတာကို မခံချင်လို့ပါ'

သူ ပြုံးနေလိုက်၏။





'ရန်ကုန်ကို ဆင်းကြည့်စမ်းပါလို့၊ ချစ်ဦးမောင် ဘယ်လိုအလုပ်ကြိုးစားတယ်ဆိုတာ တွေ့ရမယ်လို့'

ဒေါ်လေးခင်မိုးမြေအပြောကို အဒေါ်လတ် ခင်မိုးဆွေက...

'နောက်ပိုးရှူးတာပါ ထည့်ပြော မမ'

'ဟာ... ဒေါ်လေးတို့ကလည်းဗျာ၊ ရင်ထဲကအချစ်စကားကို ပြောမိတာ မှားပြီထင်တယ်'

ရယ်မောရင်း ထွက်သွားကြသည်။ သူ ခြံတံခါးဖွင့်သည့်ခဏအတွင်းမှာပင် အောင်စံဖြူက သတင်းထူးရှိတယ် အစ်ကိုလေးရေဆိုသည့် စကားကို ပြောသည်။

'ဘာသတင်းထူးလဲကွ'

'ရေမိုးချိုး ထမင်းစားသောက်ပါဦး'

'ဟေ့ကောင်... အစဖော်ထားရင် စကားကို ဆုံးအောင်တော့ပြော၊ ငါက စိတ်ဖြောင့်တတ်တာ မဟုတ်ဘူး'

သည်လို အစ်ကိုလေးရဟု ပြောပြီး အောင်စံဖြူက ပြုံးကျဲကျဲလုပ်နေသေး၏။

သူ သိပ်စိတ်မရှည်နိုင်တော့။

'ပြောပါဟ'



www.burmeseclassic.com

www.burmeseclassic.com



'နေ့လယ်က စတိုးဆိုင်မှာ ကော်ဘူးသွားဝယ်တာ မနီလာနဲ့တွေ့တယ် အစ်ကိုလေးရ၊ ကျွန်တော့်ကိုတွေ့တော့ မနီလာက ဝမ်းပမ်းတသာနဲ့ အစ်ကိုလေးကို မေးတယ်၊ ဆိုင်သွားတယ်ပြောတော့ ဘယ်အချိန်ပြန်ရောက်မှာလဲတဲ့၊ ငါးနာရီလောက်ဆိုရောက်ပါတယ်ပြောတော့ ညနေခြောက်နာရီလောက် လမ်းထိပ်က သရဖူမှာ ကိုချစ်ဦးမောင်ကို လက်ဖက်ရည်တိုက်ချင်လို့ပါလို့ ပြောတယ် အစ်ကိုလေးရ'

'ဟာ… တကယ်လား၊ မင်းက ဘာပြန်ပြောလိုက်လဲ အောင်စံဖြူ၊ ငါလာနိုင်ပါတယ်ဆိုတဲ့စကားကိုရော မင်းပြောလိုက်ရဲ့လားကွာ'

သူ့အသံမှာ ဆန္ဒတွေ အရမ်းစောနေ၏။ အောင်စံဖြူက ခပ်ဖြိန့်ဖြိန့်ပြုံးပြီး…

'အောင်စံဖြူ ဘယ်ညံ့မလဲ အစ်ကိုလေးရာ၊ အစ်ကိုလေးကို ပြောလိုက်ပါ့မယ်၊ အစ်ကိုလေးကို သရဖူကို လွှတ်လိုက်ပါ့မယ်၊ အစ်ကိုလေးကလည်း မနီလာနဲ့ လက်ဖက်ရည်သောက်ချင်နေတာ ကြာပါပြီလို့ ထည့်လိုက်တာပေါ့'

'မင်း တော်တယ်ကွာ၊ နှလုံးသားကိစ္စမှာ မင်းလောက်ကို ငါ အရည်အချင်းမရှိပါဘူး'





အမြှောက်အပင့်တော့ အောင်စံဖြူက ကြိုက်၏။ သည်စကားလေးပြောလိုက်တာနဲ့ ဒီကောင့်ရင်က မသိမသာ ကော့သွားသည်။

သူ ညှော်ခန်းမှာ အောင်စံဖြူနှင့်အချိန်ဆွဲနေလို့ မဖြစ်တော့။

ရေကိုခပ်သွက်သွက်ကလေးချိုးသည်။

အဝတ်စားလဲသည်။ ညနေက တော်တော်လေးပင် စောင်းနေပြီ။

'ပြန်မှ ထမင်းစားမှာလား'

'အေးပေါ့၊ ဒါမျိုးဆိုတာ ဝီရိယကောင်းရတယ်ကွ၊ လုပ်… လုပ်၊ မင်းလည်း အဝတ်အစားလေး ဘာလေး လဲပါဦး'

'ကျွန်တော် လိုက်ရမှာလား'

'မင်းလိုက်မှဖြစ်မှာပေါ့ကွ အောင်စံဖြူရ'

'ညံ့ပါ့ အစ်ကိုလေးရာ၊ လက်ဖက်ရည်ဆိုင်ကို ကျွန်တော်ပါလာတော့ အစ်ကိုလေးနဲ့ မနီလာ ဘာစကားတွေ ပြောဖြစ်တော့မှာလဲ၊ မနီလာက အစ်ကိုလေးနဲ့ပဲ စကားပြောချင်တာဗျ'



www.burmeseclassic.com

www.burmeseclassic.com



ဒါလည်း မှန်သည်။

အောင်စံဖြူပါလာလျှင် အပိုကိစ္စကြီး ဖြစ်နေမည်။

'ဒါဖြင့် ငါ သွားမယ်'

'အစ်ကိုလေး ပြန်အလာကို ထမင်းပွဲပြင်ပြီး မင်္ဂလာအပြည့်နဲ့ ကြိုဆိုမယ်'

ခြံဝင်းမှ ထွက်ပြီး လမ်းပေါ်ရောက်တော့ ရင်က သိသိသာသာခုန်လာသည်။

သရဖူက သူနှင့်စိမ်းသည့် လက်ဖက်ရည်ဆိုင်တော့ မဟုတ်ချေ။

၀ ၀ ၀

သူရောက်ပြီး မကြာမီမှာ နီလာရောက်လာသည်။ သူ့ကိုမြင်တော့ ပြုံးသည့်အပြုံးက တစ်မျိုးလေးပါပဲ။

သူ ရွေးချယ်ထားသည့် ထောင့်စားပွဲမှာပင် နီလာက သက်သောင့်သက်သာ ဝင်ထိုင်သည်။

'အောင်စံဖြူ ပြောမှပြောပါ့မလားလို့ စိုးရိမ်နေတာ'

'ပြောပါတယ် နီလာ'

'အင်း... ကိုချစ်ဦးမောင်နဲ့တွေ့တော့ ဘာစကားကို





ဘာကစပြီး ပြောရမှန်းတောင် မသိတော့ပါဘူး'

သူက နီလာအတွက် လက်ဖက်ရည်တစ်ခွက်မှာပေးသည်။

နီလာက သူ့မျက်နှာကို ဇွေဇွေကလေးစိုက်ကြည့်နေ၏။

'အဲသလောက်ကြီး စိုက်ကြည့်နေတော့ ကျွန်တော်ဘယ်လိုမျက်နှာထားရမှန်းတောင် မသိဘူး'

'အံ့ဩစရာ ကောင်းလွန်းလို့ပါ'

'ဘာကိုလဲ နီလာ'

'ဩော်... တခြားမဟုတ်ပါဘူး၊ ကိုချစ်ဦးမောင်ကို နီလာ မြင်မြင်ချင်းခင်မင်မိတာကို အံ့ဩတာပါ'

သည်စကားကတော့ အင်မတန် ရိုးစင်းသောစကား ဖြစ်ပါသည်။

သို့သော်လည်း စကား၏ ခရီးအတိုင်းအတာကို သူ ဆွဲဆန့်လို့ရပါ၏။

'ကိုချစ်ဦးမောင်လည်း နီလာ့လို ထပ်တူထပ်မျှဖြစ်နေမယ်လို့ တွေးထင်ထားတယ်'

'ဟာ... အဲဒါတော့ အမှန်ပါပဲ နီလာ၊ ဆုံစည်း



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာကလည်း ဗုဒ္ဓတရားတော်အရ ပဋ္ဌာန်းဆက်တွေပါ ပဲ'

'အလဲ့… နီလာ ကိုချစ်ဦးမောင်ကို လှျော့တွက်လို့ မရတော့ဘူး'

သည့်အတိုင်းဆိုလျှင်တော့ ပြောစရာစကားတွေက သည်လောက်နှင့်ပဲ ကုန်ဆုံးသွားနိုင်သည်။ သို့သော်လည်း သူ တစ်ခုသတိပြုမိတာက နီလာ သူ့ကိုကြည့်သည့်အကြည့်များ တွင် အကြောင်းတစ်စုံတစ်ရာပါဝင်နေသည်ဟု သူ ထင်သည်။ သို့သော်လည်း သည်အကြည့်သည် အချစ်နှင့်ပတ်သက်ခြင်း မရှိသည်ကိုလည်း သူသိ၏။

'မေးချင်တယ်'

'မေးလေ'

'စပ်စုတယ်လို့ မထင်နဲ့နော်၊ ဒါပေမဲ့ မိန်းမသဘာဝ က စပ်စုတတ်တာ အမှန်ပဲ'

သူ ငြိမ်ပြီးနားထောင်နေခိုက်မှာ…

'ကိုချစ်ဦးမောင်က ရန်ကုန်ကတော့ ဖြစ်ဟန်မတူဘူး'

'မန္တလေးကပါ၊ ဒါပေမဲ့ ကျွန်တော်က ရန်ကုန်သား မှ ရန်ကုန်သားစစ်စစ်'





'နားထဲမှာ စကားတွေက ရှုပ်သွားပြီ'

သူက ရယ်မောရင်း…

'မေမေက မန္တလေးသူ၊ ဖေဖေက ရန်ကုန်သား နီလာ၊ ကျွန်တော်တို့က ရတနာကုန်သည်မျိုးရိုးဆိုတော့ မြို့ကြီးတွေ မှာ ကျွန်တော်တို့ ဆွေတွေမျိုးတွေရဲ့ ရတနာဆိုင်ကြီးတွေက လက်ညှိုးထိုးမလွဲဘူး'

'ကြွားတာတော့ မဟုတ်ပါဘူးနော်'

နီလာက အရယ်နှင့်ပြောသည်။

'မေးလို့ ပြည့်စုံအောင် ဖြေရတာပါဗျာ၊ ဒီဆိတ်ငြိမ် ရပ်ကွက်မှာ ကျွန်တော့်အဘိုးအဘွားတွေ ခုထိ သက်ရှိထင်ရှား ရှိပါတယ်'

နီလာ ခပ်တွေတွေဖြစ်သွားပြန်၏။ အတန်ကြာလောက် မှ…

'ရန်ကုန်မှာ ကိုချစ်ဦးမောင်နဲ့ ညီအစ်ကိုအရင်းဖြစ်ဖြစ်၊ တစ်ဝမ်းကွဲလောက်တော်စပ်သူပဲဖြစ်ဖြစ် မရှိဘူးလားဟင်'

'အာ… အဲဒါတော့ မရှိဘူး၊ ကျွန်တော့်မိဘက ကျွန်တော့်ကို ယောက်ျားလေးတစ်ယောက်တည်းမွေးတာ၊ ဒီမှာ ရှိတဲ့ ကျွန်တော့်အဒေါ်တွေကလည်း အကုန်လုံး အပျိုကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



နီလာ ပင့်သက်ချသည်ကို သူ အဖြေရှာမရ။ သို့သော်လည်း လက်ဖက်ရည်ဆိုင်ထိုင်အပြီးမှာ သူနှင့်နီလာ ပိုမိုရင်းနှီးသွားသည်ဟု စိတ်မှာ ခံစားရသည်။ လူချင်းခွဲတော့ ကိုယ့်ကိုကိုဦးလို့ခေါ်ပါလားဆိုသည့် စကားကို နီလာက ခေါင်းကလေးညိတ်ပြသွားပါ၏။

ဓ ဓ ဓ



(၁၉)

အောင်စံဖြူ၏ ပေါကြောင်ကြောင် ဖြစ်ရပ်တွေကို သူက တပြုံးပြုံးနားထောင်ရင်း လမ်းကို ခပ်မှန်မှန်ကလေးလျှောက်ခဲ့ကြသည်။

'ဈေးချိုက မေလွန်းပိုက ကျွန်တော့်ကို အသည်းအသန်ဖြစ်တာ အစ်ကိုလေးရ၊ ကျွန်တော်က အကြိမ်ကြိမ်အဖန်ဖန်ပြေးစားဆုံးဖြတ်ပြီး ဖြတ်တောက်ပစ်လိုက်ရတာ'

'ကောင်မလေးက မချောလို့လား'

'ချောတာပေါ့'

'ဒါဖြင့် ကိုယ်လုံးကိုယ်ထည်က ဝတုတ်ပြဲဖြစ်နေမယ်ထင်တယ်'

'ဘယ်ကလာ ဝတုတ်ပြဲရမှာလဲ၊ ကိုယ်လုံးက မိုးပေါ်ကိုယ်လုံးလေး ခင်ဗျ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါများ အကြိမ်ကြိမ်အဖန်ဖန် စဉ်းစားပြီး ဖြတ်တောက်ရသလားကွာ'

ညနေဦး လေပြည်က ခပ်နွေးနွေးကလေး တိုက်ခတ်သည်။ လမ်းလျှောက်ရင်း အောင်စံဖြူ၏ အချစ်အကြောင်းတွေ နားထောင်ရတာကတော့ စိတ်ဝင်စားစရာကောင်း၏။

'ဖြတ်တောက်ပစ်ရတဲ့ အကြောင်းရင်းက သွားက အတော်ကို ခေါ်နေလို့ အစ်ကိုလေးရ'

'ကြီးကျယ်လိုက်တာ၊ မင်းကရော မခေါ်ဘူးလား'

'ကျွန်တော်ခေါ်လို့ ဖြတ်တောက်ပစ်ရတာပေါ့ အစ်ကိုလေးရ၊ နို့မဟုတ်ရင် သွားချင်းမိတ်ဆုံကျ ဒို့ နှလုံးသားသမိုင်းက အတော်ကို အကျည်းတန်အရုပ်ဆိုးသွားမှာ'

စကားကိုသဘောပေါက်ပြီး တဟားဟားအော်ရယ်တော့၏။ ရယ်ရင်းနှင့်စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိမှာ...

'ကိုလွင်... ကိုလွင်'

အသံကြောင့် သူ ထိတ်ထိတ်လန့်လန့်နှင့် နောက်သို့ လှည့်အကြည့်မှာ...

'ဟာ... အောင်စံဖြူ၊ လုပ်ပါဦးကွ၊ ငါ့ကိုကယ်ပါဦး'





'ဘာလဲ အစ်ကိုလေး၊ ဘာဖြစ်တာလဲ'

'ဟိုမှာ... ဟိုမှာ၊ ပြေးလာနေပြီ'

အောင်စံဖြူ ကြောင်တောင်တောင်ဖြစ်နေဆဲမှာ ဝေါမက သူ့ကိုပြေးဝင်ဖက်ပါတော့၏။

'ကိုလွင်ရယ်၊ ဘယ်တွေ ပျောက်နေတာလဲကွယ်၊ ဟောဒီက အချစ်ပျောက်မလေး မိသီတာကို တကယ်မသနားတော့ဘူးလား'

'ဟာ... ခင်ဗျား ဒုက္ခပေးပြန်ပြီ၊ ဟေ့ကောင်... အောင်စံဖြူ၊ ဘာကြောင်ကြည့်နေတာလဲ၊ လုပ်ပါဦး'

'သူက'

'မင်းကို ငါပြောထားတဲ့ ဝေါမလေ'

အောင်စံဖြူ ချက်ချင်းသဘောပေါက်သွား၏။ တစ်ဆက်တည်းပင် သူ့ကိုဖက်ထားသည့် ဝေါမ၏လက်ကို ဆွဲဖြေသည်။

'ခင်ဗျား... ကျုပ် အစ်ကိုလေးကို လမ်းလယ်ခေါင်မှာ မတော်မတရား မလုပ်နဲ့နော်၊ ဝင်ဆွဲမှုနဲ့ ရဲစခန်းတိုင်ရင် ခင်ဗျားလေး နာသွားမယ်'

'အောင်မာ... သွားခေါက ကြားကနေ ဘာဝင်ပါနေရ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ၊ ဒါ ငါ့ကိုလွှင်၊ နောက်တစ်နည်းထပ်ပြောလိုက်ဦးမယ် ဒါ ငါ့အသည်းနှလုံး'

'ခင်ဗျားအသည်းနှလုံးဆိုရင် ဈေးမှာသွားထိုင်ရောင်းဗျာ၊ ကျုပ်အစ်ကိုလေးက လူပျို နုနုထွတ်ထွတ်လေး၊ ခင်ဗျားနဲ့ ဘာမှမပတ်သက်ဘူး'

ပြောလည်းပြောသည်။ အောင်စံဖြူက သူ့ကိုလည်း ဆွဲသည်။ ငတိမကလည်း လုံးဝမလွှတ်။ သူ့အဖြစ်က နှစ်ယောက်ကြားမှာ အတော်ကို ကိုးလိုးကန့်လန့်ကြီးဖြစ်နေ၏။

'ခင်ဗျား လွှတ်ပါဗျ'

'နင့်လင်လား'

'ခင်ဗျားလင်ရော ဟုတ်လို့လား'

'ဟုတ်တာမှာ ဟုတ်ခါနီး ရုတ်တရက် ပျောက်သွားတာ၊ လက်စသတ်တော့ နင်ခိုးသွားတာကိုး'

အခြေနေတင်မက စကားတွေကပါ ပိုဆိုးလာသည်။ ဆွဲလို့မရတော့ အောင်စံဖြူက ခါးတောင်းကျိုက်၏။

'အောင်မာ... သွားခေါက ဘာလုပ်တာလဲ'

'ခင်ဗျားကို ချမလို့'

'နင့်ဗလနဲ့များ ငါ့ကိုချမယ်၊ ကဲဟယ်'





လျှင်မြန်လှပါ၏။

လက်တစ်ဖက်ကလည်း သူ့ကိုမလွှတ်။ တစ်ဖက်ကလည်း အောင်စံဖြူရင်ဘတ်ကို ထိုးထိုးမိမိကြီး ဆောင့်တွန်းပစ်သည်။

အောင်စံဖြူ လမ်းပေါ်ဖင်ထိုင်အကျမှာ မမျှော်လင့်သာဖြစ်ရပ်တွေ ဆက်တိုက်ဖြစ်လာ၏။

'သမီး... သမီး ဒုက္ခက တယ်ကြီးမားပါလား သမီးရယ်'

တစ်ခါကဆုံဖူးသည့် အဘိုးကြီးနှင့် အဘွားကြီးရောက်လာပြီး ငတိမကို ဝိုင်းဆွဲသည်။ ဒါကို အခွင့်ကောင်းယူပြီး သူက သူမလက်ထဲမှ ရုန်းထွက်လိုက်၏။ အောင်စံဖြူကလည်း ဖင်ထိုင်လဲကျနေရာမှ ကမန်းကတန်းထပြီး သူ့ရှေ့မှာရပ်သည်။

'ဒီမယ်... သူက ဦးလေးတို့နဲ့ ဘာတော်လဲ'

'သမီးပါကွယ်'

အောင်စံဖြူကို သူ ရှေ့တန်းတင်ထားရ၏။ သူက လူကြီးတွေနှင့် စကားအမေးအဖြေမပြုတတ်။ ရင်ကတုန်နေသေးသဖြင့် အောင်စံဖြူနှင့် အမေးအဖြေလုပ်တာပဲ ကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးတို့ တောင်းပန်ပါတယ်ကွယ်'

'လွယ်လွယ်နဲ့ပြောလို့မရဘူးလေ၊ ပြဿနာ ကြီးထွားသွားရင် ပတ်ဝန်းကျင်က ကျွန်တော်တို့နှစ်ယောက်ကို တောင်နားမလည်၊ မြောက်နားမလည်နဲ့ ဝိုင်းသမကြမှာပေါ့ ဦးလေးရ'

'အောင်မယ်၊ အောင်မယ်… သွားခေါ်စုတ်က လူပါးဝလိုက်တာ၊ ကိုလွှင်လာလေ၊ သီတာနဲ့ အိမ်ကိုပြန်လိုက်ခဲ့လေ'

'ဟော… တွေ့လား၊ တွေ့လား၊ ဦးလေးသမီး ဖောက်လာပြန်ပြီ၊ ကျွန်တော့် အစ်ကိုလေးနာမည်က ကိုလွှင်လည်းမဟုတ်ဘူး၊ သူ့ကိုလည်း ကျွန်တော်တို့ မသိဘူး'

အဘိုးကြီးနှင့် အဘွားကြီးက မျက်နှာငယ်ငယ်လေးတွေနှင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြ၏။ ပြီးမှ အဘိုးကြီးက…

'ရှေ့က လမ်းသွယ်လေးထဲကတိုက်မှာ ဦးလေးတို့နေပါတယ်ကွယ်၊ အကျိုးအကြောင်းတွေ ပြောပြချင်လို့ ငါတူတို့နှစ်ယောက် အိမ်ကိုလိုက်ခဲ့စေချင်ပါတယ်ကွယ်'

သူ အဘိုးကြီးနှင့်အဘွားကြီးကို အားနာသယောင်ဖြစ်သွားသော်လည်း အောင်စံဖြူက…

'ဟာ… ဘယ်လိုက်လို့ဖြစ်မလဲ၊ အိမ်ရောက်မှ တံခါး





တွေပိတ်ပြီး စိတ်မမှန်တဲ့ ဦးလေးတို့သမီးနဲ့ ကျွန်တော့် အစ်ကိုလေးကို ပေးစားလိုက်ရင် ကျွန်တော်တို့ အကျိုးနည်းပြီပေါ့ဗျာ၊ လာ… လာ… အစ်ကိုလေး ကျွန်တော်တို့ ဒီနေရာက မြန်မြန်သွားမှဖြစ်မယ်'

အောင်စံဖြူ ဆွဲခေါ်ရာသို့ သူ လိုက်ပါခဲ့ရသည်။ နောက်ပါးမှ ကိုလွှင်… ကိုလွှင်ဆိုသည့် ခေါ်သံက ပြေးလိုက်ပါလာသေး၏။

'လှည့်မကြည့်နဲ့ အစ်ကိုလေး၊ လှည့်မကြည့်နဲ့၊ တော်ကြာ ကရုဏာမိုးတွေရွာပြီး အရူးမလင်ဖြစ်နေမယ်'

သည်စကားကိုတော့ သူ အတော်ကျောချမ်းသွား၏။ ရင်တုန်တာကလည်း ညအိပ်ရာဝင်ထိ မပြေသေး။

အောင်စံဖြူကတော့ သူ့ကို ဂုဏ်တော်ရွတ်ပြီးအိပ်ဖို့ ပြောပါသည်။

◉ ◉ ◉



www.burmeseclassic.com

www.burmeseclassic.com

# (၂၀)

တိုက်တိုက်ဆိုင်ဆိုင်ပင် သူနှင့်နီလာ နံနက်ဦးမှာ လမ်းဆုံလမ်းချိုးကွေ့လေးမှာ ဆုံပါသည်။

'နီလာက နံနက်တိုင်း လမ်းလျှောက်ထွက်တာလား'

'တစ်ခါတလေမှပါ ကိုဦး၊ စိတ်မှာတင်းကျပ်မှုတွေများလာရင် နီလာ သည်လိုပဲ နံနက်ခင်းတွေမှာ လမ်းလျှောက်တတ်ပါတယ်'

'အင်း… နီလာနဲ့ကိုယ်နဲ့က စိတ်အယူအဆချင်းတူနေပြီ၊ ကိုယ်လည်း စိတ်မှာ မွန်းကျပ်မှုတွေရှိနေရင် တစ်ယောက်တည်း လမ်းလျှောက်ထွက်တတ်တာ၊ အောင်စံဖြူကိုတောင် မခေါ်တော့ဘူး'

နီလာက သူ့မျက်နှာကို ခပ်ငေ့ငေ့ကြည့်သည်။ နှစ်ယောက် မတိုင်ပင်ထားဘဲ လမ်းမကြီးအတိုင်း လျှောက်ခဲ့ကြ၏။





အတန်ကြာလျှောက်မိသည်ထိ နီလာက စကားမပြောဘဲနေတော့ သူက…

'နီလာ ဘာတွေစဉ်းစားနေတာလဲ'

'မစဉ်းစားပါဘူး'

'အကြောင်းအရာတစ်ခုကို စဉ်းစားနေပုံပါ'

'ဟုတ်လို့လား'

'ကိုယ်က နီလာ့မျက်နှာကို ကြည့်နေတာပါ'

နီလာက ခပ်ဖွဖွပြုံးသည်။

'ပြောရဦးမယ်'

'ဘာကိုလဲ ကိုဦး'

'ကိုယ် နေရင်းထိုင်ရင်း အိမ်ထောင်ကျရတော့မယ့်အခြေအနေကိုပါ'

သူက မနေ့ကဖြစ်ပျက်ခဲ့သည့် သီတာဆိုသည့် ခပ်ကြောင်ကြောင်ငတိမအကြောင်းကို ပြောပြသည်။ စကားကိုအဆုံးသတ်ပြီးတော့မှ…

'အဲဒီငတိမက နီလာတို့နားကထွက်လာတာ၊ နီလာသိများသိမလားလို့တောင် ကိုယ်စဉ်းစားမိတယ်'

'ကိုဦးက အဲဒီကောင်မလေးကို မသနားဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဘာလို့သနားရမှာလဲ၊ နေပါဦး၊ နီလာက အဲဒီအမျိုးသမီးကို သိလို့လား'

'မသိပါဘူး'

'ဒါနဲ့များ နီလာရယ်၊ အင်းလေ… ကိုယ့်ခြံကိုယ့်ဝန်းနဲ့ နေကြတာ ဘယ်သိနိုင်ပါ့မလဲ၊ အဲဒီတေိမကလည်း ကိုယ်လာတာကို ချောင်းများနေသလား မသိဘူး'

'ကိုဦးက သူခေါ်ခေါ်နေတဲ့ ကိုလွင်များ ဖြစ်နေလို့လား'

'ကြံကြီးစည်ရာ နီလာရာ၊ မိဘက ချစ်ဦးမောင်ဆိုတဲ့ နာမည်တစ်မျိုးတည်းပေးထားတာပါ၊ နာမည်နှစ်ခု မှည့်မထားပါဘူး'

သဖန်းပင်ကြီးအောက်ရောက်တော့ ရှဉ့်ကလေးနှစ်ကောင်ကို မြင်သည်။ ရှဉ့်ဖိုနှင့် ရှဉ့်မလေးဖြစ်မယ်နော်ဟု သူကပြောတော့ နီလာက သူ့မျက်နှာကို မော့ကြည့်၏။

'ဒီတစ်ခါ အဲ့ဒီ သီတာဆိုတဲ့ကောင်မလေးနဲ့တွေ့ရင် နွေးနွေးထွေးထွေးဆက်ဆံပါ ကိုဦးရယ်'

'ဘာဆိုင်လို့လဲ'

'သနားစရာကောင်းလို့ပါ'





'သနားရင် နီလာနဲ့တွေ့ရင် အိမ်ခေါ်ပြီး ထမင်းတစ်နပ် ကျွေးလိုက်၊ ပြီးတော့ စိတ်ရောဂါဆေးရုံပို့ပြီး ဆေးကုပေးလိုက်'

သူက ရယ်ရယ်ရွှန်းရွှန်းပြောသော်လည်း သည်စကားအပေါ်မှာ နီလာ မျက်နှာအပျက်ပျက်ဖြစ်သွားသည်။ ဒါကလည်း ရှင်းပါသည်။ မိန်းမချင်း ကိုယ်ချင်းစာနာသည့်စိတ်တွေ နီလာ့ရင်မှာ အပြည့်ရှိပါလိမ့်မည်။

'ဒီအကြောင်းအရာတွေက ကိုယ်တို့နဲ့ မဆိုင်တဲ့ကိစ္စတွေပါလေ၊ လမ်းလျှောက်ပြီးပြန်ရင် သရဖူမှာ လက်ဖက်ရည်ကျကျနှစ်ခွက်မှာသောက်မယ်၊ ကိုယ်က နီလာ့ကို မြေအိုးမြီးရှည်လည်း ကျွေးချင်တယ်'

နီလာ ပင့်သက်ချသည်ကိုတွေ့သည်။

သည့်နောက် လမ်းလျှောက်ရင်း သူက နီလာ့ကို သူ့မိသားစုအကြောင်း ပြောသည်။ သူ ဘီယာသောက်တတ်သည့်အကြောင်းကိုပါ ထည့်ပြောတော့…

'ဘီယာ အရက်သောက်ရင် သိပ်မုန်းတာပဲ'

'ဒါဖြင့် သည်နေ့ကစပြီး ကိုယ်မသောက်တော့ဘူး'

နီလာ့မျက်နှာ ရှက်ရဲရဲကလေး ဖြစ်သွား၏။ သရဖူ



www.burmeseclassic.com

www.burmeseclassic.com



ရောက်သည်ထိ နီလာ သူ့ကို စကားရဲရဲ မဟတော့။

မြေအိုးမြီးရှည်သောက်ရင်း ငါးဖယ်လုံးများကို နီလာ့ ပန်းကန်ထဲထည့်ပေးတော့ နီလာ့မျက်နှာမှာ ရှက်ရိပ်တွေ ပိုလို့ဝေသွားသည်။

အပြန်လမ်းတစ်ဝက်မှာ သူက လှမ်းနေသည့်ခြေလှမ်းကို တန့်ရပ်ပြီး…

'နီလာ'

တိုးညင်းစွာ ခေါ်သည်ကို နီလာက မော့ကြည့်၏။

'သည်နေ့ နီလာက ကလေးလေးတစ်ယောက်လိုပါပဲ'

'သက်သေပြစရာက…'

'နီလာက ကိုယ်ပြောသမျှကိုပဲ ခေါင်းလေးတညိတ်ညိတ်နဲ့ နားထောင်နေတယ်'

'မလုံလောက်ဘူးလား'

'လုံလောက်ပါတယ်၊ ပိုပြီးလုံလောက်သွားအောင် ကိုယ် အလေးအနက်ပြောမယ့် စကားတစ်ခွန်းကို ဆက်ပြီး ခေါင်းကလေးညိတ်ပေးပါ'

စကားကို တန့်သည်။





နှစ်ယောက်သား အကြည့်ချင်း ထပ်မိအခိုက်မှာ…

'ကိုယ် နီလာ့ကို မြတ်နိုးတယ်'

ပြောပြီး နီလာ့ထံပါးမှ သူ တရွေ့ရွေ့ခွာခဲ့သည်။ နီလာသည် ခေါင်းလေးတညိတ်ညိတ်မပြုခဲ့တောင် သူ့နောက်ကျောကို ခပ်ဝေဝေလေးနှင့် ရပ်ကြည့်နေပါလိမ့်မည်။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com

## (၂၁)

'ကိုလွင်… ကိုလွင်'

ခုတင်ထက်မှ ညီမလေး၏ ယောင်ရမ်းအသံက သူ၏ ရင်ကို ပြင်းထန်စွာ လာရောက်ရိုက်ခတ်သည်။ ညီမလေး၏ မျက်နှာကို စူးနစ်စွာ ကြည့်ရင်း မျက်ရည်တစ်ဥက ပါးပြင်ပေါ်သို့ လိမ့်ကျလာ၏။

'ကိုလွင်ရယ်… သီတာ့ကို မမုန်းပါနဲ့နော်၊ သီတာ့ကို ပစ်မသွားပါနဲ့နော်'

ဘယ်လူးညာလိမ့်နှင့် အိပ်စက်ခြင်း၏ အိပ်မက်မှာ ညီမလေး၏ ကိုလွင်က လာရောက်စိုးမိုးနေရောလား။

နီလာက ခုတင်နားတိုးကပ်သွားပြီး ခုတင်စောင်းမှာ အသာဝင်ထိုင်သည်။

'သီတာ… ညီမလေး'





ဖွဖွခေါ်ပြီး နဖူးကို လက်ကလေးနှင့် အသာစမ်းသည်။

'အို… ကိုယ်တွေက ခြစ်ခြစ်တောက်ပူလို့ပါလား'

မျက်နှာမှ ချွေးစလေးများကို သုတ်အဖယ်တွင် ညီမလေး၏ မျက်လုံးဖွင့်ဟလာသည်။

'မမ'

'မမ အနားမှာရှိတယ်လေ၊ ညီမလေး အိပ်မက်ဆိုးတွေ မက်နေပြန်ပြီထင်တယ်'

'အိပ်မက်ဆိုးမဟုတ်ပါဘူး မမရယ်၊ ကိုလွင်ရောက်လာလို့ စကားပြောနေတာပါ၊ ကိုလွင်ကလေ ညီမလေးကို ပြောတယ်'

'ဟုတ်လား၊ ကိုလွင်က ဘာတွေများပြောပါလိမ့်'

'ညီမလေးကို အရမ်းချစ်တာပဲတဲ့'

'ချစ်ရမှာပေါ့ကွယ်၊ ညီမလေးက သူ့ချစ်သူပဲ'

'ဒါပေမဲ့ ခုတလော ကိုလွင်က ညီမလေးကို တွေ့ရင် ထွက်ထွက်ပြေးတယ်'

နီလာ ပင့်သက်ချသည်။ ညီမလေးက စိတ်စွဲဝေဒနာ သိမ်သိမ်မွေ့မွေ့လေး ခံစားနေရသူပါ။

မလှပသော ကံတရားသည် ညီမလေး၏ နှလုံးသားကို



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းတမ်းစွာ ဆုပ်ကိုင်ထားပါ၏။

'ညီမလေး ကိုလွင်က စိတ်ကောက်တတ်တယ်မဟုတ်လား၊ ညီမလေးကို စိတ်ကောက်ပြီး သူ ထွက်ထွက်ပြေးတာနေမှာပါကွယ်၊ ညီမလေးကို မုန်းလို့ဟုတ်မှာ မဟုတ်ပါဘူး'

ညီမလေးမျက်နှာ ရုတ်ခြည်းဝင်းလက်လာ၏။

'ဟုတ်မယ်နော်၊ ဟုတ်မှာ၊ ညီမလေး သူ့ကို အရှမ်းအနိုင်ကျင့်ရင် ကိုလွင်က မကြိုက်ဘူး၊ ကိုလွင် ပြန်လာရင် ညီမလေး သူ့ကို အနိုင်မကျင့်တော့ပါဘူး မမရယ်'

'ကဲ... ကဲ... ညီမလေး အိပ်နော်၊ မကြာခင် ညီမလေးရဲ့ ကိုလွင် ပြန်လာမှာပါ'

'တကယ်နော်'

'တကယ်ပါ ညီမလေးရဲ့'

ပြုံးပြီး သီတာက မျက်လုံးကို မှေးစင်းသည်။ နီလာက ညီမကိုယ်ပေါ်သို့ စောင်ပါးကလေးလွှမ်းခြုံပေးပြီး အခန်းထဲမှ ထွက်ခဲ့သည်။

ညက ဆယ်နာရီပင် စွန်းနေပြီ။ ဧည့်ခန်းဆိုဖာမှာ ဖေဖေနှင့် မေမေ မျက်နှာငယ်လေးများနှင့် ထိုင်နေကြ၏။

'သမီးလေး အိပ်ပျော်သွားပြီးလား သမီးကြီး'





'အိပ်ပျော်သွားပါပြီ ဖေဖေ'

'အဖျားရော'

'အဖျားသွေးကတော့ နည်းနည်းရှိသေးတယ်၊ ကောင်းသွားမှာပါ ဖေဖေ'

ဖေဖေနှင့် မေမေ၏ မျက်နှာချင်းဆိုင်ဆိုဖာမှာ နီလာဝင်ထိုင်သည်။

'အင်း... ကောင်လေးကို ဖေဖေက အိမ်ခေါ်ဖိတ်ခေါ်ပါတယ်၊ အေးလေ... အစိမ်းသက်သက်ဆိုတော့ သူလည်း ဘယ်လိုက်ဝံ့မလဲ'

မေမေကလည်း...

'ရုပ်ချင်းက အတော်ကိုတူတာ သမီးကြီးရယ်၊ အမြွာမွေးများလားလို့တောင် ထင်မိပါရဲ့၊ ဒါပေမဲ့ မောင်ကိုလွင်အကြောင်းလည်း မေမေတို့က သိထားတာပဲ မဟုတ်လား၊ ရန်ကုန်ဇာတိလည်းမဟုတ်'

ရည်ရွယ်ပြောနေသူမှာ ချစ်ဦးမောင်ကို ဆိုသည်ကို နီလာ သိသည်။ မိမိနှင့်ပတ်သက်ခဲ့သည့် ရင်းနှီးမှုကိုတော့ သူမ ဖေဖေနှင့် မေမေကို ဖွင့်မပြောထား။

'ဖေဖေက အဲဒီသူငယ်ကို အိမ်ကိုလိုက်စေချင်တာက



www.burmeseclassic.com

www.burmeseclassic.com



မိသားစုနဲ့ ရင်းနှီးခင်မင်သွားအောင်လို့ပါ၊ နောက်ပြီး အကူအညီ တောင်းလို့ သူငယ်ဆီက အကူအညီများရခဲ့ရင် သမီးလေးရဲ့ စိတ်ဝေဒနာ သက်သာကောင်းရဲ့လို့လည်း ဖေဖေက မျှော်လင့်ပါတယ်'

ဖေဖေနှင့်မေမေစကားကို နားထောင်ရင်း နီလာ့ရင်မှာ အတွေးတွေ ဝေနေရ၏။

'သမီးကြီးသာ အဲဒီသူငယ်ကိုမြင်ရင် အရမ်းအံ့ဩမှာ ချွတ်စွပ်မှ တကယ့်ကို ချွတ်စွပ်၊ ဒါ့ကြောင့် သမီးငယ်က လိုက်လိုက်ခေါ်တာ'

ညီမလေးနှင့်ပတ်သက်သော သောကသည် မိသားစု ရင်မှာ ကြီးမားစွာ အမြစ်တွယ်လျက်ရှိသည်။ ချစ်ဦးမောင်ကို ဆုံပြီးသည့်နောက်ပိုင်း ညီမလေး၏ ရောဂါဝေဒနာ သက်သာ သက်သာရှိလာသည်ကိုလည်း မိသားစုအားလုံး သတိပြုမိ သို့သော်လည်း လွမ်းစိတ်နှင့် ညီမလေးအစားအသောက်ပျက် လာသည့်အခါ အားလုံးပျာယာခတ်ရတော့သည်။

'တစ်နေ့က လမ်းလျှောက်ရင်း လမ်းမှာ အဲဒီသူငယ်နဲ့ တွေ့တယ်၊ ဖေဖေ့ကို မှတ်မိပုံမပေါ်ပါဘူး၊ ဖေဖေက မိတ်ဖွဲ့ ပြီး အကူအညီတောင်းဖို့တောင် ကြံစည်မိသေးတယ်'





'ဆန္ဒမစောပါနဲ့ ဖေဖေရယ်၊ ညီမလေး ကံကောင်း လာမှာပါ'

နီလာ အိပ်ခန်းထဲ ဝင်ခဲ့သည်။

ညအတော်နက်သည်ထိ အိပ်မပျော်။ ကိုဦး သူ့ကို အထင်မြင်လွဲမှားသွားမလားဆိုသည့် အတွေးတွေ။

စဉ်းစားရင်း၊ အတွေးနယ်ချဲ့ရင်း သူမ မှေးခနဲ အိပ် ပျော်သွားခဲ့ပါ၏။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

သည်နံနက်ခင်းမှာ သူ နီလာ့ကို လုံးဝမျှော်လင့်ထားခြင်းမရှိ။ ခြံထဲမှ ကပျာကယာထွက်ပြီး နီလာနှင့်အတူ လမ်းလျှောက်လိုက်တော့ နီလာက ပြောသည်။

‘ကိုဦးကတော့ နီလာ လမ်းလျှောက်ထွက်လာမယ်လို့ မျှော်လင့်ထားမှာ မဟုတ်ဘူး၊ ဒါပေမဲ့ နီလာကတော့ ခြံရှေ့က ဖြတ်လျှောက်ရင် ကိုဦးကို တွေ့လိမ့်မယ်လို့ စိတ်က ထင်ထားတယ်’

‘ဝမ်းသာစရာပေါ့ နီလာ’

‘နီလာ ညက ညဥ့်အတော်နက်မှ မေးခနဲ အိပ်ပျော်သွားတာ’

‘ကိုယ်နဲ့ပတ်သက်ပြီး အတွေးတွေများသွားလို့များလားဟင်’





သူ့မဝံ့မရဲလေသံကို နီလာက ပြုံး၏။

‘ကိုဦးနဲ့ ပ[illegible]က်ပြီး နှလုံးသားက နားလည်သလိုဖြစ်နေတယ်’

‘ကိုယ်[illegible]ာမှာနော်’

‘မေးပါဦး’

‘ဘာကိုလဲ နီလာရဲ့’

‘ဘာလို့ညဥ့်နက်သွားရတာလဲဆိုတာ’

‘ဒါဆို မေးပြီလေ’

‘ညီမလေး ဖျားနေလို့၊ နီလာက အနီးကပ်ပြုစုနေရတာ ကိုဦးရဲ့’

‘ဩော်… နီလာ့မှာ ညီမလေးရှိတယ်လား’

‘ရှိတာပေါ့၊ ညီမလေးက သိပ်ချစ်စရာကောင်းတာပဲ’

‘နီလာ့ညီမလေးဆိုရင် ကိုယ့်ညီမလေးပဲပေါ့’

‘ချစ်ရမယ်နော်’

‘ချစ်မှာပေါ့’

နီလာက ပွင့်ပွင့်လင်းလင်းကလေးရယ်သည်။ နီလာ ရယ်နေဆဲမှာ သူက နီလာ၏ လက်ချောင်းလေးများကို ဖွဖွဆုပ်ကိုင်၏။ နီလာ မရုန်းပါ။ ဒါဆိုလျှင် သူနှင့်နီလာ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဘဝရောက်သွားပါပြီ။

လမ်းလျှောက်ရင်း လေအေးကို သူက တစ်ဝရှူသည်။ ပြီးတော့ သည်နေ့ဟာ ဘဝရဲ့အမှတ်တရနေ့ပဲဟု သူက နီလာ့ကို ပြောသည်။

လမ်းတစ်လျှောက်မှာ နီလာကတော့ သူ ပြောသမျှကို ပြုံးပြုံးကလေးနှင့် နားထောင်သည်။ သည်နံနက်ခင်းကတော့ မနေ့က နံနက်ဦးလိုမဟုတ်။ နီလာပျော်နေသည်ကို သူသိ၏။

ဖြတ်သန်းနေကျ သဖန်းပင်ကြီးအောက်အရောက်တွင် မနေ့က တွေ့ခဲ့သည့် ရှဉ့်ဖိုနှင့် ရှဉ့်မလေးကို ထပ်မံမြင်တွေ့ရသည်။

'မနေ့ကတည်းက အတိတ်နိမိတ်တွေက လှပနေတာ နီလာ'

'ဟုတ်လို့လား'

'ဟုတ်တာပေါ့၊ ခုလည်းကြည့်လေ၊ ခွဆုံကနေ ရှဉ့်ဖိုနဲ့ ရှဉ့်မလေး ကိုယ်တို့ကို ကြည့်နေတာ မျက်လုံးကို ပိုင်းစက်နေတာပဲ'

'ကိုဦးက အထီးအမသိလို့လား'

'သဘာဝက ပီပီပြင်ပြင်ကို ဖြစ်နေတာ နီလာရယ်'





သည်တစ်ခါတော့ ပခုံးစွန်းကို ဖွဖွညင်သာ ဆုပ်ဖက်သည်။ သည်နေ့တော့ သူ နီလာ့ကို ချစ်ကားတွေ လှိုင်လှိုင်ပြောဖြစ်ပါ၏။

လမ်းလျှောက်အပြန် သရဖူမှာ မနေ့ကလိုပဲ မြေအိုးမြီးရှည်စားဖြစ်ကြ၏။ သည်နေ့တော့ နီလာက သူ့ပန်းကန်ထဲ ငါးဖယ်လုံးလေးများ ထည့်ပေးသည်။

စားသောက်ပြီး အိမ်အပြန်လမ်းထိပ်အရောက်တွင် နီလာက...

'ပြောမယ် ကိုဦး'

'ပြောဗျာ'

'နီလာနဲ့ ကိုဦးချစ်သူဖြစ်သွားကြပြီနော်'

'နှစ်ယောက်တည်းသိတဲ့ကိစ္စ'

'ဟင့်အင်း... တစ်လောကလုံးကို သိစေချင်တာ'

'ဒါဖြင့် ချစ်သူဖြစ်သွားတဲ့အကြောင်း သတင်းစာမှာ ကြော်ငြာကြီးကြီးနဲ့ထည့်မယ်'

နီလာက နှစ်လိုဖွယ်ရယ်ပြီး...

'ပြောချင်တာက ချစ်သူဖြစ်သွားတော့ ချစ်သူရဲ့အလို ဆန္ဒမှန်သမျှကို ကိုဦး လိုက်ရမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ရေမြေတောတောင်ကိုတည်ပြီး ကတိပေးတယ်'

'ဒါဆို ကျေနပ်ပြီလား'

လမ်းအခွဲမှာ လက်ကလေး တပြပြလုပ်သွားသေး၏။ သည်နေ့ နီလာပျော်နေသည်ကို ကြည့်ပြီး သူပါ ပျော်ပျော်ကြီး ဖြစ်သွားရသည်။

● ● ●



(၂၃)

သူ ဆိုင်က ပြန်ရောက်ပြီး ညနေစောင်းကတည်းက အောင်စံဖြူ အပြင်ထွက်သွားတာ ယခုတိုင် ပြန်မရောက်သေး။

'ည ကိုးနာရီတောင် ထိုးတော့မယ်၊ ဒီကောင် ဘယ်တွေ လျှောက်ပြီးသဝေထိုးနေလဲ မသိဘူး'

ညနက်လာတော့ သူ အောင်စံဖြူအတွက် ပူလာရတော့သည်။ ဒီကောင်က နံ့အအမဟုတ်သော်လည်း ခပ်ပေါပေါ။ ရုံဖန်ရုံခါ ခပ်ကြောင်ကြောင်နှင့် မအူမလည်လုပ်တတ်သေးသည်။

ဟိုတလောက အဖြစ်ကိုကြည့်။

ညအတော်ကြီးနက်မှ ဒီကောင်ပြန်ရောက်လာသည်။ ပြန်ရောက်လာတော့ ချွေးသံတရွှဲရွှဲ။ သူက မင်းဘာဖြစ်လာတာ



www.burmeseclassic.com

www.burmeseclassic.com



လဲမေးတော့ ဒုက္ခရောက်နေတဲ့ကောင်မလေးတစ်ယောက်ကို မြောက်ဥက္ကလာလိုက်ပို့ပေးတာ အစ်ကိုလေးရာဟု ပြောသည်။

မင်းနဲ့သိလို့လား မေးတော့လည်း မသိဟု ဖြေသည်။ ဒါနဲ့ လက်မှာပတ်ထားသည့်နာရီကိုမေးတော့ သနားလို့ပေးလိုက်တယ် အစ်ကိုလေးရာဟု အူကြောင်ကြောင်ဖြေပါသည်။

ခု ဒီကောင် အချိန်နှင့်ပြန်မရောက်လာတော့ သူ့ရင်မှာ ပူပူပန်ပန်ဖြစ်လာရ၏။

သူ ခြံထဲဆင်းပြီး ဝင်းတံခါးကိုဖွင့်သည်။ လမ်းမကို မျှော်ကြည့်တော့လည်း အရိပ်ယောင်မျှပင် မမြင်ရ။

ဝင်းတံခါးကို ပြန်ပိတ်၊ သော့ခတ်ပြီး အိမ်ဘက်သို့ လှမ်းလျှောက်အလာ…

'အစ်ကိုလေး… အစ်ကိုလေး'

ခေါ်သံနှင့်အတူ ဝင်းတံခါးလှုပ်သံကြောင့် သူ နောက်ကြောင်းကို ပြန်လှည့်လာရသည်။

ဝင်းတံခါးနားရောက်တော့ သူ အံ့အားတသင့်ကြီးဖြစ်သွားရပါ၏။

အဘယ်ကြောင့်ဆိုသော် တံခါးနားမှာ အောင်စံဖြူ တစ်ယောက်တည်းမဟုတ်။ နောက်တစ်ယောက်ကလည်း





အထီးမဟုတ်။ အမဖြစ်နေ၏။

'ဟေ့ကောင်… မင်း… မင်း'

'တံခါးအမြန်ဖွင့်ပါ အစ်ကိုလေးရာ၊ အိမ်ထဲရောက်မှ မကျေနပ်ရင် ကျွန်တော့်ပါးကြီးကို လိမ်သာရိုက်ပစ်ပါ'

'မဟုတ်ပါဘူး၊ ငါမေးတာကို ဖြေစမ်းပါ၊ မင်းနောက်က ရပ်နေတာ ဘယ်သူလဲ'

'ကျွန်တော့်မိန်းမ အစ်ကိုလေး'

'ဟေ့ကောင်… မင်းမိန်းမဖြစ်ရအောင် မင်းက ဘယ်တုန်းက မိန်းမရလိုက်လို့လဲ'

'အခုလေ အစ်ကိုလေးရ၊ ခု ကျွန်တော် မိန်းမခိုးလာတာ'

'ဟေ…'

အမှောင်ရိပ်မှာ ကောင်မလေးရုပ်ကို မသဲကွဲ။ အောင်စံဖြူ မိန်းမခိုးလာပြီဆိုတော့ ဝင်းတံခါးကို ကပျာကယာ ဖွင့်ရသည်။ အောင်စံဖြူအတွက် အားကိုးအားထားရာဆိုလို့ သူပဲရှိ၏။

အိမ်ထဲရောက်တော့ မီးအလင်းရောင်နှင့် အောင်စံဖြူ မိန်းမမျက်နှာကို သေသေချာချာကြည့်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ပပဝတီ'

ပပဝတီက ခေါင်းကိုငုံ့ထား၏။ သူ မျက်လုံးပြူး မျက်ဆန်ပြူးနှင့် အောင်စံဖြူကို လှမ်းအကြည့်မှာ…

'ကျွန်တော်တို့ချစ်ခြင်းကိုတော့ မခွဲပါနဲ့ အစ်ကိုလေး ရယ်၊ ဒေါ်လေးတို့ တိုက်မှာ ထမင်းချိုင့်သွားယူရင်း ပပဝတီနဲ့ ကျွန်တော် မေတ္တာမျှကြရတာပါ'

သူ ပင့်သက်ကြီးကို ဟူးခနဲ မှုတ်ထုတ်သည်။ ပပဝတီ က အဘိုးတို့တိုက်က အိမ်ဖော်ကောင်မလေး။ နောက်ပြီး ဒေါ်လေးတို့ အစစအရာရာ လက်လွှဲရသလောက်ထိ အားကိုး ရသည့် ကောင်မလေး။

ပပဝတီဟု နာမည်တွင်သော်လည်း ရုပ်ရည်ကတော့ ရွက်ကြမ်းရေကျိုကလေးပါ။ အောင်စံဖြူ ကြိုက်နိုင်လောက် သည့် အရည်အချင်းကတော့ ကောင်မလေး၏ ကိုယ်လုံးမှာ ရှိသည်။

'မင်းကတော့ ပျားအုံကို တုတ်နဲ့သွားထိုးတာပဲ အောင် စံဖြူ၊ အဘိုးနဲ့အဘွားက ပြဿနာမဟုတ်ပေမယ့် ငါ့အဒေါ် အပျိုကြီးတွေကတော့ မင်းကို သည်းခံမှာ မဟုတ်ဘူး'

'ကျွန်တော်နဲ့ပပဝတီက မယူရင်မဖြစ်တဲ့အခြေနေမို့





လို့ပါ အစ်ကိုလေးရယ်'

'ဘာလဲ၊ ပပဝတီ ဗိုက်ကြီးနေလို့လား'

'အို… မဟုတ်ဘူး အစ်ကိုလေး၊ ပပမှာ ကိုယ်ဝန် မရှိပါဘူး'

ယင်းစကားကို ပပဝတီက ကပျာကယာဝင်ပြော သည်။ သူက အောင်စံဖြူကို မျက်နှာထားနှင့် ကြည့်ပစ်လိုက် ၏။

'သည်လို အစ်ကိုလေးရ၊ မယူမဖြစ်တဲ့အခြေအနေဆို တာက နယ်က ပပဝတီရဲ့အမေက သူ့သမီးကို နက်ဖြန် သဘက် လာခေါ်တော့မှာ၊ လာခေါ်လို့ ပပပါသွားရင် ကျွန်တော် အသည်းကွဲပြီပေါ့ အစ်ကိုလေးရာ၊ ပပကို တခြား နိုးပြေးရအောင်ကလည်း ကျွန်တော့်မှာ ဆွေမရှိ၊ မျိုးမရှိဟာ၊ အစ်ကိုလေးသာ ကျွန်တော့်အစ်ကိုဆိုရင်လည်းဟုတ်၊ ဆရာဆို ရင်လည်းဟုတ်၊ ဒါ့ကြောင့် အစ်ကိုလေးဆီပဲ ခိုးလာရတာပါ'

စကားတွေက ကမ်းကုန်ပြီ။ ခိုးလာမှတော့ သူအပို စကားတွေ မပြောချင်တော့။ အဒေါ်အပျိုကြီးတွေကို အေးအေး လူလူကြမှ အကျိုးအကြောင်းကို တောင်းပန်ပြော ပြောရတော့ မည်။



www.burmeseclassic.com

www.burmeseclassic.com



'နောက်ဖေးက တန်းလျားမှာ ကျွန်တော်တို့လင်မယား နေပါရစေ အစ်ကိုလေးရာ၊ အစ်ကိုလေးဘာမှ စိတ်အနှောင့် အယှက်မဖြစ်ပါနဲ့၊ ကျွန်တော်တို့လင်မယား အစ်ကိုလေးကို အနီးကပ် စောင့်ရှောက်မှာပါ'

'အောင်မာ… ငါ့ကို ကလေးများအောက်မေ့နေလို့လား၊ မင်းတို့လင်မယားသာ ပိပိပြားပြားနေ၊ တစ်ပတ် နှစ်ပတ်ထိတော့ ထမင်းချိုင့်ကို မင်းဟာန်မပျက်သွားယူ'

'ပပ ချက်ပြုတ်ကျွေးမှာပါ အစ်ကိုလေး'

ပပဝတီက အားတက်သရော ဝင်ပြော၏။

'ဟဲ့… အောင်စံဖြူ ထမင်းချိုင့်သွားမယူရင် နင့်ကို ခိုးပြေးတာ ရိပ်မိမှာ၊ ဟာန်မပျက်နေလိုက်ရင် နင်အိမ်က ရိုးရိုးသားသားထွက်သွားတာပဲလို့ ဒေါ်လေးတို့က မြင်မှာပေါ့၊ နောက်မှ ငါ့အဒေါ်တွေကို ဖျောင်းဖျပြောမယ်'

သူ့စကားဆုံးတော့ တို့အစ်ကိုလေးကွဟုဆိုပြီး အောင်စံဖြူက ခပ်ကြောင်ကြောင်ထအော်သေး၏။

အေပေး အူမြူးမနေနဲ့၊ ပုဆိုးကို ခါးတောင်းပြောင် အောင်ကျိုက်ပြီး အလုပ်လုပ်ရပြီသာမှတ်တော့'

ဘာပဲဖြစ်ဖြစ် အောင်စံဖြူတို့ ပူပူနွေးနွေးလင်မယား





ကိုကြည့်ပြီး သူ့စိတ်က အလိုလိုပျော်လာသည်။

နောက်ဘက်က တန်းလျားကိုရှင်းတော့ သူပါ အောင်စံဖြူတို့နှင့်လိုက်ရှင်း ပေးခဲ့၏။

သူ အိပ်ရာဝင်တော့ ညဉ့်နာရီပြန်တစ်ချက်။

လှမ်းကြည့်တော့ တန်းလျားမှာ မီးလင်းနေသေးသည်။

☯ ☯ ☯



www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

ပပဝတီ အိမ်ကထွက်သွားသည့် သတင်းကို နံနက်စောကြီးမှာပင် အငယ်ဆုံးအဒေါ်ဖြစ်သူ ဒေါ်လေးခင်မိုးဝေက ဖုန်းဆက်အကြောင်းကြားသည်။

'အဲဒါ ဘယ်လိုလုပ်မလဲ မောင် ဦး'

အဒေါ်တွေက သူ့ကို မောင်ဦးဟု ခေါ်ကြ၏။

'ဘာကို ဘယ်လိုလုပ်မှာလဲ ဒေါ်လေးဝေရဲ့'

'ရဲကို အကြောင်းကြားရင် ကောင်းမယ်'

'ပစ္စည်းယူသွားလို့လား'

'ဘာမှမယူပါဘူး၊ လူယုတ်မာက ဖြားယောင်းသွေးဆောင်သွားရင် ကောင်မလေးဒုက္ခရောက်မှာပေါ့'

'ဘာမှမယူနဲ့'

'ဟင်... မင်းက အကျိုးအကြောင်းသိနေလို့လား'





မှားသွားသည့်စကားကို သူ ချက်ချင်းပြင်ရသည်။

'မဟုတ်ဘူးလေ၊ ကောင်မလေးက အရွယ်ရောက်ပြီပဲ၊ ယောကျ်ားနောက်လိုက်သွားမှာပေါ့၊ ဒေါ်လေးတို့ ဟိုတိုင်သည်တိုင် လျှောက်လုပ်မနေနဲ့၊ အိမ်ဖော်ကောင်မလေး ယောကျ်ားနောက်လိုက်တာ အပျိုကြီးတွေက ရဲစခန်းသွားတိုင်ရင် ရှက်စရာကြီး'

'အေးပါဟယ်၊ သူ့ထိုက်နဲ့ သူ့ကံရှိပါစေတော့၊ သားမှတ်မှတ် မယားမှတ်မှတ် ရှာဖွေကျွေးမွေးမယ့် ယောကျ်ားရပါစေလို့ပဲ ဆုတောင်းရတော့မှာပဲ'

ပြောပြီး ဒေါ်လေးဝေ ဖုန်းချသွား၏။

သူက ဒီအကြောင်းကို အောင်စံဖြူနှင့် ပပဝတီကို ပြောပြသည်။

'ပပ ဒီမှာရှိတယ်ဆိုတာကိုတော့ မပြောပါနဲ့ အစ်ကိုလေးရယ်၊ ဒေါ်လေးတို့က ပပကို သူတို့လိုပဲ အပျိုကြီးလုပ်မယ် ထင်နေတာ'

'နေပါဦး၊ နင့်ကို ငါမေးစမ်းပါရစေ၊ နင်က အောင်စံဖြူကို ဘာကြိုက်တာလဲ'

'သနားလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့… ဒီကောင့်မှာ သနားစရာအကြောင်း ဘာရှိလို့လဲ၊ အစားအသောက်ဆိုလည်း အလျှံပယ်စားရ၊ အဝတ်အစားဆိုလည်း ငါ့အကျကို အကုန်လုံးသူ့ရတာ၊ အကျဆိုလို့ အထင်တော့မသေးနဲ့၊ ငါ့ဝတ်စုံတွေက တစ်သောင်းအောက်မှာ ရှိတာမဟုတ်ဘူး'

'မဟုတ်ပါဘူး အစ်ကိုလေးရဲ့၊ ပပ သနားတာက သူ ချိုင့်ကလေးဆွဲပြီး ခေါင်းကလေးငိုက်စိုက် ငိုက်စိုက်နဲ့ ထွက်သွားတာကိုပါ'

'ဟဲ့… သူ မျိုးဆိုဖို့ကို သူ ချိုင့်မဆွဲလို့ ဘာကို ဆွဲရမှာလဲ'

'အဲဒါကိုလည်း ပြောတာ မဟုတ်ပါဘူး'

'နင့်စကားက ရှုပ်နေပြီ ပပဝတီ'

'ဘယ်လိုပြောရမလဲ အစ်ကိုလေးရယ်၊ သနားတာက စာဖွဲ့ပြီးတော့ ပပ မပြောတတ်တော့ဘူး'

သူ အသံမဲ့ဆဲတော့ နှစ်ယောက်စလုံး မီးဖိုခန်းထဲဝင်ပြေးကြ၏။

သည်နံနက်မှာ သူ လက်ဖက်ရည်ထွက်သောက်ဖို့ မလို။ နံနက်ခင်း စားသောက်မှုကို ပပဝတီက သူ့ဘာသာသူ





တာဝန်ယူသည်။

ဒါကလည်း ဒေါ်လေးတို့တိုက်မှာ ပပဝတီ လုပ်ဆောင်နေကျတာဝန်။

သူဆိုင်ကို သွားတော့ အောင်စံဖြူကို မှာစရာရှိတာ မှာရသည်။

သူဆိုင်ရောက်ပြီး မကြာမီမှာ အဒေါ်အပျိုကြီးတွေ ရောက်လာ၏။

သူ လှမ်းပြီးအကဲခတ်တော့ ဘာမှထူးခြားဟန် မပြ။ နံနက်စာကို အဒေါ်တွေနှင့် ဝိုင်းဖွဲ့စားတော့မှ ပပဝတီ စာရေးထားခဲ့ကြောင်း ဒေါ်လေးခင်မိုးမြေက ပြောသည်။

'ဘာတွေရေးထားလဲ ဒေါ်လေး'

'သူ လင်နောက်လိုက်သွားပြီ ဆိုတာရယ်၊ ဖေဖေ မေမေကြီးနဲ့ ဒေါ်လေးတို့ကို ကန်တော့ခဲ့ပါတယ်ဆိုတဲ့ အကြောင်းပေါ့'

သည်မျှနှင့် ကိစ္စက ပြီးပြတ်သွားသည်။

ညနေဆိုင်ပိတ်ခါနီးမှာတော့ နီလာ့ဆီက ဖုန်းရောက်လာသည်။

'အိမ်ကို ဆက်သေးတယ်၊ ကိုဦး ဆိုင်သွားတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



လို့၊ ဆိုင်ကိုလှမ်းဆက်တာ'

'အကြောင်းကိစ္စရှိတယ် ထင်တယ်'

'ရှိတယ် ကိုဦး'

'ပြောလေ'

'ဖုန်းထဲကပြောဖို့ အချိန်မလုံလောက်ဘူး၊ ညနေကိုဦး အားလားဟင်'

'နီလာ့အတွက်ဆို ကိုယ် အားပေးရမှာပေါ့'

'ကန်ဘောင်ဘက် လမ်းလျှောက်ပြီး အေးအေးဆေးဆေး စကားပြောချင်တယ်၊ ကိုဦးကို နီလာ သရဖူက စောင့်နေမယ်နော်၊ ညနေ နေညိုချိန် ခြောက်နာရီလောက်ပေါ့'

'လာခဲ့မယ် နီလာ'

နီလာ ဖုန်းချသွားမှ သူက ဖုန်းခွက်ကို ပခက်ပေါ်ပြန်တင်လိုက်သည်။ ကံကောင်းတာက သူ ဖုန်းပြောချိန်တွင် အနားမှာ အဒေါ်တွေ မရှိ။

ရှိလည်း သူ့အဒေါ်များက သူ့ကို နားလည်မှုတွေ အများကြီးပေးထားပါ၏။

နောက်ပြီး...

မန္တလေးမှ ဖေဖေက သူ့ညီမတွေဆီ ဖုန်းဆက်





အကြောင်းကြားထားသည်ပဲ။ 'နင့်တူကို မိန်းမရှာပေးစားလိုက်ကြစမ်း' ဆိုသည့်စကား။

သည်စကားကို အဒေါ်အငယ်ဆုံးဖြစ်သည့် ဒေါ်လေးတင်မိုးဝေက သူ့ကို ပြောထားတာ ကြာပြီ။

◉ ◉ ◉



www.burmeseclassic.com

www.burmeseclassic.com

## (၂၅)

ကန်ဘောင်မှာထိုင်ရင်း ပြောလာသည့်စကားကြောင့် ဆုပ်ကိုင်ထားသည့် နီလာ့လက်ကို သူ အယောင်ယောင် အမှားမှားနှင့် လွှတ်ချလိုက်မိ၏။ ဒါကို နီလာက သူ့ကို စွေစောင်းကြည့်ပြီး…

'ကိုဦးက ဘာလို့ထိတ်ထိတ်လန့်လန့် ဖြစ်သွားရတာလဲ'

'မဖြစ်နိုင်တာ နီလာရယ်၊ သည်ကိစ္စက ဘယ်လိုမှ ဖြစ်နိုင်တဲ့ ကိစ္စမဟုတ်ဘူး'

'ကိုဦး… ညီမလေးကို မသနားဘူးလား'

သူ ဘာဖြေရမှန်းမသိ။ သီတာက နီလာရဲ့ ညီမလေး ကိုဦးဟု ဆိုကတည်းက သူ့စိတ်တွေ ကယောင်ချောက်ချားဖြစ်နေခဲ့ရသည်။





'နီလာ ကိုဦးကို အရိုးသားဆုံး၊ အပွင့်လင်းဆုံး ပြောပြထားပြီးပြီပဲ၊ ညီမလေးက နှလုံးသားကံဆိုးပါတယ် ကိုဦးရယ်၊ သူတို့က နှစ်ယောက်သဘောတူမျှကြတာ၊ ကောင်လေးက ရန်ကုန်က မဟုတ်ဘူး၊ တောင်ကြီးက၊ မိဘတွေကိုဖွင့်ပြောပြီး လက်ထပ်မယ့်ဆဲဆဲမှာ ကားမှောက်ပြီး မောင်ကိုလွင် တိမ်းပါးသွားရတာ၊ ညီမလေး သွေးပျက်ပြီး သည်ဝေဒနာရမယ်ဆိုရင်လည်း ရလောက်ပါတယ်'

သူကတော့ ခေါင်းကို တွင်တွင်ခါသည်။

'ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲကလို ဟန်ဆောင်လင်လုပ်နိုင်းတာ မဟုတ်ဘူး ကိုဦး၊ ညီမလေးကို နွေးနွေးထွေးထွေး ဆက်ဆံလိုက်ရင် သူ့ရောဂါအခြေအနေ သက်သာလာမယ်လို့ နီလာ ယုံကြည်တယ်'

'မဟုတ်ဘူး နီလာ၊ သီတာ ကိုယ့်အပေါ်ဆက်ဆံလာမယ့် ဆက်ဆံရေးကို နီလာထည့်တွက်ဦး၊ မောင်ကိုလွင်က သူနဲ့ လက်ထပ်မယ့်လူ၊ သူက ကိုယ့်ကို မောင်ကိုလွင်အမှတ်နဲ့ ဆက်ဆံတာကို နီလာ လက်ခံနိုင်သလား'

သည်စကားက နီလာ့နှလုံးသားကို ထိမှန်သွားဟန်တူ၏။



www.burmeseclassic.com

www.burmeseclassic.com



နီလာ ခပ်ထွေထွေလေးဖြစ်သွားသည်။

'နောက်ပြီး ကိုယ်က သီတာ့ကို ဘယ်လိုပုံစံနဲ့ ဟန်ဆောင်ဆက်ဆံရမှာလဲ နီလာရယ်၊ ကိုယ် ဟန်လည်းမဆောင်တတ်ဘူး၊ မောင်ကိုလွင်ရဲ့ အပြုအမူစရိုက်တွေကိုလည်း ကိုယ်မသိဘူး၊ အဆိုးဝါးဆုံးက ကိုယ့်ချစ်သူရှေ့မှာ သီတာနဲ့ ကိုယ် ဘယ်လိုမှ ဖက်လှဲတကင်း မနေနိုင်ဘူး'

'သီတာက လူကြီးမိဘတွေရှေ့မှာ ကိုဦးထင်သလို ရဲရဲတင်းတင်း မနေရဲပါဘူး၊ နီလာကလည်း ကိုဦးတို့နဲ့ အနီးကပ်ဆုံးမှာနေပြီး အခြေအနေကို ထိန်းသိမ်းပေးမှာပါ၊ ကိုဦးက လိုက်လိုက်လျောလျောဆက်ဆံပြီး ပြုပြင်ရင် သီတာ သူ့ဘဝ အခြေအနေကို တဖြည်းဖြည်း နားလည်လာမှာပါ'

'နားလည်မလာဘဲနဲ့ အတင်းလက်ထပ်မယ် လုပ်ရင် ဘယ်လိုလုပ်မလဲ'

သူ့စကားကို နီလာက ရယ်၏။

ရယ်ရင်းနှင့်...

'လက်ထပ်လိုက်ပေါ့'

'နီလာ အဲသလို မကျီစားနဲ့၊ ဒါနောက်စရာမဟုတ်ဘူး'

'အောင်မယ်... စိတ်ဆိုးတယ်ဟ၊ ကဲပါ ကိုဦးရယ်





နီလာပြောတာကို ခေါင်းညိတ်စမ်းပါ'

'မညိတ်ဘူး၊ မညိတ်ဘူး၊ ဘယ်လိုမှ ညိတ်လို့မဖြစ်ဘူး'

'ဒီမယ် ကိုဦး'

ပြောပြီး နီလာက ထိုင်ရာမှ ဆတ်ခနဲ ထသည်။ သူ့ပါ ယောင်တောင်ပေါင်တောင်နှင့် လိုက်ထမိ၏။

'ပေးထားတဲ့ ကတိကို မှတ်မိရဲ့လား'

'ခဏနေဦး၊ ပြန်စဉ်းစားဦးမယ်'

'ကိုဦး မေ့ချင်ယောင်ဆောင်မနေနဲ့နော်၊ ကိုဦးနဲ့နီလာ ချစ်သူဖြစ်တဲ့နေ့မှာ ချစ်သူရဲ့ အလိုဆန္ဒမှန်သမျှကို ကိုဦး လိုက်ရမယ်လို့ နီလာပြောခဲ့တယ်'

'အင်းလေ'

'အဲဒီတော့ ကိုဦး ဘာပြန်ပြောခဲ့လဲ'

'အင်း... ဘာပြန်ပြောမိပါလိမ့်'

သူ့ကိုနီလာ စိတ်မရှည်စွာနှင့် ရင်ဘတ်ကို တဘုန်းဘုန်း ထုတော့၏။

'ရေမြေတောတောင်ကိုတည်ပြီး ကတိပေးတယ် ဆိုတဲ့ စကားလေး၊ ကဲ... မှတ်မိပြီလား၊ မှတ်မိပြီလား'



www.burmeseclassic.com

www.burmeseclassic.com



ပြောလည်းပြော ထုလည်းထုပြန်၏။

နောက်ဆုံးတော့ နီလာ ဒါရိုက်တာလုပ်သည့် ဇာတ်မှာ သူ ဇာတ်ရုပ်ကလေးတစ်ရုပ်အဖြစ် ဝင်ကရတော့သည်။

ဓ ဓ ဓ



(၂၆)

'မျက်ခုံးတွေ အရမ်းလှုပ်တယ် နီလာရယ်၊ ကိုယ့်ကို မြင်တာနဲ့ သီတာက ပြေးဖက်ရင် ဘယ်လိုလုပ်မလဲ'

'မဖက်ပါဘူး'

'ပြောလို့ရမလား၊ လမ်းလယ်ခေါင်မှာတောင် အတင်းလိုက်ဖက်နေတဲ့ဟာ'

'ဒါက ကိုဦးထွက်ပြေးမှာ စိုးလို့ပါ၊ နီလာလည်း အနားမှာရှိနေတော့ ညီမလေး ဒီလောက် မကြမ်းပါဘူး၊ အိမ်မှာလည်း လွှမ်းလွှမ်းဆွေးဆွေးဖြစ်နေတာကလွဲလို့ သိမ်သိမ်မွေ့မွေ့ပါ'

နှစ်ယောက်ချိန်းဆိုပြီးသည့် လမ်းကြောင်းပေါ် သူလျှောက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သရဖူမှာ လှုပ်ရှားရမည့် အနေအထားကိုလည်း နီလာက ထပ်ပြောထားသေး၏။

ခြံဝင်းတံခါးအဖွင့်မှာ သူက နီလာ့နားနားသို့ကပ်ပြီး…

'ဖက်နမ်းရင် ပြသနာနော်'

'ပြုံးပြုံးလေး နေလိုက်ပေါ့'

'စိတ်ညစ်တယ်ကွာ၊ ဒါနဲ့ အန်ကယ်နဲ့ အန်တီတို့ နီလာအကျိုးအကြောင်း ပြောထားတယ်နော်'

'ပြောထားပါတယ်၊ ဖေဖေနဲ့မေမေက ကိုဦးကို အရမ်းကျေးဇူးတင်နေတာ'

'ဟိုဟာလေ၊ ကိုယ်နဲ့နီလာ ချစ်သူဖြစ်နေတယ်ဆိုတာရော ပြောထားလား'

'ဒါတော့ ဘယ်ပြောထားမလဲ၊ ရှက်စရာကြီး၊ သူငယ်ချင်းလို့ပဲ ပြောထားတာပေါ့'

သူ အမေးအမြန်းသိပ်မထူချင်တော့။ ဝင်းတံခါး ဖွင့်ပြီး ခြံထဲသို့ လှမ်းအဝင်မှာပင်…

'ဟယ်… ကိုလွင်… ကိုလွင်'

ထင်ထားသည့်အတိုင်းမါပဲ။

အိမ်ထဲက အပြေးထွက်လာပြီး သိုင်းဖက်တော့သည်။





သည်နေရာမှာ နီလာက လျင်၏။

'သီတာ မောင်ကိုလွင် ပြန်ရောက်လာပြီပဲ၊ ညီမလေး စိတ်ကို ငြိမ်ငြိမ်ထားစမ်း၊ ကိုယ့်အစ်မရှေ့မှာ အဲသလို မနေထိုင်ရဘူးလေ'

'အား… ကန်တော့နော် မမ၊ ကန်တော့၊ သီတာက ဟိုတစ်ခါကလို ကိုလွင် ထွက်ပြေးမှာစိုးလို့ စိုးရိမ်လို့ပါ'

အားပါး အခြေအနေက အရမ်းကောင်းနေပါလား။ သိုင်းဖက်ထားရာမှ လွှတ်လိုက်သော်လည်း သူ့လက်ကို တအား ဆုပ်ကိုင်ပြီးအိမ်ထဲ ဆွဲခေါ်သည်။

'ဖေဖေနဲ့ မေမေရေ ဒီမှာ ကိုလွင် ပြန်လာပြီတော့၊ သမီးဆီကို ကိုလွင် ပြန်လာပြီ'

ဧည့်ခန်းမှာ မျက်နှာစုံညီရှိကြတော့ သူ၏ ပူနေသည့် မျက်နှာကို ဘယ်လိုထားရမှန်းမသိ။

နီလာ့ဖေဖေ အန်ကယ် ဦးရဲမောင်နှင့် နီလာ့မေမေ အန်တီ ဒေါ်ခင်သော်တာကတော့ သူ့ကို အားကိုးသည့်မျက်နှာ နှင့် ကြည့်သည်။

'သီတာ အရမ်းလွမ်းတာပဲ ကိုလွင်ရယ်၊ ကိုလွင်က ဘယ်တွေလျှောက်သွားနေရတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'အိမ်မှာ'

'ဟင်… အိမ်မှာ ဟုတ်လား'

နီလာက သူ့ကို မျက်လုံးပြူးပြူး၍။

သည်တော့မှ နီလာ သင်ပေးထားသည့် စကားတွေ သူ အမှတ်ရသည်။

'ကားမှောက်ပြီး ဆေးရုံရောက်နေတာလေ သီတာရဲ့ ဆေးရုံမှာ အကြာကြီးနေရတာ'

'သီတာ့ကို မညာပါနဲ့ ကိုလွင်'

'မညာပါဘူး၊ အမှန်ပြောတာပါ'

'သီတာ မှတ်ထားတယ်၊ ကိုလွင့်ကို နှစ်ခါတောင် လိုက်ခေါ်တာလေ၊ ကိုလွင် အတင်းရုန်းပြီး ထွက်ပြေးတယ်လေ'

အရှုံးမက မှတ်ဉာဏ်တွေအရမ်းကောင်းနေပါလား။ သူ ဘာပြန်ဖြေလို့ ဖြေရမှန်းမသိဖြစ်နေချိန်တွင် နီလာ့အသံ ဖြတ်ဝင်လာ၏။

'မောင်ကိုလွင်က ကားမှောက်ပြီး ခေါင်းမှာ ဒဏ်ရာ ရသွားတယ်လေ ညီမလေးရဲ့၊ ဦးနှောက်ကို ထိသွားတော့ အတိတ်မေ့ရောဂါရပြီး ညီမလေးကို မမှတ်မိဖြစ်သွားတာပါ'





'ဟင်… ကိုလွင် ပရိန်းချောင်သွားတာပေါ့'

'ဟာ… ဘယ်ကချောင်ရမှာလဲ'

နီလာက သူ့ကို မျက်လုံးပြူးပြူးပြန်၍။

'အဲ… အဲ… ချောင်သွားတယ်'

'ခုရော ချောင်နေတုန်းပဲလားဟင်'

'ပြန်ကောင်းသွားပြီလေ၊ ကောင်းလို့ သီတာ့ကို သတိရပြီး သီတာ့ဆီ ရောက်လာတာပေါ့'

'တော်သေးတာပေါ့ ကိုလွင်ရယ်၊ ကိုလွင် ရူးကြောင်ကြောင်ကြီး ဆက်ဖြစ်နေရင် သီတာ ရင်ကျိုးမှာအမှန်ပဲ'

အားလုံးမျက်နှာ ပြုံးရိပ်သန်းနေကြ၏။

သီတာက နီလာပြောသလို မိဘတွေရှေ့မှာ ထိန်းထိန်းသိမ်းသိမ်းနေတတ်ပါသည်။

သူနှင့် ပူးပူးကပ်ကပ်ထိုင်သည်မှလွဲ၍ ဘာမှကြမ်းကြမ်းတမ်းတမ်းမရှိ။

သီတာ၏ ပျော်နေသည့် မျက်နှာကိုကြည့်ပြီး မိသားစု စိတ်ချမ်းချမ်းသာသာ ဖြစ်နေကြသည်ကတော့ အမှန်ပါ။

ညနေစာကို မိသားစုနှင့်အတူ သူ စားရသည်။

စားသောက်ပြီး သူ အိမ်ပြန်ရန်နှုတ်ဆက်မှာ ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုက ဖြစ်လာရသည်။

'ကိုလွင်က ဘယ်ပြန်မှာလဲ'

'အိမ်ကိုလေ'

'အို… ကြုံကြုံဖန်ဖန်၊ ကိုလွင်က တောင်ကြီးမှာနေတာ၊ ဘယ်လိုလုပ် အိမ်ပြန်မှာလဲ၊ ရန်ကုန်လာတိုင်း သီတာတို့ အိမ်မှာပဲတည်းတဲ့ဟာ၊

'သီတာက ကိုလွင်တည်းတဲ့အခန်းကို နေ့တိုင်း သန့်ရှင်းရေးလုပ်ထားတာ ကိုလွင်ရဲ့'

သူ အဖြေရခက်နေစဉ်မှာ နီလာက ပါးပါးနပ်နပ်နှင့် စကားဝင်၏။

'သည်တစ်ခေါက် မောင်ကိုလွင်က လွတ်လွတ်လပ်လပ်နေချင်လို့ သူ့သူငယ်ချင်းတိုက်မှာ တည်းတာ သီတာ'

'ဒီမှာလည်း လွတ်လွတ်လပ်လပ်တည်းလို့ ရတာပဲဟာ'

'သူ့မှာ အရောင်းအဝယ်ကိစ္စတွေလည်း ပါတယ်လေ၊ ဒါကို ညီမလေးက နားလည်ပေးရမယ်'

သီတာ ဘာမှပြန်မပြောတော့။

သူ ဝင်းတံခါးဖွင့်ပြီး အထွက်မှာတော့ အပြေးကလေး





လာပြီး…

'ကိုလွင် နေ့တိုင်းလာရမယ်နော်'

သူ အတော်ကို စိတ်ညစ်သွားရပါ၏။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## (၂၇)

သူ အကျိုးအကြောင်းအားလုံးကိုတော့ အောင်စံဖြူကို ပြောပြရသည်။ အောင်စံဖြူက ခေါင်းတယမ်းယမ်းနှင့်…

'အစ်ကိုလေးဟာကြီးက ရေရှည်ကြီးဗျာ'

'ငါလည်း အဲဒါကို စဉ်းစားမိတယ် အောင်စံဖြူ သီတာနဲ့ တွေ့တိုင်း ငါ့မှာ မနေတတ် မထိုင်တတ်ကွာ၊ နီလာက အနားမှာရှိသေးလို့ ငါ အသက်ရှူချောင်နေတာ'

'တော်ကြာ ကောင်မလေးက သည်အတိုင်းမနေချင်တော့ဘူး၊ လက်ထပ်တော့မယ်လို့ ပြောရင် အစ်ကိုလေး ဘယ်လိုလုပ်မလဲ'

'ငါလည်း အဲဒီအကြောင်းကို နီလာ့ကို ပြောပြတယ် နီလာက မပူပါနဲ့တဲ့၊ သူရှိပါတယ်တဲ့'





'မထူးပါဘူးဗျာ'

'ဘာကိုလဲ'

'နှစ်ယောက်စလုံးသာ ယူလိုက်တော့ အစ်ကိုလေးရာ'

'ဟာ… ဟော့ကောင်၊ ဖေါက်ကရတွေ လျှောက်ပြောမနေနဲ့'

အောင်စံဖြူကလည်း နောက်ပိုင်း သည်အကြောင်းအရာနှင့်ပတ်သက်ပြီး မပြောတော့။ သူ တစ်ခုကံကောင်းသည်ကတော့ သီတာနှင့် ပတ်သက်ပြီး နီလာ သူ့ထံသို့ ရဲရဲတင်းတင်း ဝင်ရောက်လာခြင်းပင်။ ရံဖန်ရံခါတွင် ညနေစာများကို နီလာကိုယ်တိုင် ပပဝတီနှင့်အတူ ချက်ပြုတ်ပေးသွားတတ်၏။ သူ သည်လမ်း သည်နေရာမှာ နေသည်ကိုတော့ နီလာက သူ့ညီမကို ပြောမထားပေ။

သူ သည်နေ့ ဆိုင်ကို နောက်ကျမှ ရောက်သည်။ ရောက်ရောက်ချင်းပင် ဒေါ်လေးခင်မိုးမြေက…

'လာပါဦး ကိုယ်တော်၊ မင်းအလာကို စောင့်နေတာ'

သူ့ရင် ခပ်ထိတ်ထိတ်ကလေး ဖြစ်သွား၏။ ဒေါ်လေးရှေ့ ထိုင်ခုံမှာ မဝံ့မရဲ ထိုင်တော့…

'တော်တော့်ကို ပိပိပြားပြားနေတတ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာကိုလဲ ဒေါ်လေးရဲ၊ ပိပိပြားပြားနေတတ်ရအောင် ကျွန်တော်က မိန်းကလေးလည်းမဟုတ်'

'ကြည့်စမ်း... ကြည့်စမ်း၊ ခုထိ ဟန်ဆောင်ကောင်းတုန်းပါပဲလား မောင်ဦးရယ်'

အကြောင်းအရာတစ်ခုရှိနေပြီကိုတော့ သူ ချက်ချင်းသိလိုက်၏။

'တကယ်ဆို ပပဝတီကို အောင်စံဖြူ ခိုးသွားတဲ့နေ့မှာပဲ မင်းအဒေါ်တွေကို လာအကြောင်းကြားဖို့ကောင်းတယ်'

'ဟာ...'

'ဘာဟာလဲ၊ ပပဝတီပျောက်သွားပြီး နောက်နေ့ကတည်းက မင်းတို့ဆရာတပည့်နှစ်ယောက်ကို တို့အဒေါ်တွေက မယုံသင်္ကာဖြစ်နေတာ'

သူ့မှာ ပြောရန်စကားမရှိသလောက် ဖြစ်သွား၏။

'ဒေါ်လေးကို ဘယ်သူပြောလဲ'

'အောင်စံဖြူကိုယ်တိုင်က သူ ပပဝတီကို ခိုးပါတယ်လို့ ဝန်ခံနေတာ မင်းက မဟုတ်ပါဘူးလို့ ငြင်းချင်သေးလို့လား'

'ဟာ... ဒီကောင်'

'မောင်ဦးရယ်... နင့်တပည့်က ခပ်ပေါပေါကောင်၊





တို့ညီအစ်မသုံးယောက် ဝိုင်းအစ်လိုက်တာ ဆယ့်ငါးမိနစ်တောင်မကြာဘူး'

ဒီကောင် ဒီကိစ္စတွေကို မနက်က သူ့ကို ဘာမှမပြော။ သို့သော်လည်း ဒီကောင့်မျက်နှာတစ်မျိုးဖြစ်နေသည်ကို ပြန်စဉ်းစားလို့ရသည်။

ညနေ သူအိမ်ပြန်ရောက်တော့ အောင်စံဖြူကို နှစ်ချက်သုံးချက်လောက် ဆောင့်ကန်ပစ်လိုက်၏။

'သိတယ်၊ အစ်ကိုလေး ဆိုင်ကပြန်လာရင် ကျွန်တော့်ကို ဆောင့်ကန်တော့မယ်ဆိုတာ သိနေတယ်'

'အေပေး... ငါကတော့ အဒေါ်တွေကို ဖုံးထားဖိထားလိုက်ရတာ၊ ဟိုက တစ်ချက်လောက်အစ်လိုက်တာနဲ့ အကုန်ပေါ်ရော'

'ပေါ်တာ ခပ်ကောင်းကောင်း အစ်ကိုလေးရယ်'

'ငါ ကောင်းမလားကွ၊ နေပါဦး၊ လူသိတာကို မင်းက ဘာခပ်ကောင်းကောင်းဖြစ်နေရတာလဲ'

ရဲဖန်ရံခါ အောင်စံဖြူနှင့် စကားပြောရတာ လက်ဝင်ပါ၏။ ပြောလျှင် လိုရင်းကို ဘယ်တော့မှ မရောက်။ အတော်အပတ်တွေပြီးမှ လိုရင်းရောက်သည်။ သည့်အတွက်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင့်ကို ထထိုးရပေါင်းများပြီ။

'အဆင်ပြေပြီလေ'

'ဟော့ကောင် လိုရင်းပြောစမ်း၊ ထထိုးခံရတော့မယ်'

'အစ်ကိုလေးကလည်း ချစ်သူရပြီးမှ ဘာလို့ဒေါသကြီးနေရတာလဲ၊ သည်လိုအစ်ကိုလေးရ၊ ဒေါ်လေးတို့ကပြောတယ်၊ ပပဝတီကို အလုပ်ပြန်ဆင်းခိုင်းတဲ့၊ မနက်ဘက်လာ၊ ညနေပြန်ပေါ့၊ နင်လဲည်း ဆိုင်မှာ လုံခြုံရေးအလုပ် လာလုပ်တဲ့၊ မနက်လာ၊ ညနေပြန်ပေါ့တဲ့၊ ငါ့တူကိုလည်း နင်တို့လင်မယား ဂရုစိုက်ကြလို့ ပြောသေးသဗျ'

'ငါက ကလေးလားကွာ'

'ပြောတာကို ပြောပြရတာ၊ ကျွန်တော်က ဒေါ်လေးတို့ကို ပြောလိုက်ပါတယ်၊ အစ်ကိုလေးကို မန္တလေးမှာကတည်းက ဂရုစိုက်၊ စောင့်ရှောက်လာတာပါလို့'

'အောင်မယ်… ကြီးကျယ်လိုက်တဲ့ကောင်၊ မင်းက ငါ့ကို စောင့်ရှာက်နိုင်တယ်လေ၊ နည်းတဲ့ဗလကြီးကိုး၊ ခွေးသား… ခွေးပစ်တဲ့တုတ်ထက် တစ်လက်မလောက်မြင့်တဲ့ကောင်ကများ'

အောင်စံဖြူ ရယ်ကျဲကျဲ။ ဘာပဲဖြစ်ဖြစ် အောင်စံဖြူ





အတွက်တော့ သူ တစ်ပူလျော့သွားရသည်။

ညဘက် သူနှင့်အောင်စံဖြူ တော်တော်နှင့် မအိပ်သေးဘဲ ခြံထဲဆင်း စကားပြောတော့ အောင်စံဖြူက…

'မနီလာ အဖေကြီးက သီတာနဲ့ အစ်ကိုလေးကို ဓောက်ခါင်ခါ ပေးစားလိုက်ရင် အစ်ကိုလေး မောမယ်နော်'

ဘာရယ်မဟုတ်ဘဲ ပြောလိုက်သော်လည်း သည်စကားအတွက်တော့ သူ ညအိပ်မပျော်ဘဲ ဖြစ်သွားရသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## (၂၈)

နီလာ နေထိုင်သည့် 'ပန်းတော်ဝင်'ခြံကြီးသည် သူ့အတွက် အတားမရှိ၊ ဓားမရှိ။ ဒါတွေကလည်း နီလာ၏ အစီအစဉ်ဖြစ်သည်။ သူ နီလာတို့ခြံ ဝင်ဝင်ထွက်ထွက်ပြုနိုင်ခြင်းအတွက် သီတာ့ကိုတော့ ကြံဖန်ကျေးဇူးတင်လို့ရပါသည်။

သို့သော်လည်း...

ဆိုင်ပိတ်ရက်ဖြစ်သဖြင့် သူ ပန်းတော်ဝင်ကို ခပ်စောစောပင် ရောက်လာခဲ့သည်။ ဦးစွာပထမ နီလာ့ကို မြင်တွေ့မည်ဟု မျှော်လင့်ထားခဲ့သော်လည်း ခြံဝင်းတံခါးအဖွင့်မှာပင် သီတာက သူ့ထံပါးသို့ အပြေးကလေးရောက်လာ၏။

'နေ့တိုင်းလာပါဆို ဘယ်တော့မှ မလာဘူး'

'ကိုယ်က အရောင်းအဝယ်တစ်ဖက်နဲ့လေ'





'ဒါတွေမသိဘူး၊ လာ... ခြံထောင့်က ထိုင်ခုံမှာ သွားထိုင်မယ်'

'အိမ်ထဲမှာ ထိုင်မယ်လေ'

'ကိုလွင်... ဘယ်လိုဖြစ်နေတာလဲ၊ ကားမှောက်ပြီး ဆေးရုံက ဆင်းကတည်းက အချိုးက တစ်မျိုးကိုဖြစ်နေတယ်'

ဘာမှ ပြန်မပြောရခင် ထိုင်ခုံအပြာလေးရှိရာသို့ သူ့ကို ဆွဲခေါ်သွား၏။ အိမ်နှင့်အနည်းငယ် အလှမ်းကွာပြီး ပန်းခြံများနံဘေးမှာ ခုံကလေးရိုက်ထားသည်။ ထိုင်ခုံမှာထိုင်တော့ သီတာက သူနှင့် ပူးပူးကပ်ကပ်ထိုင်ပြီး...

'နမ်းပါဦး'

သူ့မျက်နှာ ပူခနဲဖြစ်သွား၏။

'နမ်းလေ'

'ကိုယ်နှာစေးနေတယ် သီတာ၊ နမ်းလို့နှပ်တွေထွက်သွားရင် ရွံစရာကြီး'

'တော်တော့'



www.burmeseclassic.com

www.burmeseclassic.com



သီတာက တော်တော့ဟု ဆိုမှ သူ အသက်ရှူရချောင်တော့သည်။

'မမနီလာကို သီတာအရမ်းမုန်းချင်နေပြီ ကိုလွင်'

'ဟာ… ကိုယ့်အစ်မကို မမုန်းရဘူးလေ၊ မုန်းရလောက်အောင် နီလာက သီတာ့ကို ဆူပူတာလည်းမဟုတ်'

'မဆူပူပေမယ့် ကိုလွင်နဲ့သီတာ စကားပြောရင် အနားကကို မခွာဘူး'

'သူ့ဘာသာသူ ထိုင်နေတာပဲဟာ'

'အလိုက်ကန်းဆိုးမသိတာ၊ သူအနားမှာရှိနေတော့ သီတာက ကိုလွင့်ကို ဘယ်လိုလုပ် ချွဲချွဲနွဲ့နွဲ့ပြောလို့ရမှာလဲ'

ပြောပြီး ရင်ခွင်မှာ ခေါင်းတင်တော့၏။ သူ့ရင်ခုန်သံတွေ မြန်နေဆဲမှာ သီတာက…

'ဖက်လေ'

'ဘယ်သူ့ကို ဖက်ရမှာလဲဟင်'

'ဟယ်… ဦးနှောက်က ခုထိခပ်ချောင်ချောင်ဖြစ်နေတုန်းပါပဲလား၊ သီတာ့ကိုမဖက်လို့ ကိုလွင်က မမနီလာကို သွားဖက်ချင်နေလို့လား'

'အင်း…'





'ဘာပြောတယ်'

'ဟာ… ဘာမှမပြောပါဘူး'

'ခုတလော သိပ်မုန်းတာပဲ၊ ကြည့်နေတယ်၊ သီတာ့ကို စကားပြောရင် မျက်နှာသေကြီးနဲ့'

ပြောပြီး သူ့လက်နှစ်ဖက်ကို ဆွဲယူပြီး သူမကို ပွေ့ဖက်စေသည့်အခိုက်…

ကံကောင်းတာက…

'အောင်မယ်လေး မြွေ… မြွေ'

အလန့်တကြားအော်ရင်း ခုံတန်းမှာ သီတာ ငုတ်တုတ်ထထိုင်တော့၏။ သီတာ လက်ညှိုးညွှန်ရာ သူလှမ်းကြည့်တော့ ပန်းချုံဘေး မြက်ခင်းပေါ်မှာ ရေမြွေကလေးပါ။

သူထိုင်ရာမှ ဆတ်ခနဲ ထပြီး ရေမြွေကို အမြီးမှဆွဲယူလိုက်၏။

'ရေမြွေပါ သီတာရဲ့၊ ရေမြွေက အဆိပ်မရှိပါဘူး၊ ကိုယ်က မြွေတွေ့ရင် ဘာမြွေပဲဖြစ်ဖြစ် ဟောသလို ဟောသလို ရိုက်သတ်ပစ်တာ'

သစ်ပင် ပင်စည်နှင့် မြွေကို ဖတ်ဖတ်အရိုက်မှာ သီတာက သူ့ကို မျက်လုံးဝိုင်းကလေးနှင့် ကြည့်နေ၏။ သူသည်



www.burmeseclassic.com

www.burmeseclassic.com



အကြည့်၏ အဓိပ္ပာယ်ကို သူ ဖွင့်ဆိုလို့မတတ်သော်လည်း တစ်မျိုးထူးခြားနေသည်ကိုတော့ သူသိသည်။

သီတာ၏ အော်သံကြောင့်ထင်၏။

နီလာ အိမ်ထဲမှနေ၍ သူတို့ထံသို့ အပြေးရောက်လာသည်။

'ရင်တုန်စရာပါပဲ မမနီလာရယ်'

'ဘာဖြစ်လို့လဲဟင်၊ ဘာဖြစ်ကြတာလဲ'

'ဟိုမှာလေ၊ ကြည့်ပါဦး'

နီလာ သူ့ကိုလှမ်းကြည့်တော့ သူက နီလာကို မြွေအသေထောင်ပြသည်။

'ကြည့်စမ်း၊ အသည်းယားစရာကောင်းလိုက်တာ၊ လွှင့်ပစ်စမ်း၊ ကိုဦးလက်ထဲက မြွေကို လွှင့်ပစ်စမ်း'

သီတာက နီလာကို မျက်မှောင်ကလေး ကြုတ်ကြည့်ပြီး...

'ကိုဦး... ဟုတ်လား၊ မမနီလာ ဘယ်သူ့ကိုခေါ်နေတာလဲ'

'ဟယ်... မောင်ကိုလွင် မကြောက်မလန့်လုပ်နေတာနဲ့ မမနီလာလည်း စကားတွေမှားကုန်ပြီ၊ လွှင့်ပစ်စမ်း၊ မင်း





လက်ထဲက မြွေကို ခြံအပြင်ဘက်လွှင့်ပစ်လိုက်စမ်း'

သူ မြွေအသေကိုခြံအပြင်ဘက်သို့ အားကုန်လွှင့်ပစ်လိုက်သော်လည်း ပြဿနာက ပြီးမသွားပါ။

'မမနီလာ'

'ဘာလဲ ညီမလေး'

'အတော့်ကို အံ့သြစရာပါပဲ'

'ဘာကိုလဲ ညီမလေးရဲ့'

'ကိုလွင်လေ... မြွေကိုကိုင်ဖို့မပြောနဲ့၊ တစ်ခါက သီတာနဲ့ ပန်းအိုးတွေရွှေ့ရင်း တီကောင်ကို လက်နဲ့ထိမိတာလေးကို အာပြဲကြီးနဲ့ အော်တာလေ၊ ခုတော့ ကြည့်ပါဦး မမနီလာရယ်၊ မြွေကို အမြီးဆွဲပြီး အသေရိုက်သတ်နေတာ'

နီလာ့မျက်နှာ ကွက်ခနဲပျက်သွားသော်လည်း သူက စကားကို မသိကျိုးကျွင်ပြုနေလိုက်၏။ သီတာကတော့ သူ့မျက်နှာကို စူးစူးစိုက်စိုက်ကြည့်နေဆဲ ဖြစ်သည်။

'ဒါကတော့ မဆန်းပါဘူး ညီမလေးရဲ့'

နီလာ ဘာစကားတွေနှင့် ကာဦးမည်မသိ။

'ဘာကိုမဆန်းတာလဲ မမနီလာ'

'မောင်ကိုလွင်က ကားမှောက်ပြီး ပရိန်းချောင်သွားသော



www.burmeseclassic.com

www.burmeseclassic.com



တယ်လေ၊ ပရိန်းချောင်သွားတဲ့သူတွေ ပြန်ကောင်းလာရင် အဲဒီလိုပဲ သတ္တိရှိလာတတ်ကြတယ် ညီမလေးရဲ့'

'တစ်မျိုးကြီးပါလား'

သူ နီလာ့ကို မျက်လုံးပြူးကြည့်တော့ နီလာက သူ့ကို ပြန်ပြူးပြသည်။ သူ အသာလေး ငြိမ်အနေမှာ သီတာက…

'မဖြစ်နိုင်ဘူးထင်တယ် မမနီလာ'

'ဘာကိုလဲကွဲ့'

'ကိုလွင် သတ္တိရှိလာတယ်ဆိုတာလေ၊ ဟိုတစ်နေ့က ဧည့်ခန်းမှာထိုင်ရင်း သူ့ကိုယ်ပေါ် အိမ်မြှောင်ပြုတ်ကျတာ အော်လိုက်တာမှ အလန့်တကြားပဲ၊ ကိုလွင်က တီကောင်တို့၊ မြွေတို့ပဲ ကြောက်တာ။ ပိုးဟပ်တို့၊ အိမ်မြှောင်တို့ကို မကြောက်ဘူး'

လမ်းကြောင်းတွေကတော့ လွဲကုန်ပြီ။ သည်နေရာမှာ သူ စကားဝင်ရတော့၏။

'အဲဒီတုန်းက ရုတ်တရက်မို့ လန့်သွားတာပါ သီတာရဲ့၊ မယုံရင် သီတာ့ရှေ့မှာ အိမ်မြှောင်တွေကို အမြီးဖြတ်ပြမယ်လေ'

'တော်ပါပြီ ကိုလွင်ရယ်၊ မကြည့်ရဲပါဘူး'





သည်လိုနှင့် အခြေအနေက ပြန်ငြိမ်သက်သွားရသည်။ ညနေစာကို နီလာတို့နှင့်စားဖြစ်တော့ ထမင်းဝိုင်းမှာ သီတာတစ်ယောက် စကားနည်းနေသည်ကို အားလုံး သတိပြုမိကြပါ၏။

သူ အိမ်ပြန်တော့ ခြံဝထိ သီတာက လိုက်ပို့ပြီး…

'နက်ဖြန် ကားယူလာနော်၊ နေ့ကြီးရက်ကြီးတွေဆို ဆိုင်က ပိတ်တယ်မဟုတ်လား'

သူ ခေါင်းညိတ်ပြပြီး…

'သီတာ သွားစရာရှိလို့လား'

'ယူလာခဲ့ပါ၊ အိမ်ကကားကို မစီးချင်လို့'

သူ ဘာမှပြန်မပြောတော့။

နက်ဖြန်အတွက်တော့ ရင်မှာ ခပ်လေးလေးပါ။

◉ ◉ ◉



www.burmeseclassic.com

www.burmeseclassic.com

# (၂၉)

ကိုလွင်နဲ့ ကားလျှောက်စီးမယ်ဆိုသည့် စကားကို သီတာက မိသားစုကို တရားဝင်ပြောသည်။

နီလာ့ဖေဖေနှင့်မေမေ မျက်နှာဘာမှထူးခြားမှုမရှိသော်လည်း နီလာက မျက်စိပျက် မျက်နှာပျက်နှင့် သူ့မျက်နှာကို ကြည့်၏။

သည်အရေးကိစ္စမှာ သူ့အဖြစ်က ယုန်သူငယ်လိုပါပဲ။ နီလာ့ဖေဖေ အန်ကယ်ဦးရဲမောင်ကလည်း…

'သမီးလေးက အိမ်ထဲမှာချည်း နေနေရတော့ ငြီးငွေ့မှာပေါ့ မောင်ကိုလွင်ရယ်၊ ညကတည်းက မောင်ကိုလွင်နဲ့ ပဲခူးလည်းသွားမယ်၊ လှော်ကားဥယျာဉ်လည်း ဝင်မယ်လို့ အန်ကယ့်ကိုပြောပြီး သူ့ခမျာ ပျော်နေတာကွဲ့'





သူ ပင့်သက် တချချဖြစ်နေရသည်ကို နီလာက သဘောပေါက်စွာဖြင့်…

'အတော်ပဲ၊ မမနီလာလည်း ပဲခူးကို မရောက်တာကြာပြီ၊ မောင်ကိုလွင်တို့နဲ့ လိုက်ခဲ့မှပဲ'

သည်မှာ သီတာ၏ မျက်နှာထားက အုံ့ဩလောက်စွာ ပြောင်းလဲသွားပြီး…

'မမနီလာ ဘယ်လိုဖြစ်နေတာလဲ'

'ဘာကိုလဲ ညီမလေးရဲ့'

'နေရာတကာကို လိုက်ချင်တာပဲ၊ သီတာနဲ့ကိုလွင်အပြင်ကို စိတ်တူကိုယ်တူ နှစ်ယောက်အတူ သွားရတယ်ကို မရှိဘူး၊ မမနီလာ လွန်လွန်းပြီ'

'ဟဲ့… သမီး၊ ကိုယ့်အစ်မကို သည်လို မပြောရဘူးလေ'

အန်တီခင်သော်တာ ဝင်ရောက်ဟန့်သော်လည်း သီတာ၏ မျက်လုံးစိမ်းကြီးများက မှေးမှိန်သွားခြင်းမရှိ။

'မပြောချင်လို့ ကြည့်နေတာ၊ အိမ်ထဲဆိုလို့ အိမ်ထဲမို့လို့၊ အပြင်ဆိုလည်း အပြင်မို့လို့၊ ဒီလောက်ဖြစ်နေရင် ကိုလွင်ကို မမနီလာပဲ ယူလိုက်တော့'



www.burmeseclassic.com

www.burmeseclassic.com



'သိတာ… နင် ဘာလို့မိုက်မိုက်ရိုင်းရိုင်းတွေ ဖြစ်လာရတာလဲ'

'မမနီလာကြောင့်ဖြစ်တာ၊ လာ… ကိုလွင် သွားမယ်'

သူ ဘာမှတတ်နိုင်ခြင်းမရှိ။ ပင့်သက်ကို လှိုင်လှိုင်ချရင်း ကားပေါ်တက်သည်။ တတ်နိုင်ရင် သည်ပန်းတော်ဝင်ခြံကြီးက သူ ပြေးထွက်ချင်ပြီ။ ရင်ဆိုင်ရသည့် အကြောင်းအရာအားလုံးမှာ အဓိကတရားခံက နီလာ။

ကားကို စက်နှိုးရင်း သူ မသိမသာ အံကလေးကြိတ်သည်ကို နီလာက မြင်သွားသည်။

နီလာ့မျက်နှာ ညှိုးညှိုးကလေးဖြစ်သွားသည်ကို သည်တစ်ခါပဲ သူမြင်ဖူး၏။

◉ ◉ ◉



(၁၀)

'မလာဘူး၊ ဘယ်တော့မှ ပန်းတော်ဝင်ကို မလာတော့ဘူး၊ ဒီမယ် နီလာ၊ ချစ်ဦးမောင်ဟာ သံပတ်ပေးလို့ရတဲ့ အရုပ်ကလေးတစ်ရုပ် မဟုတ်ဘူးကွ၊ လူမှလူ၊ အသွေးအသားနဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့လူ'

သူ့ဒေါသတွေက အင်အားကြီးမားနေ၏။

ခြံမှာ အောင်စံဖြူတို့ လင်မယားလည်းမရှိ။ အလုပ်သွားနေကြပြီ။ ညှော်ခန်းမှာ သူနှင့်နီလာ နှစ်ယောက်တည်း။

'နီလာ့ကို အဲသလောက်ကြီး မအော်နဲ့ ကိုဦး၊ နီလာ နားမလေးဘူး'

'အော်ရမယ်၊ ကိုယ့်အသံကို မင်းနားကကြားပေမယ့် မင်းနှလုံးသားက မကြားဘူး၊ မင်းနှလုံးသားကြားအောင် အော်ကို အော်ပြောရမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကြည့်စမ်း၊ ကြည့်စမ်း၊ လူကို မင်းတွေ ဘာတွေနဲ့ ပြောလို့၊ သီတာနဲ့အနီးကပ်နေပြီး သီတာ့လို မိုက်ရိုင်းနေပါလား'

'သီတာနဲ့ အနီးကပ်နေရအောင် ဘယ်သူဖန်တီးတာလဲ၊ နီလာပဲ ဖန်တီးတာ မဟုတ်လား'

'ကိုဦးရယ်... ညီမလေးအပေါ်ထားတဲ့ နီလာ့စေတနာတွေဟာ နီလာ့နှလုံးသားကို ဘယ်လောက်ဒုက္ခပေးနေတယ်ဆိုတာ နီလာပဲ သိပါတယ်ကွာ'

ရင်ခွင်မှာ ခေါင်းတိုးဝင်သည်။

ချစ်သူမျက်နှာနွမ်းနွမ်းကလေးဖြစ်လာတော့ သူ စိတ်ကို ပြန်လျှော့ရသည်။

'နီလာ ခံစားရတာပေါ့၊ ကိုယ့်ချစ်သူကို သူစိမ်းမိန်းမနဲ့ မပြောနဲ့ ကိုယ့်ညီမအရင်းခေါက်ခေါက်နဲ့ ပူးပူးကပ်ကပ်နေထိုင်တာကို စိတ်က လက်မခံဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ် သိလာတယ်'

'ဒါနဲ့များ နီလာရယ်၊ ဘာလို့ သည်ဇာတ်လမ်းကြီးမှာ ကိုယ့်ကို ကခိုင်းရတာလဲ၊ ခု သီတာက လက်ထပ်ဖို့ အတင်းပူဆာနေပြီလေ၊ ကိုယ် ဘာလုပ်ရမလဲ၊ ဘာပြောရမါလဲ၊





ဒီတော့ အကောင်းဆုံးက ပန်းတော်ဝင်ကို ကိုယ်မလာတာ အကောင်းဆုံးပဲ'

'သည်လိုကြီးလည်း ပစ်ပစ်ခါခါ မလုပ်နဲ့ဦးလေ'

'ပဲခူးနဲ့လော့်ကားသွားတဲ့အဖြစ်ကို နီလာ ပြန်စဉ်းစားကြည့်စမ်း၊ ကိုယ့်မှာ ဘယ်လောက်အနေရ အထိုင်ရခက်တယ်ဆိုတာ၊ နောက်ပြီး မရွှေချောက တစ်လမ်းလုံး လက်မောင်းကို ဖက်လာတာ၊ နီလာက ကိုယ့်ညီမမို့ ခွင့်လွှတ်နိုင်ပေမယ့် ကိုယ်ကတော့ အရှမ်းခံစားရတယ် နီလာ'

'ဘာကိုလဲ ကိုဦး'

'ကိုယ့်ကိုယ်ကိုယ် မလုံဘူးပေါ့၊ ငါ့ချစ်သူကို သစ္စာမဲ့ရာကျနေပြီဆိုတဲ့ အတွေးကလည်း ခေါင်းထဲ အရမ်းဝင်တယ်'

'ကိုဦးရယ်'

နီလာက သူ့လက်ချောင်းများကို ဆုပ်နယ်သည်။ နီလာ့မျက်နှာမှာ အပြုံးရိပ်တွေ ရှိနေသော်လည်း အကြောင်းတစ်စုံတစ်ရာကို နီလာစဉ်းစားနေဟန်တူ၏။

'တကယ်ဆို သီတာ ဘာပဲပြောပြော နီလာ အတင်းလိုက်ခဲ့ရမှာ'

'အတင်းများ ကားပေါ်တက်ထိုင်ရင် နီလာ့ကို



www.burmeseclassic.com

www.burmeseclassic.com



လည်ပင်းများ ညှစ်သတ်မလားမသိဘူး'

'ကိုယ်က သေသွားတဲ့ မောင်ကိုလွင်မဟုတ်ဘူးလေ'

'နည်းနည်းလေး စိတ်ရှည်ပါ ကိုဦးရာ၊ သီတာ့အခြေအနေက အရင်ထက် ကောင်းလာတာတော့ အမှန်ပဲ'

'ကိုယ့်ကို သူ့ကိုလွင်ထင်ပြီး အခြေအနေကောင်းလာတာက ပကတိကောင်းလာတဲ့ အခြေအနေမှ မဟုတ်ဘဲ နီလာရယ်၊ နောက်သည့်ထက်ဆိုးလာရင် ပန်းတော်ဝန်ကို ကိုယ်လုံးဝမလာတော့ဘူး'

'နီလာ့ကိုပါ မေ့မယ်ပေါ့'

'နီလာ့ကို ကိုယ့်အနားမှာ တစ်ခါတည်း ခေါ်ထားတော့မှာ၊ ပန်းတော်ဝင်ကို ပြန်မလွှတ်တော့ဘူး'

နီလာက ရင်ခွင်မှာ ခဝ်နွဲ့နွဲ့ကလေးရယ်၏။ သူက ခပ်တင်းတင်းကလေး ဖက်တော့ နီလာက သူ့မျက်နှာကို မျက်လုံးရွဲကြီးနှင့်ကြည့်သည်။

'ကိုဦးနော်'

'ဘာလဲ'

'ယုံကြည်လို့ သူနဲ့နှစ်ယောက်တည်းနေတာ'

'အင်းလေ… ခု ဘာဖြစ်လို့လဲ'





'ကိုဦးရဲ့ မျက်လုံးအကြည့်တွေကို စိတ်မချပါဘူး'

သူက ရယ်ပြီး…

'အခွင့်အရေးယူတတ်တဲ့ ယောကျ်ား ဟုတ်မဟုတ်ဆိုတာ နီလာအသိဆုံးပါကွာ'

သို့သော်လည်း…

ခါတိုင်းထက်တော့ သူ နီလာ့ကို ခပ်ကြမ်းကမ်းကလေး နမ်းရှိုက်ဖြစ်ခဲ့သည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

(၃၁)

သီတာ့ကို ပါရမီမှ မေမေ့ညီမ အန်တီမာလာက မနက်ကတည်းက ကားနှင့်လာခေါ်သွားသည်။

မိသားစုသုံးယောက် နံနက်စာထမင်းစားအပြီးမှာ ဖေဖေတို့သားအမိသားအဖသုံးယောက် ဆွေးနွေးပွဲလေးလုပ်ရအောင်ဟု ဆိုပြီး ဖေဖေက သူမနှင့်မေမေကို ဧည့်ခန်းသို့ ဦးဆောင်ခေါ်သွားသည်။

သူမက လိုက်ပါရင်း မျက်မှောင်ကိုတော့ အသာကြုတ်ထားမိ၏။

သည်နေ့ ဖေဖေပြောသည့် စကားက ဆန်းနေသည်။

မေမေ့မျက်နှာကို လှမ်းအကဲခတ်တော့ အကြောင်းအရာတစ်ခုကို မေမေ သိပုံရနေ၏။





ဧည့်ခန်းဆက်တီမှာ ထိုင်ဖြစ်သည်နှင့်ဖေဖေက...

'သမီးကြီးရဲ့ အကြံဉာဏ်ကို ယူတာပါ၊ ဆန္ဒသဘောထားက ဖေဖေတို့နဲ့ ထပ်တူထပ်မျှဖြစ်နေမယ်ဆိုတာကိုတော့ ဖေဖေ ယုံကြည်ပါတယ်'

'သမီး ဘာကိုမှ နားမရှင်းသေးဘူး ဖေဖေ'

'တခြားမဟုတ်ပါဘူး၊ သမီးကြီးရဲ့သူငယ်ချင်း မောင်ချစ်ဦးမောင်နဲ့ သမီးငယ် ကိစ္စပါ'

ရင်မှာ ခပ်ထိတ်ထိတ်ကလေး ဖြစ်သွားသည်။

ကိုဦးနှင့်မိမိ သူငယ်ချင်းဟု ဖေဖေနှင့်မေမေကို ပြောထားမိသည်မှာ မှားယွင်းသွားလေပြီလား။

'လိုရင်းပြောရရင် သမီးရယ်၊ မောင်ချစ်ဦးမောင်နဲ့ သမီးငယ်ကို လက်ထပ်ပေးလိုက်ရင် သမီးငယ်ရဲ့ဘဝ အဆင်ပြေချောမွေ့သွားမယ်လို့ ဖေဖေရော၊ သမီးမေမေပါ ယုံကြည်ထားတယ်'

သူမ မေမေ့ကို လှမ်းကြည့်တော့ ခေါင်းတညိတ်ညိတ်ဖြစ်နေသည်။

'အကဲခတ်ရသလောက် မောင်ချစ်ဦးမောင်လည်း သမီးငယ်ကို တော်တော်သံယောဇဉ်ရှိပုံရနေပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… မဟုတ်သေးဘူး ဖေဖေ'

'ဘာလဲ ဟန်ဆောင်ဘဝနဲ့ တစ်သက်လုံးနေသွားလို့ ရမလားဆိုတဲ့ အမေးစကားကို သမီးကြီးက ပြောချင်နေတာလား၊ အဲဒီအတွက်တော့ မစိုးရိမ်ပါနဲ့ သမီးကြီးရယ်၊ ဖေဖေတို့က မောင်ချစ်ဦးမောင်ကို မတရားအမိဖမ်းတာ မဟုတ်ပါဘူး၊ သမီးငယ်ဘဝက အကြောင်းမလှလို့ အချစ်ဦးနဲ့လွဲသွားရပေမယ့် ဘဝက ဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်းဆိုတာ သမီးကြီး သိပါတယ်'

'ကိုဦးဘက်ကို ထည့်တွက်ပါဦး ဖေဖေ၊ သီတာ့ ကမ္ဘာမှာ ကိုဦးက အကူအညီပေးတာ၊ သမီးနဲ့ပတ်သက်ပြီး ဖေဖေတို့ စိတ်ချမ်းသာအောင်နဲ့ သီတာ ဝေဒနာသက်သာအောင် • သူ စွမ်းဆောင်ပေးတာ'

ဖေဖေနှင့် မေမေက သူမမျက်နှာကို အကဲခတ်သည် လှမ်းကြည့်သည်။ ဖေဖေက စီးကရက်တစ်လိပ်ကို ထုတ်ယူ မီးညှိပြီး…

'သည်ကိစ္စကို ဖေဖေတို့က မောင်ချစ်ဦးမောင်နဲ့ တိုင်ပင် ဆွေးနွေးမှာပါ'

မေမေကလည်း စကားဝင်၏။





'မောင်ချစ်ဦးမောင်က သမီးလေးဘဝကို နားလည်ပေးမှာပါ သမီးကြီးရယ်၊ သမီးကြီး ဖေဖေ ပြောသလို မောင်ချစ်ဦးမောင်က သမီးလေးကို မေတ္တာကရုဏာကြီးရှာပါတယ်'

'မဟုတ်ဘူး မေမေ၊ မေတ္တာကရုဏာကြီးတာနဲ့ လက်ထပ်တာ တခြားစီပဲ'

'နေပါဦး၊ သမီးငယ်နဲ့ မောင်ချစ်ဦးမောင်အရေးမှာ သမီးကြီးက ဘာလို့ ခါးခါးသီးသီးဖြစ်နေရတာလဲ၊ ဖေဖေ မေးစမ်းပါရစေ၊ သမီးကြီးက ပွင့်ပွင့်လင်းလင်းဖြေပါ၊ သမီးငယ်နဲ့ မောင်ချစ်ဦးမောင်ကို သမီးကြီးက သဘောမတူဘူးလား'

'မတူဘူး'

'ဟင်…'

သူမ စကားကြောင့် ဖေဖေနှင့်မေမေ အံ့အားတသင့် ဖြစ်သွား၏။

'အကြောင်းရင်းကို ပြောပါ သမီး'

'ကိုဦးက သမီးချစ်သူဖြစ်နေလို့ပဲ'

'ဘုရား… ဘုရား'

မေမေက ဘုရားတပြီး ဖေဖေက ပါးစပ်အဟောင်း



www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သွားသည်။

'သမီးချစ်သူက မောင်ကိုလွင်နဲ့ ရုပ်ချင်းတူနေတာကတော့ ဘဝကံအကြောင်းတရားပေါ့ ဖေဖေ၊ ညီမလေးအရေးမှာ ကိုဦးကို အကူအညီတောင်းသင့် မတောင်းသင့် သမီးအကြိမ်ကြိမ် အခါခါ စဉ်းစားခဲ့ပါတယ်၊ ညီမလေး ခံစားနေရတာကို မကြည့်ရက်တော့ ကိုဦးကို ဖွင့်ပြောပြီး အကူအညီတောင်းခဲ့တယ်ဖေဖေ'

သူမစကားကို ခေတ္တတန့်သည်။ ဆက်လာမည့်စကားကို ဖေဖေနှင့် မေမေ နားစွင့်နေ၏။

'အကူအညီတောင်းတော့ ကိုဦးက ဘယ်လိုမှ လက်မခံဘူး၊ ဒါ ရုပ်ရှင်ရိုက်နေတာ၊ ဗွီဒီယိုရိုက်နေတာ မဟုတ်ဘူးတဲ့၊ သူ အတင်းအဓမ္မငြင်းဆန်နေတာကို သမီးက အနိုင်ကျင့်ပြီး အကူအညီရယူခဲ့တာ ဖေဖေ၊ ခု ဖေဖေတို့အစီအစဉ်ကို ဖွင့်ပြောလိုက်လို့ကတော့ ကိုဦး ဖန်းတော်ဝင်ကို လာမှာမဟုတ်တော့ဘူး၊ နောက်ပြီး သမီးကို ဘယ်လိုထင်သွားမလဲ၊ သမီးကရော သူ့မျက်နှာကို ဘယ်လိုကြည့်ရမလဲ၊ သည်အရေးတွေမြင်လို့ သူ့ကို မေတ္တာအတုအယောင်တွေပေးပြီး ဟန်ဆောင်တယ်လို့ သမီးကို နာကြည်းသွားမှာပေါ့'





သူမ၏ စကားလုံးများက ဖေဖေ မေမေ၏ နှလုံးသားကို ထိမှန်ပါလိမ့်မည်။

ပြောပြီး သူမ ထိုင်ရာက ထလိုက်၏။

'သမီး အနားယူချင်တယ် ဖေဖေ'

တည်ငြိမ်သောခြေလှမ်းများနှင့်ပင် သူမ အပေါ်ထပ်သို့ တက်ခဲ့သည်။

အိပ်ရာပေါ်လှဲချပြီး သူမ မျက်စိကို စုံမှိတ်လိုက်ပါ၏။ သည်ဇာတ်က သူမ ဒါရိုက်တာလုပ်ခဲ့သည့် ဇာတ်ပဲ။ သည်ဇာတ်ကို မိမိက ဘာလို့မနိုင်နင်းရမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com

# (၃၂)

ညနေနှောင်းပိုင်း အောင်စံဖြူနှင့် ပပဝတီ ပြန်ရောက်လာပြီး မကြာမီမှာ အဒေါ်တွေက သူ့ကို ဖုန်းဆက်ခေါ်သည်။ သူက ခုလာခဲ့ပါမယ် ဒေါ်လေးဟု ပြောပြီး ဖုန်းခွက်ချလိုက်ပြီး...

'အောင်စံဖြူ... အောင်စံဖြူ'

သူ အော်ခေါ်တော့ မီးဖိုခန်းထဲမှ အောင်စံဖြူနှင့် ပပဝတီအပြေးထွက်လာ၏။

'လန့်လိုက်တာ အစ်ကိုလေးရာ'

'ဟ... ငါက ပုံမှန်အသံနဲ့ အော်ခေါ်တာပဲ၊ မင်းတို့က လန့်ရအောင် မီးဖိုခန်းထဲမှာ ဘာလုပ်နေလို့လဲ'

'ဖက်နမ်းနေတာ၊ ဟာ... အစ်ကိုလေးမျက်လုံးကြီး ပြူးပြီးပြောနေတာနဲ့ စကားတွေတောင် အယောင်ယောင် အဖော





မှားဖြစ်ကုန်ပါပြီ၊ ကဲ... ပြော အစ်ကိုလေး၊ ဘာခိုင်းမလို့လဲ'

'ဘာမှမခိုင်းဘူး၊ ငါ မင်းကိုမေးမလို့'

'အချစ်အကြောင်းလား'

'ပေါ်... အချစ်ဝတ္ထုတွေဖတ်ပြီး ငါ့ကို လေလာကျယ်မနေနဲ့၊ ငါ မေးမှာက ဟိုဘက်လမ်းကခြံက အကြောင်းကိုမေးမှာ'

တစ်ဖက်လမ်းမှာ ဘိုး၊ ဘွားနှင့် အဒေါ်အပျိုကြီးများနေသည်။

ထူးထူးခြားခြား သူ့ကို လှမ်းခေါ်သည့်အတွက် အကျိုးအကြောင်းကို သူ ကြိုတင်သိထားဖို့တော့လိုသည်။

'ဒေါ်လေးဝေက လာခဲ့ဦး၊ စကားပြောချင်လို့ဆိုပြီး ငါ့ကို ဖုန်းဆက်တယ်၊ အဲဒါ အခြေအနေဘာလဲဆိုတာ ငါက မင်းကို ခေါ်မေးတာ'

'ကျွန်တော် ဘာမှမသိဘူး အစ်ကိုလေး'

'မဟုတ်ဘူးလေ၊ ဆိုင်မှာ ငါ အပြင်ထွက်တဲ့အချိန် ငါ့အကြောင်းကို ဒေါ်လေးတို့ ဘာတွေပြောနေတယ်ဆိုတာ သိချင်တာ'

'ဘာမှမပြောပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'အင်း… ဒါဆို ငါ့ကိုခေါ်တာ ဘာအကြောင်းကိစ္စများရှိသလဲ မသိဘူး'

'အစ်ကိုလေး အဒေါ်တွေက အပျိုကြီးတွေဆိုတော့ သူတို့မသေခင် ကိုယ့်တူလေးကို သူတို့ရှာဖွေထားသမျှပစ္စည်းတွေ အမွေပေးမလို့လား မသိဘူး'

'မဖြစ်နိုင်ပါဘူး'

'ဘာဖြစ်လို့မဖြစ်နိုင်ရမှာလဲ အစ်ကိုလေးရ'

'ဟကောင်ရ… ငါ့အဒေါ်တွေက သေခါနီးအရွယ်တွေမှ မဟုတ်တာ၊ ဝတ်လိုက်စားလိုက်တာများ အသက်လေးဆယ်ကျော်လို့ လုံးဝကိုမထင်ရဘူး၊ ကဲ… ငါသွားမယ်၊ ဝင်းတံခါးကို ပိတ်ခဲ့မယ်'

သူ အိမ်ကထွက်တော့ မှောင်ရီပျိုးနေပြီ။ အတွေးတွေနှင့် လမ်းလျှောက်ရင်း ခြံကိုရောက်မှန်းမသိ ရောက်လာ၏။ သူ့ကိုမြင်သည်နှင့် ခြံစောင့်ကြီး ဦးဒေဝက တံခါးပြေးဖွင့်ပေးသည်။

သူ အိမ်ထဲရောက်သည်နှင့် အဒေါ်သုံးယောက်ကို ဆိုဖာဆက်တီပေါ်မှာ အကျအန ထိုင်လျက် တွေ့ရ၏။

'ဘိုးနဲ့ ဘွားရော ဒေါ်လေး'





အဒေါ်အကြီးဆုံး ခင်မိုးမြေကို သူက လှမ်းမေးသည်။

'သည်အချိန်ဆို ဖေဖေနဲ့ မေမေ ဘုရားခန်းဝင်ပြီလေ'

သူ အဒေါ်တွေရှေ့ ဆိုဖာမှာ ဝင်ထိုင်သည်။ အဒေါ်လတ်ဖြစ်သူ ဒေါ်လေး ခင်မိုးဆွေက…

'တို့တွေ မင်းကို စောင့်နေတာ'

'ဒေါ်လေးဝေက ဖုန်းဆက်ခေါ်တော့ ကျွန်တော် လန့်တောင်သွားတယ်'

'ဘာဖြစ်လို့လဲ'

'ဘိုးနဲ့ဘွား ဘာဖြစ်လို့လဲပေါ့'

အဒေါ်အငယ်ဆုံး ခင်မိုးဝေက…

'ဟဲ့… မင်းကို ငါအေးအေးလူလူ ဖုန်းဆက်ခေါ်တာပဲဟာ၊ ဖေဖေနဲ့ မေမေက ဘာဖြစ်ရမှာလဲ'

'သိဘူးလေဗျာ'

သည်အဒေါ်တွေကလည်း မန္တလေးက မမကြီးနှင့် မမလတ်ပုံစံမျိုးရှိသည်။ တစ်စိတ်ထဲမှ တကယ့်ကိုတစ်ဝမ်းတည်း။

'ကဲ… ပြော၊ ဒေါ်လေးတို့ ကျွန်တော့်ကို ဘာပြောစရာရှိလို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်သုံးယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြ၏။

သည်မျက်နှာသုံးခုကို ကြည့်ပြီး သိချင်စိတ်တွေက သူ့ရင်မှာ တဖွားဖွားဖြစ်လာရသည်။

'ဒေါ်လေးတို့ကလည်းဗျာ၊ ပြောဆိုတော့လည်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြတယ်'

'ကဲ… မမကြီးပဲ ပြောပြလိုက်တော့'

ဒေါ်လေးခင်မိုးဆွေ စကားဝင်တော့မှ ဒေါ်လေး ခင်မိုးမြေက ချောင်းတစ်ချက်ဟန့်ပြီး…

'သည်လို မောင်ဦးရဲ့၊ မနက်က ကိုကိုကြီးဆီက ဖုန်းလာတယ်'

ဒေါ်လေးတို့ပြောသည့် ကိုကိုကြီးဆိုသည်မှာ ဖေဖေ့ကို ခေါ်ခြင်းဖြစ်သည်။

ဖေဖေ့အကြောင်းအရာပါလာတော့ သူ့ခေါင်း မတ်ခနဲ ဖြစ်သွားရ၏။

'ရန်ကုန်မှာ မောင်ဦး အလုပ်ကို စွဲစွဲမြဲမြဲနဲ့ စိတ်ဝင်တစားလုပ်တာကို ကိုကိုကြီးက အရမ်းသဘောကျနေတယ်၊ ငါ့သားက မိုက်မိုက်မဲမဲ အမျိုးအစားထဲက မဟုတ်ပါဘူးဆိုပြီး





ဂုဏ်လည်း အရမ်းယူနေတာ'

ခုမှ သူသည် ဖေဖေ့အတွက် ဂုဏ်ယူဖွယ်ကောင်းသောသားတစ်ယောက်ဖြစ်လာရတော့သည်ကို တွေးရင်းပြုံးလိုက်မိ၏။

'မင်းက ဘာပြုံးတာလဲ'

'ဖေဖေက ကျွန်တော့်အတွက် ဂုဏ်ယူနေတာကို ဝမ်းသာပြီး ပြုံးတာပါ'

'ဝမ်းမသာနဲ့ဦး၊ နောက်ဆက်တွဲစကားတွေက မဆုံးသေးဘူး'

ဂုဏ်ယူတာကို ဝမ်းသာနေကာမှ ရင်မှာထိတ်ထိတ်ပျာပျာ ဖြစ်သွားရပြန်သည်။

'ဒေါ်လေးကို နင့်တူကို မေးကြည့်စမ်းတဲ့၊ ရည်းစားသနာများ ရှိနေပြီလားတဲ့၊ ရည်းစားသနာ မရှိဘူးဆိုရင်တော့ မန္တလေးက ငါ့သူငယ်ချင်းသမီးနဲ့ နားဖောက်ကြောင်းလမ်းမယ်တဲ့'

'ဟာ… မဖြစ်ဘူး ဒေါ်လေး၊ မဖြစ်ဘူး၊ ဒေါ်လေးက ရော ဖေဖေ့ကို ဘာပြန်ပြောလိုက်လဲ'

'မင်းမှာ ရည်းစားရှိတာမရှိတာ ငါမှမသိတာ။ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



ကြီးသားကို မေးကြည့်ဦးမယ်လို့ ပြောလိုက်တာပေါ့၊ ဒါ့ကြောင့် တို့ညီအစ်မတွေက မင်းကို ခေါ်ပြီးမေးရတာ'

'ရှိတယ်၊ ရှိတယ်'

'ဟဲ့… ဘာရှိတာလဲဟဲ့'

'ရည်းစားရှိတယ်၊ ရည်းစားရှိနေတယ်ဆိုတာကို ခု ဖုန်းဆက်ပြီး အကြောင်းကြားမှဖြစ်မယ် ဒေါ်လေး၊ တော်ကြာ အဘိုးကြီးက သူ လုပ်ချင်တာတွေ စွတ်လုပ်နေမှာ'

'ငါ့စကားကို နားထောင်ဦး၊ ရည်းစားသနာရှိရင် အဒေါ်တွေက လိုက်တောင်းပေးလိုက်တဲ့၊ ပြီးတော့ မန္တလေးကို တက်လာဦးတဲ့'

သည်စကားမှာတော့ သူ တွေခနဲဖြစ်သွားသည်။ အခြေအနေက ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်လို့မရသေး။ နီလာ့ကို တိုင်ပင်ရဦးမည်။

သီတာ့အရေးကိစ္စကလည်း သူနှင့်နီလာ ခေါင်းအတော်စားနေရ၏။

'အင်း… ငါ့တူမှာ ရည်းစားရှိတယ်ဆိုတော့ တို့အဒေါ်တွေမှာ တာဝန်ရှိလာပြန်တာပေါ့၊ ကိုကိုကြီးရဲ့ညွှန်ကြားချက်အတိုင်း လုပ်ပေးရတော့မှာပဲ၊ ပြောစမ်း… ကလေးမလေးက





ဘယ်မှာနေတာလဲ'

ပြောလိုက်လျှင် နီလာ့ ဖေဖေနှင့်မေမေကို ဒေါ်လေးတို့ မသိစရာအကြောင်းမရှိ။

ခက်နေသည်က မိမိပြဿနာ။

သည်အရေးကိစ္စကို သိမ်သိမ်မွေ့မွေ့ကိုင်တွယ်မှဖြစ်မည်ကို သူ သဘောပေါက်လိုက်၏။

'သည်လိုလုပ်လေ ဒေါ်လေး၊ ဒေါ်လေးတို့က ချက်ချင်းကြီး သူ့မိဘတွေ နားဖောက်ကြောင်းလမ်းတော့ သူက ရှက်မှာပေါ့၊ ကျွန်တော် ပထမ ဒေါ်လေးတို့နဲ့ နီလာ့ကို တွေ့ပေးမယ်၊ ဆိုင်ကို ခေါ်လာမယ်'

'နာမည်က နီလာတဲ့လား'

'ဟုတ်တယ် ဒေါ်လေး'

'မျိုးရိုးနဲ့ အရည်အချင်းက'

'ကျွန်တော့်လို ဘွဲ့တစ်ခုတော့ရထားတာပေါ့ ဒေါ်လေးရာ၊ မျိုးရိုးဇာတိက အထူးလေ့လာစရာတောင် မလိုပါဘူး၊ သည်ပတ်ဝန်းကျင်ကပါပဲ'

ဒေါ်လေးက မျက်မှောင်ကြုတ်ပြီးစဉ်းစားဟန်ပြသည်။ အဒေါ်အားလုံး စိတ်လည်းဝင်စားသွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



'ပြောစမ်းပါဟဲ့၊ ဘယ်ခြံက ဘယ်သူ့သမီးလဲ'

'သိရမယ် ဒေါ်လေးတို့ရာ၊ လော်လောဆယ် ကျွန်တော့်မှာ ရည်ရွယ်ထားသူ၊ ချစ်သူရှိနေပြီဆိုတာကိုပဲ ဖေဖေ့ကို အကြောင်းကြားပေးပါ'

'သိပ်ကြာလို့မဖြစ်ဘူးနော်၊ မင်း နီလာဆိုတာကိုလည်း ခိုင်ကို တစ်ရက် နှစ်ရက်အတွင်း ခေါ်လာခဲ့'

'စိတ်ချ၊ ကိုယ့်တူလေး မင်္ဂလာဆောင်ရင်သာ လက်ဖွဲ့ပစ္စည်းက ထိုက်ထိုက်တန်တန်ဖြစ်ပါစေ'

'မင်း ခုနေတဲ့ ခြံနဲ့တိုက်က မင်းအဖေနဲ့အတူ တို့ညီအစ်မသုံးယောက်ရဲ့ နာမည်လည်းပါတယ်လေ၊ မင်းတို့လင်မယားကို အပြီးအပိုင်လွှဲပေးမှာပေါ့'

အခြေအနေတွေက အကောင်းဆုံးအခြေအနေ။

ကောင်းသေးတာက မိမိအနေအထား။ သီတာ့အရေးကိစ္စခေါင်းထဲဝင်လာတော့ နေရင်းထိုင်ရင်း ခေါင်းပင်မူးချင်လာ၏။

'အို... ငါ့ချစ်သူက နီလာပဲ၊ နှလုံးသားနဲ့ပတ်သက်လာရင် ဘယ်သူ့ကိုမှ မငဲ့ကွက်နိုင်ဘူး၊ နေရင်းထိုင်ရင်းလည်း အသည်းကွဲမခံနိုင်ဘူး'





ဒေါ်လေးတို့နှင့်အချိန်ကြာမြင့်စွာ စကားပြောပြီး သူ နှုတ်ဆက်ပြန်လာခဲ့သည်။

အိမ်ရောက်တော့ အောင်စံဖြူက အကျိုးအကြောင်းမေးသည်။

သူက အကြောင်းစုံကို ပြန်ပြောပြ၏။

'ပြဿနာပဲ၊ သီတာကိစ္စ အစ်ကိုလေး ဘယ်လိုရှင်းမလဲ'

'နီလာ့ကို ပြောပြရမှာပဲ၊ နီလာ မပြတ်မသားဖြစ်နေရင် ငါက ပြန်မလွှတ်ဘူး'

'တစ်ခါတည်း ယူလိုက်မယ်လား'

'အေးပေါ့ကွ၊ မင်းကလည်း ငါ့ကို အူကြောင်ကြောင်လာလုပ်နေပြန်ပြီ'

'ပျော်စရာကြီး'

'ဘာကိုလဲ'

'မိန်းမရတယ်ဆိုတာ ပျော်စရာအရမ်းကောင်းတာ အစ်ကိုလေးရ'

သူ အိပ်ရာဝင်တော့ တော်တော်နှင့် အိပ်မပျော်။ ဘာပဲဖြစ်ဖြစ် နီလာ ဆုံးဖြတ်ရမှာပဲဆိုသည့် အတွေးကိုတွေးရင်း...



www.burmeseclassic.com

www.burmeseclassic.com



သည်အတွေးများနှင့်အတူ သူ မိန်းမတစ်ယောက်ကို ကြည့်သည်။

'အင်း… မင်္ဂလာဦးညဟာ ပျော်စရာထက် ရင်ခုန်စရာ ကောင်းနေမှာပါ'

ဓ ဓ ဓ



(၃၃)

သူ ကားကို ခြံဝင်းတံ[illegible] အတည်မှာပင် သီတာ အပြေးကလေး ရောက်လာပြီး တံခ[illegible]င့်သည်။

'ကိုလွင့်ကို မျှော်နေတာ'

'တနင်္ဂနွေနေ့ဆို ရောက်လာနေကျပဲ'

'တကယ်ဆို တခြားနေ့တွေလည်း ရောက်သင့်တာ ပေါ့'

'ညနေပိုင်းတွေကို ရက်ခြားဆိုသလို လာတယ်လေ၊ သီတာတို့ ညီအစ်မကိုတောင် လမ်းထိပ်ထွက်ထွက်ပြီး လက်ဖက်ရည်တိုက်သေးတာ'

'ဝင်ပါ၊ ဘာပဲပြောပြော ကိုလွင့်မှာ ချေပဖို့စကား အချက်အလက်က အပြည့်အဝရှိတယ်'



www.burmeseclassic.com

www.burmeseclassic.com



သူကားကို ခြံထဲသို့ မောင်းဝင်ခဲ့သည်။ သူ တစ်ခု သီတာ့ကို အံ့ဩခဲ့ရသည်က သီတာသည် ယခင်ကလို မဟုတ်ဘဲ စကားကို တည်တည်ကြည်ကြည် ပြောဆိုလာခြင်းပင်။ နောက်ပြီး သူ့ကို ရံဖန်ရံခါ စိုက်ကြည့်သည့်အကြည့်တွေ။ သည်အကြည့်တွေအပေါ်မှာတော့ သူ ဘယ်လိုမှ ခွဲခြမ်းစိတ်ဖြာ တတ်ခြင်းမရှိ။

ကားကို ပေါ်တီကိုအောက်မှာရပ်ပြီး ကားပေါ်က အဆင်းမှာ ထံပါးသို့ သီတာ ရောက်လာ၏။

'မမနီလာ မရှိဘူး'

'ဟာ… နီလာ မရှိဘူး၊ ဟုတ်လား'

'နေစမ်းပါဦး၊ ကိုလွင့်ကို မေးစမ်းပါရစေ'

သီတာ့ မျက်နှာက တည်သွားသည်။

'သီတာ့ဆီကို လာတာလား၊ မမနီလာဆီကို လာတာလား'

သူ ချက်ချင်းဖြေရသည်။

'ဟာ… သီတာ့ဆီ လာတာပေါ့၊ သီတာက ကိုယ့်ချစ်သူပဲဟာ'

'ဟုတ်ရဲ့လား၊ ကိုလွင် ဘရိန်းကောင်းလာပါပြီနော်'





ကိုယ့်ကိုယ်ကိုယ်ပင် ဦးနှောက်မှန်မမှန် ပြန်စဉ်းစားရတော့၏။ သူ့အဖြစ်ကို ကြည့်ပြီး သီတာက ခိုးခိုးခစ်ခစ် ရယ်သည်။

သည်အရယ်အပေါ်မှာ သူ့စိတ်မလုံသလိုလည်း ဖြစ်သွားရပြန်၏။

'မမနီလာ… သူ့သူငယ်ချင်းမွေးနေ့သွားတယ်'

'ဟုတ်လား'

'ညနေကျမှပြန်လာမှာ'

'အန်ကယ်နဲ့ အန်တီရော ရှိတယ် မဟုတ်လား'

'မရှိဘူး၊ ကိုလွင်နဲ့ သီတာ နှစ်ယောက်တည်း'

သူ မျက်စိမျက်နှာပျက်သွားသည်ကို သီတာက စွေစောင်းစောင်းကြည့်ပြီး…

'ခုတလော ဘယ်လိုဖြစ်နေမှန်းကို မသိဘူး၊ သိပ်မုန်းဖို့ကောင်းတာပဲ၊ နေပါဦး၊ ဖေဖေနဲ့မေမေ မရှိဘူးဆိုတာနဲ့ မျက်နှာက ဘာလို့ပျက်သွားရတာလဲ'

'မပျက်ပါဘူး'

'ဘယ်သူမှမရှိရင် သူ့ကို ကိုက်စားမှာကျနေတာပဲ၊ ဘာမှ သွေးပျက်မနေနဲ့၊ အပေါ်ထပ်မှာ မေမေ ရှိတယ်'



www.burmeseclassic.com

www.burmeseclassic.com



သူ ပင့်သက်ချသည်ကို သီတာကတော့ သိမည် မဟုတ်။

ဆက်တီမှာ သူ ခြေပစ်လက်ပစ်ထိုင်တော့…

'ထိုင်မနေနဲ့သွားမှာ'

'ဘယ်ကိုသွားမှာလဲ သီတာ'

'ရုပ်ရှင်လေ၊ သမ္မတရုံက ကားကို ကြည့်ချင်နေတာ၊ ခုနေသွား အတော်ပဲ'

သူ ခပ်တွေတွေလေးဖြစ်နေဆဲမှာ အန့်တီခင်သော်တာ အပေါ်ထပ်မှ ဆင်းလာသည်။

'မေမေ… သမီးနဲ့ကိုလွင် ရုပ်ရှင်သွားမလို့၊ ကိုလွင် ခဏလေးနော်၊ အဝတ်အစားလဲရုံ တက်လဲလိုက်မှာ'

သီတာ အပေါ်ထပ်ပြေးတက်သည်။

သည်နေ့အန့်တီခင်သော်တာ၏ အကြည့်တွင် သူ့ကို အားနာသည့်အရိပ်ရောင်များ လွှမ်းမိုးနေသည် သူ သတိပြုမိပါ၏။

နောက်ပြီး…

သူ့ကို ဆိုရန်စကားတွေရှိနေပုံရပါသည်။ အန့်တီခင်သော်တာ အပေါ်ထပ်သို့ မျက်လုံးတဝေ့အကြည့်မှာပင် သီတာ





အောက်ထပ်သို့ အပြေးအလွှားပြန်ဆင်းလာ၏။

'သွားမယ်လေ၊ ဘာလို့ သီတာ့ကို ကြောင်တောင် တောင်ကြီး ကြည့်နေတာလဲ'

ခုမှ သူ သက်ဝင်လှုပ်ရှားလာရသည်။

● ● ●

ရင်ခုန်မှုသည် စိတ်၏သာယာမှုမဟုတ်သည်ကို ကိုယ့် ဘာသာကို သိသည်။

ရုပ်ရှင်ကားက ရုံတင်ရက်ကြာထားသဖြင့် အထူးတန်း မှာ အတွဲသုံးလေးတွဲနှင့် လူအနည်းအကျဉ်းလောက်သာရှိသည်။ ရုပ်ရှင်စပြ မီးအမှောင်ချသည်နှင့် သီတာက သူ့ရင်ခွင်ကို ခေါင်းကလေးနွဲ့ဝင်သည်။

သူ့စိတ်တွေ ကယောင်ချောက်ချားဖြစ်နေရသည်ကို သီတာကတော့ သိမည်မဟုတ်။ အရုပ်တစ်ရုပ်လိုဖြစ်နေသော သူ့ကို သီတာက…

'ဘာလိုဖြစ်နေတာလဲ'

ဟုဆိုပြီး သူ့လက်နှစ်ဖက်ကို သူမ၏ ရင်ညွှန့်အရပ် အပေါ် တင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ခေါင်းမွေးတွေ ပြန်ချင်လာ၏။ အတွေးမှာ နီလာ့ကို လည်းမြင်သည်။ ပုံရိပ်မှာ နီလာ့မျက်လုံးကြီးတွေက စိမ်းဖန့်နေ၏။

အမေရိကန်ရုပ်ရှင်ဇာတ်ကား၏ ခပ်ကြမ်းကြမ်းအနမ်းများသည် သူနှင့်သီတာကို အသက်ရှူမှားလောက်အောင် ဖြစ်စေပါသည်။

အံ့ဩစရာကောင်းသည်က သီတာသည် သူ၏ လက်ချောင်းလေးများကို ဆုပ်နယ်ပွတ်သပ်ရင်း စကားပပြောဘဲ အတန်ကြာမျှ ငြိမ်သက်သွားသည့်အဖြစ်။

သီတာက သူ၏ ဘယ်ဘက်လက်ချောင်းလေးများကို တစ်ချောင်းချင်း ပွတ်သပ်နေရင်းမှ အားပျော့သောအလင်းရောင်အောက်ဝယ် သူ့ဘယ်လက်ကို ထောင်ကြည့်သည်။

သည်မှာ သူ ဘယ်လိုမှ မမျှော်လင့်သော အဖြစ်ကို ရင်ဆိုင်ဆုံတွေ့လိုက်ရပါ၏။

သီတာက ထိုင်ရာမှ ဆတ်ခနဲ ထသည်။

'ဘာဖြစ်တာလဲ သီတာ'

'ကျွန်မ ပြန်မယ်'

'သီတာ နေမကောင်းလို့လား'





'မဟုတ်ဘူး၊ ကျွန်မ ရှင်နဲ့ရုပ်ရှင်ကြည့်စရာအကြောင်း မရှိဘူး'

လှည့်ထွက်အသွားမှာ သူ ထိုင်နေလို့မဖြစ်တော့။ သီတာ့နောက်က အပြေးကလေးလိုက်သည်။

'သီတာ… သီတာ'

အော်ခေါ်သော်လည်း သီတာက နောက်ကြောင်းကို တစ်စက်လေးမှ မကြည့်တော့။ ရုပ်ရှင်ရုံအပြင်ဘက်သို့ ရောက်သောအခါ ရပ်ထားသည့်ကားဆီသို့ သီတာက မသွား။ လမ်းပေါ်ထွက်ရပ်ပြီး တက္ကစီအငှားကားကို လက်ရပ်တားနေ၏။

သူ သီတာ့ထံပါးသို့ အပြေးကလေးသွားပြီး သီတာ့လက်ကို ဖမ်းဆွဲသည်။

'ရှင် ကျွန်မကို မကိုင်နဲ့လေ'

'ဘယ်လိုဖြစ်သွားရတာလဲ သီတာရယ်'

'ကျွန်မ စိတ်တွေပြောင်းသွားပြီ'

'ဟင်…'

'ရှင်ဟာ ကိုလွင်မဟုတ်ဘူး၊ ကျွန်မ ချစ်သူက သေဆုံးခဲ့ပြီပဲ'

'ဟာ…'



www.burmeseclassic.com

www.burmeseclassic.com



သူ အံ့အားတသင့်ဖြစ်နေခဲ့မှာ သီတာက အငှားကားပေါ် ရောက်နေပြီ။ ကားဘီးလိမ့်အထွက်မှာ သီတာ့ကို တင်ဆောင်သွားသည့် အဖြူရောင်တက္ကစီကားကလေးကို သူ ရပ်ပြီး အငေးသားကြည့်နေမိတော့၏။

☯ ☯ ☯



(၃၄)

အိမ်ပြန်ရောက်တော့ သူ ခြေကုန်လက်ပမ်းကျနေသည်။

အောင်စံဖြူက သူ ပြောပြသည့်စကားများကို နားထောင်ရင်း ပါးစပ်အဟောင်းသားဖြစ်နေ၏။

'အစ်ကိုလေး ပန်းတော်ဝင်ကို ဖုန်းဆက်မေးဖို့ကောင်းတယ်၊ သီတာ ပြန်ရောက်မရောက်ဆိုတာ'

'မေးတာပေါ့၊ အန်တီ ခင်သော်တာနဲ့ တွေ့တယ်၊ သမီး ပြန်ရောက်နေတယ်တဲ့၊ မောင်ချစ်ဦးမောင် ပန်းတော်ဝင်ကို လာခဲ့ပါဦးတဲ့၊ ဖုန်းထဲမှာ အန်တီခင်သော်တာ အသံဟာ ကွဲအက်အက်နဲ့ကွ၊ ဘာတွေဖြစ်နေကြလဲ မသိပါဘူးကွာ'



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုလေး သွားလိုက်လေ'

'ဟာ… ငါ မသွားချင်တော့ဘူး အောင်စံဖြူ၊ နီလာကလည်း ပြန်မရောက်သေးဘူး၊ ကောင်မလေးက ငါ သူ့ကိုလွှင် မဟုတ်ဘူးဆိုတာ သိသွားမှတော့ သီတာကို ငါတွေ့စရာအကြောင်း ဘာမှမရှိတော့ဘူး'

ပပဝတီက သူ့အတွက် အအေးတစ်ခွက်ဖျော်လာသည်။

'ဘာပဲဖြစ်ဖြစ် ဝမ်းသာစရာပဲ အစ်ကိုလေး'

'အေးလေ၊ သူ အတိတ်ကို ပြန်သတိရတာ ဝမ်းသာစရာတော့ ကောင်းတာပေါ့၊

'ဒါပေမဲ့ သူ့စိတ်တွေ ထွေပြားနေ ချိန်မှာ ငါ သူ့ကို အခွင့်အရေးတွေ ယူသွားတယ်လို့ တစ်ဖက်သတ်ထင်ရင် ငါ သေပြီပေါ့'

'အဲဒီအတွက်များ ပူစရာလား အစ်ကိုလေးရာ၊ သူ့အစ်မနီလာက တာဝန်ယူ ရှင်းပြမှာပေါ့၊ နောက်ပြီး သည်ဓာတ်လမ်းတွေက မနီလာဖန်တီးတဲ့ ဓာတ်လမ်းတွေ၊ အစ်ကိုလေးရဲ့ ကိုယ်ကျင့်သိက္ခာကို ယုံကြည်လို့လည်း မနီလာက အကူအညီတောင်းခဲ့တာပဲဟာ၊ နောက်ပြီး သီတာရဲ့ စိတ်ဝေဒနာကို အားလုံးဝိုင်းပြီး ကုစားပေးကြတာပဲဟာ'

'မှန်တယ်ကွာ၊ မင်းပြောတာ မှန်တယ်၊ ရုပ်ရှင်ရုံထဲမှာ သီတာ ရုတ်တရက်ကြီး စိတ်ပြောင်းသွားတော့ ငါ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဖြစ်သွားတာ၊ ဒါပေမဲ့ ငါ သူ့နောက်ကို လိုက်ပြီးတားပါသေးတယ်'

အောင်စံဖြူက အသံထွက်အောင် ရယ်ပြီး…

'အစ်ကိုလေး ကံကောင်းတယ်မှတ်'

'ဘာကိုလဲ'

'အစ်ကိုလေးဟာ သူ့ကိုလွှင် မဟုတ်မှန်းသိတဲ့အချိန်မှာ အစ်ကိုလေးကို ထမရိုက်တာ ကံကောင်းတာပေါ့'

'အေးကွာ… ဟုတ်ပါရဲ့၊ ငါ့ကို ထများဆော်လိုက်ရင် လူတောထဲမှာ အရှက်ဟက်တက်ပဲ'

ပင့်သက်ကြီးကို မှုတ်ထုတ်ရသည်။

ဖောချွေးတွေ ပြန်ခဲ့သော်လည်း သူ့စိတ်တစ်ခုလုံး ပေါ့ပါးစွာ ခံစားနေရသည်ကိုတော့ ကိုယ့်ကိုယ်ကိုယ် သိသည်။

နောက်ပြီး…

သူ သည်နေ့တစ်နေ့လုံး ဘယ်မှမသွားဘဲ နီလာ့ဆီက ဖုန်းအလာကို မျှော်ရပါမည်။





www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ်…

နီလာ ရောက်အလာကို စောင့်စားရပါမည်။



(၃၅)

ညှို့ခန်းလှမ်းအဝင်မှာ ဖေဖေနှင့်မေမေ ဆိုဖာပေါ်မှာ မျက်နှာငယ်လေးတွေနှင့် ထိုင်နေကြ၏။

နီလာက ဖေဖေနှင့်မေမေ မျက်နှာကို အကဲခတ်သလို ကြည့်ရင်း…

'ဖေဖေနဲ့ မေမေ ဘာဖြစ်နေတာလဲ၊ မျက်နှာလည်း မကောင်းဘူး'

မေမေက…

'မပြောချင်တော့ပါဘူး သမီးကြီးရယ်'

သူမ မျက်မှောင်ကို ပိုမိုကြုတ်လိုက်၏။ မေမေ့ဘေးနား သွားထိုင်ပြီး…

'ရင်ထိတ်လိုက်တာ မေမေရယ်၊ ဘာတွေဖြစ်ကုန်တာ လဲ၊ သမီးကို ပြောပါဦး'



www.burmeseclassic.com

www.burmeseclassic.com



'နေ့လယ်က မောင်ချစ်ဦးမောင်လာတယ်၊ သမီးငယ်က ရုပ်ရှင်အတင်းလိုက်ပြခိုင်းလို့ သူ့ခမျာ လိုက်ပြရှာပါတယ်ကွယ်၊ နှစ်ယောက်သားထွက်သွားပြီး အတော်ကြီးကြာတော့ သမီးငယ် တစ်ယောက်တည်း ပြန်ရောက်လာတယ်၊ မေမေတို့က လူလိမ်တစ်ယောက်ကို အိမ်ပေါ်ခေါ်တင်လာတာပဲ၊ ဒီလူက ကိုလွင် မဟုတ်ဘူးဆိုပြီး အော်ဟစ်ဆူပူတော့တာ'

'ဟင်… အခြေအနေတွေက သည်လိုပဲ ပြောင်းလဲသွားပြီလား မေမေ၊ ခု ညီမလေးရော'

'အပေါ်ထပ်မှာ၊ အဝတ်အစားတွေ သေတ္တာထဲထည့်ပြီး ပါရမီက သူ့ကြီးကြီးနဲ့သွားနေတော့မယ်ဆိုပြီး ပြင်ဆင်နေလေရဲ့'

နီလာ အပေါ်ထပ်သို့ အပြေးကလေးတက်ခဲ့သည်။ ခပ်ဟဟဖြစ်နေသည့် သီတာ့အိပ်ခန်းတံခါးကို တွန်းဖွင့်ပြီး အခန်းထဲဝင်လိုက်သည်။

'ညီမလေး'

'ဟင်… မမနီလာ'

နီလာက ခုတင်စောင်းမှာ ဝင်ထိုင်ရင်း သီတာ့ကို မမှိတ်မသုန် စူးစိုက်ကြည့်ပြီး…





'မေမေပြောပြလို့ မမနီလာ အကျိုးအကြောင်းအားလုံးကို သိပြီးပြီ သီတာ'

'ဟုတ်လား၊ ဒါဆို လူလိမ်တစ်ယောက် အိမ်မှာ အဝင်အထွက်ပြုနေတာကို မမနီလာ သိပြီပေါ့'

သူမ ရင်မှာ ခပ်လှိုက်လှိုက်ကလေး ဖြစ်သွားရသည်။ သတိကို ပြန်လည်ထိန်းချုပ်ပြီးမှ…

'ကိုဦးကို အထင်မလွဲပါနဲ့ သီတာ'

သီတာက သူမ မျက်နှာကို ဖျတ်ခနဲကြည့်ပြီး…

'ကိုဦးတဲ့လား၊ သည် ကိုဦးဆိုတဲ့လူက ညီမလေးသာ ဘဝမှန်ကို မသိခဲ့ရင် ညီမလေးဘဝကို ဘယ်အထိစိုးမိုးသွားမယ်ဆိုတာ မမနီလာ စဉ်းစားမိရဲ့လား'

'ပြောပါ၊ ညီမလေးပြောချင်တာတွေ အကုန်ပြော၊ မမနီလာ နားထောင်မယ်၊ အေး… မမနီလာ ပြောအလှည့်ကျရင်တော့ ညီမလေးက စိတ်ရှည်ရှည် စိတ်ငြိမ်ငြိမ်ထားပြီး နားထောင်ပေးဖို့တော့လိုမယ်'

သီတာက အဝတ်သေတ္တာကို ပိတ်ပြီး သူမနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံမှာ ဝင်ထိုင်သည်။

'သည်လူ့ကို ကိုလွင်လို့ပဲ ထင်နေခဲ့တာ၊ သည်နေ့



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်အတူကြည့်တော့မှ လူလိမ်၊ လူညာတစ်ယောက်ဆိုတာ ညီမလေး အသေအချာသိလိုက်ရတာ မမနီလာ၊ သိတဲ့အချိန်မှာ ညီမလေးစိတ်တွေ မှိုင်းမှိုင်းဝေဝေဖြစ်သွားပြီး အလင်းတန်းတစ်ခုကို တွေ့မြင်သလိုလည်း ခံစားရတယ်'

သူမက ငြိမ်သက်စွာ နားထောင်သည်။

'ကိုလွင့်မှာ လျှို့ဝှက်ချက်တစ်ခုရှိပါတယ်၊ သည်လျှို့ဝှက်ချက်ကိုလည်း ကိုလွင့်မိသားစုနဲ့ ညီမလေးကလွဲပြီး ဘယ်သူမှမသိဘူး၊ ဘယ်သူမှမသိအောင်လည်း ကိုလွင်က သတိကြီးကြီးနဲ့ ထိန်းထိန်းသိမ်းသိမ်းနေတယ်'

သူမ မျက်မှောင်ကြုတ်လိုက်သည်။ မောင်ကိုလွင်ကိုလည်း အတွေးမှာ ပြန်မြင်၏။ ဖြူဖြူစင်စင် ရိုးရိုးသားသား လူငယ်တစ်ယောက်ပါပဲ။

'တခြား ဘာမှမဟုတ်ပါဘူး၊ ကိုလွင့် ဘယ်ဘက်လက်သန်းကလေးရဲ့ အတွင်းပိုင်းမှာ လက်ဖွားအသေးလေး တစ်ခုရှိတာပါပဲ မမနီလာ'

'ဟုတ်လား'

'ဟုတ်တယ်၊ ကိုဦး လူလိမ်ဆိုတာ သိရတာက ရုပ်ရှင်ကြည့်ရင်း သူ့ဘယ်လက် လက်ချောင်းလေးတွေကို ညီမလေး





ဆုပ်ကိုင်မိတာက စတာပါပဲ မမနီလာ၊ 'အဲဒီအချိန်မှာ ညီမလေး ခေါင်းတွေထူပူသွားပြီး သတိတစ်ခုကို ပြန်လည်ရရှိခဲ့တယ်၊ အဲဒီမှာ ကိုဦးဟာ ဘယ်လိုမှ ကိုလွင်မဖြစ်နိုင်မှန်း သိလိုက်ရတော့တာပဲ'

'ကိုဦးကို ညီမလေး အရမ်းမုန်းတီးသွားတယ်လား'

'မုန်းတာပေါ့၊ သည်လူက လူလိမ် လူညာပဲ'

'ညီမလေး မုန်းတီးတဲ့၊ ညီမလေးက လူလိမ်လူညာလို့ သတ်မှတ်တဲ့ ကိုဦးဟာ မပချစ်သူပဲ'

'ဟင်. . .'

'ညီမလေး အံ့သြသွားသလား၊ အကြောင်းအရာတွေ အားလုံးကို မမနီလာ ပြောပြမယ်၊ ရှင်းပြမယ်၊ မမနီလာ ရှင်းပြတာကို နားလည်သဘောပေါက်ရင် ကိုဦးအပေါ်ထားတဲ့ ညီမလေးရဲ့ အမျက်ပြေပါစေလို့ပဲ မမနီလာ ဆုတောင်းပါတယ်'

နီလာ ပင့်သက်ကို ဖွဖွချသည်။

သည့်နောက် သီတာ နားလည်သဘောပေါက်နိုင်မည့် စကားလုံးများကို ရွေးချယ်ပြီး ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများကို ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



သီတာက သူမပြောသမျှကို မျက်လုံးဝိုင်းကလေးနှင့် နားထောင်ရင်း သူမ၏ လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ထားသည်။

သူမ စကားဆုံးတော့မှ…

'မမနီလာရယ်… ညီမလေး ဘာပြန်ပြောရမှန်းတောင် မသိတော့ပါဘူး'

'ညီမလေး သတိလက်လွတ်ဖြစ်နေတဲ့အချိန်မှာ ကိုဦးဟာ သစ္စာတရားကို ကြီးကြီးမားမားထားခဲ့ပါတယ် သီတာ၊ ယောကျ်ားတွေမှာထားနိုင်ခဲ့တဲ့ အရည်အချင်းမျိုးကိုလည်း ကိုဦးက ပိုင်ဆိုင်ပါတယ်၊ အကူအညီတောင်းစဉ်က ကိုဦးက ခါးခါးသီးသီးပါ၊ နောက်ဆုံး မမနီလာကို ချစ်မြတ်နိုးစိတ်နဲ့ ကိုဦးက အယောင်ဆောင်ကူညီခဲ့တာပါ'

သီတာက ခေါင်းကို ငုံ့ထားသည်။

မျက်ရည်တစ်ဥက ပါးပြင်ပေါ်ပြုတ်ကျ၏။

'ညီမလေး ဘယ်မှမသွားပါနဲ့ကွယ်'

သီတာ ငြိမ်နေသည်။

'ဖေဖေ မေမေတို့အရိပ်၊ မမနီလာရဲ့အရိပ်မှာ ညီမလေး အေးချမ်းပျော်ရွှင်စွာနေပါ၊ ညီမလေးကြောင့် ဖေဖေ မေမေတို့ စိတ်ဝမ်းကြည်သာပါစေကွယ်၊ ကဲ… ထ၊ မမနီလာ





တို့ အောက်ဆင်းရအောင်၊ သည်ညနေအေးရဲ့ မိသားစုထမင်းဝိုင်းဟာ မမနီလာတို့အတွက် မမေ့နိုင်တဲ့ အထိမ်းအမှတ်တစ်ခုပါပဲ'

ဖေးမတွဲခေါ်ပြီး အောက်ထပ်ဆင်းခဲ့သည်။ သူမနှင့် သီတာ အောက်ရောက်တော့ ဖေဖေနှင့်မေမေ ထံပါးသို့ အပြေးရောက်လာသည်။

သည်နေ့သည် အမှတ်တရနေ့မှ တကယ့်ကို အမှတ်တရနေ့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

## (၃၆)

အဒေါ်သုံးယောက်ရှေ့မှာ နီလာက မနေတတ် မထိုင်တတ်နှင့် ရှက်ရိပ်ကဲနေ၏။ ဒါကို အကင်းပါသည့် အဒေါ်အငယ်ဆုံး ဒေါ်လေးဝေက…

'မရှက်ပါနဲ့ သမီးရယ်၊ ဒေါ်လေးတို့ညီအစ်မတွေက သမီးကို မြင်ဖူးချင်လွန်းလို့ ခေါ်လာဖို့ မောင်ဦးကို ပြောနေတာ ကြာပြီ၊ ဟိုကောင်က နေ့ရွှေ့ညရွှေ့နဲ့ ခုမှပဲ တူမချောကို မြင်ရတော့တယ်'

ဒေါ်လေးခင်မိုးဆွေကလည်း နီလာ၏ လက်ချောင်းလေးများကို ဆုပ်ကိုင်ရင်း…

'မန္တလေးက ကိုကိုကြီးက သူ့သားကို အိမ်ထောင်ချထားပေးချင်တာ၊ ညကျရင် ဒေါ်လေးတို့က ကိုကိုကြီးကို





ဖုန်းဆက်အကြောင်းကြားရမယ်လေ၊ ကြောင်းလမ်းဖို့အတွက် ကိုကိုကြီးတို့လင်မယား နေ့မဆိုင်း ညမဆိုင်း ရောက်ချလာမှာ'

နီလာ့မျက်နှာမှာ အပြုံးတွေရှိနေသော်လည်း ရှက်ရိပ်ကတော့ မပြယ်သေးချေ။ ဒေါ်လေး ခင်မိုးမြေကလည်း နီလာ့ကို ရွှန်းရွှန်းစားစားကြည့်ပြီး…

'ကိုယ့်အဒေါ်တွေဖြစ်သွားပြီနော်၊ လက်ပွန်းတတီးနေရတော့မယ်'

ညနေစာကို ဒေါ်လေးတို့နှင့်အတူစားသည်။ ညနေအတော်စောင်းလောက်မှ သူက နီလာ့ကို ပန်းတော်ဝင်ကို ပြန်ပို့သည်။

ကားကို ခြံဝမှာပဲရပ်တော့ နီလာက…

'ဝင်လေ'

'မဝင်ရဲဘူး'

'ဘာဖြစ်လို့လဲ'

'အယောင်ဆောင်ကောင်ကြီးကို သိတာ ထွက်ရိုက်မှာစိုးလို့'

ပြောပြီး သူနှင့် နီလာ လွတ်လပ်ပေါ့ပါးစွာ ရယ်မောလိုက်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်လွတ်လပ်သော အရယ်များကြားဝယ် အချစ်သည် ပိုမိုခိုင်ခံ့သွားသည်ကိုတော့ နှစ်ဦးသား နားလည်ထားကြပါ၏။

ပျော်ရွှင်ချမ်းမြေ့ကြပါစေ

မောင်သာပြည့်

BURMESE CLASSIC .com



www.burmeseclassic.com